# မြဝတီ နေ့စဉ်

မှန်ရမည်၊ မြန်ရမည် ပြည်သူ့အတွက် မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၂၉၆)

၁၃၈၆ ခုနှစ်၊ တပို့တွဲလဆန်း ၁၁ ရက်
၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီ ၈ ရက်၊ စနေနေ့


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

သဒ္ဓါတရားလည်းရှိ၊ သီလနှင့်လည်းပြည့်စုံ၊ အခြံအရံလည်းများ၊ စည်းစိမ်ဥစ္စာလည်း ရှိသောသူသည် သွားလေရာရာအရပ်ရပ်၌ အပူဇော်ခံရ၏။ **ဓမ္မပဒ**

**ဒို့တာဝန်အရေးသုံးပါး**

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

## မန္တလေးတိုင်းဒေသကြီး၊ အင်းဝမြို့ဟောင်းရှိ လောကသရဖူဘုရားကြီးနှင့် မောင်အိုအုတ်လမ်းထိန်းသိမ်းထားရှိမှုတို့အား သွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၇

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ မန္တလေးတိုင်းဒေသကြီး၊ အင်းဝမြို့ဟောင်းရှိ လောကသရဖူဘုရားကြီးနှင့် မောင်အိုအုတ်လမ်း ထိန်းသိမ်းထားရှိမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များသည် လောကသရဖူဘုရားကြီးသို့ရောက်ရှိကြပြီး အုတ်ပြာသာဒ်တော်အတွင်းရှိ လောကသရဖူရုပ်ပွားတော်ကြီးအား ဖူးမြော်ကြည်ညိုပြီး ပန်း၊ ရေချမ်း၊ ဆီမီးကပ်လှူပူဇော်သည်။ ထို့နောက် ဘုရားကြီးအတွင်းအပြင်နှင့် လောကသရဖူရုပ်ပွားတော်မြတ်ကြီး ကိန်းဝပ်စံပယ်ရာ အုတ်ပြာသာဒ်၏ အနောက်ဘက်ကပ်လျက်တွင်

**စာမျက်နှာ ၁၆ ကော်လံ ၁** ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မဟာလောကသင်းကျစ်စေတီတော်ကြီးအား လက်ယာရစ်လှည့်လည် ပူဇော်ပြီး ပရိဝုဏ်တော်အတွင်းရှိ သာသနိကအဆောက်အဦများထိန်းသိမ်းထားရှိမှုများကို ကြည့်ရှုစစ်ဆေးစဉ်။




## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီ ၈ ရက်)

# နိုင်ငံတော်တည်ဆောက်ရေးတွင် လက်တွဲပါဝင်ရေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်(၉)ရပ်တို့ကိုချမှတ်ကာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ရှေးရှုဆောင်ရွက်လျက်ရှိသည်။ တည်ငြိမ်အေးချမ်းရေးနှင့်ဒီမိုကရေစီအသွင်ကူးပြောင်းရေးအတွက် လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး ပြင်ဆင်လျက်ရှိသည်။ နိုင်ငံတော်၏ရှေ့လုပ်ငန်းစဉ်(၅)ရပ်တွင်ပါရှိသည့် “နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်” ဆိုသည့်အတိုင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို နိုင်ငံတော်ဘက်က စဉ်ဆက်မပြတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းရင်းသားပြည်သူများအားလုံး ကိုယ်စိတ်နှလုံးချမ်းသာစွာနေနိုင်ရေးအတွက် ငြိမ်းချမ်းရေးကိုဆောင်ရွက်နေချိန်တွင် တိုင်းရင်းသားလက်နက်ကိုင်များအနေဖြင့် မိမိတို့၏ဆန္ဒနှင့် မိမိအဖွဲ့အစည်းအကျိုးစီးပွားထက် ဖြစ်သင့်ဖြစ်ထိုက်သည့် ပြည်ထောင်စုနှင့်တိုင်းရင်းသားပြည်သူအားလုံး၏ အကျိုးစီးပွားကိုစိတ်ရင်းစေတနာမွန်ဖြင့် ရှုမြင်သုံးသပ်ကာ ပြည်ထောင်စုငြိမ်းချမ်းရေးကိုရှေးရှုတွေးမြင်လုပ်ဆောင်ကြရမည်ဖြစ်သည်။ မိမိတို့နေထိုင်ရာဒေသရှိပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားရေးနှင့်မျိုးဆက်သစ်လူငယ်များ၏အနာဂတ်ဘဝလှပရေးကို ငြိမ်းချမ်းရေးတည်ဆောက်ခြင်းဖြင့် ဆောင်ရွက်ပေးကြရမည်ဖြစ်သည်။

ရှမ်းပြည်နယ်သည် တိုင်းဒေသကြီးနှင့်ပြည်နယ်များအားလုံးအနက် ဧရိယာအကျယ်ပြန့်ဆုံးဖြစ်ပြီး တိုင်းရင်းသားမျိုးနွယ်စုအများဆုံး မှီတင်းနေထိုင်လျက်ရှိသည့်ပြည်နယ်ကြီးဖြစ်သည်။ ရှမ်းပြည်နယ်အတွင်း တိုင်းရင်းသားများသည် ကာလရှည်ကြာအတူယှဉ်တွဲစုပေါင်းနေထိုင်လျက်ရှိကြသည်။ ဤသို့နေထိုင်လျက်ရှိခြင်းမှာ ပြည်ထောင်စုစိတ်ဓာတ်ဖြင့်စည်းလုံးညီညွတ်မှုကိုဖော်ပြခဲ့သည့်အစဉ်အလာကောင်းပင်ဖြစ်သည်။

မြန်မာနိုင်ငံကို ဗြိတိသျှတို့နယ်ချဲ့သိမ်းပိုက်ပြီးသည်မှစ၍ ယခင်ကမခွဲမခြား၊ မကွဲမပြား နေထိုင်ခဲ့ကြသည့် တောင်တန်းဒေသနှင့်မြေပြန့်ဒေသကို နယ်ချဲ့တို့က နည်းပရိယာယ်မျိုးစုံဖြင့်သွေးခွဲအုပ်ချုပ်ခဲ့ကြသည်။ မြန်မာနိုင်ငံအား လွတ်လပ်ရေးပေးရမည့်အခြေအနေတွင်ပင် တောင်တန်းဒေသများကိုချန်လှပ်ပြီး ဆက်လက်သွေးခွဲအုပ်ချုပ်ရန်ကြိုးပမ်းခဲ့သည်။ ထို့ကြောင့် ရှမ်းပြည်ပဒေသရာဇ်ကောင်စီဝင် စော်ဘွားများနှင့် ရှမ်းပြည်နယ်ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်မှ လူထုကိုယ်စားလှယ်များက ရှမ်းပြည်နယ် ပင်လုံမြို့တွင် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၃ ရက်မှ ၆ ရက်အထိဆွေးနွေးခဲ့ကြပြီး ဖော်ဖော်ဝါရီလ ၇ ရက်တွင် လူထုကိုယ်စားလှယ်ခုနစ်ဦး၊ စော်ဘွားများကိုယ်စားလှယ်ခုနစ်ဦးတို့ပါဝင်သော ရှမ်းပြည်နယ်ကောင်စီအမှုဆောင်အဖွဲ့ကိုအောင်မြင်စွာဖွဲ့စည်းခဲ့ကြသည်။ ရှမ်းပြည်နယ်ရှိ ပဒေသရာဇ်စော်ဘွားများနှင့်လူထုခေါင်းဆောင်များ၏ညီညွတ်မှုကိုအရင်းခံသော ဆုံးဖြတ်ချက်သည် သမိုင်းဝင်ပင်လုံစာချုပ်ကြီးနှင့် ပြည်ထောင်စုနေ့ဖြစ်ပေါ်လာရေးအတွက် ခိုင်မာသောအုတ်မြစ်ဖြစ်သည့် ဖေဖော်ဝါရီလ ၇ ရက်ကို ရှမ်းပြည်နယ်နေ့အဖြစ်သတ်မှတ်ဂုဏ်ပြုကျင်းပခဲ့သည်မှာ ယခုအခါ(၇၈)နှစ်တိုင်ခဲ့ပြီဖြစ်သည်။ ရှမ်းပြည်နယ်နေ့ပေါ်ပေါက်လာရခြင်းသည် နယ်ချဲ့တို့၏သွေးခွဲအုပ်ချုပ်မှုကိုတွန်းလှန်နိုင်ခဲ့ကြသည့် သမိုင်းဖြစ်ရပ်ကြီးနှင့် တစ်ဆက်တစ်စပ်တည်းဖြစ်ပြီး မြန်မာနိုင်ငံလွတ်လပ်ရေးခရီးကို အထောက်အပံ့ကောင်းဖြင့်ဖြောင့်တန်းစေခဲ့သောကြောင့် တိုင်းရင်းသားများအတွက် ထူးခြားလေးနက်သောနေ့ထူးနေ့မြတ်ဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်သည် (၇၈)နှစ်မြောက်ရှမ်းပြည်နယ်နေ့အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာတွင် **“တိုင်းရင်းသားစည်းလုံးညီညွတ်မှုသည် နိုင်ငံတစ်နိုင်ငံအေးချမ်းတည်ငြိမ်မှုနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲနေစေရေးအတွက် အသက်တမျှအရေးကြီးပါသည်။ ထို့အပြင် နိုင်ငံတစ်နိုင်ငံတိုးတက်ရေးအတွက် ကြီးမားသောမောင်းနှင်အားတစ်ရပ်ဖြစ်သည့်အတွက်လည်း တိုင်းရင်းသားညီအစ်ကိုများအကြား သံသယများဖယ်ရှားကာဆွေးနွေးညှိနှိုင်းခြင်းဖြင့် ထာဝရငြိမ်းချမ်းရေးရရှိအောင် တည်ဆောက်သွားကြရမည်ဖြစ်ပါသည်။ လက်နက်ကိုင်အဖွဲ့အစည်းများရှိသည့်နယ်မြေဒေသများရှိဒေသခံပြည်သူများသည် နိုင်ငံနှင့်ပြည်သူတို့၏အကျိုးစီးပွားကိုထိခိုက်စေသည့် အကြမ်းဖက်မှုများနှင့်တိုက်ခိုက်မှုများကို စိတ်ကုန်မုန်းတီးနေကြပြီဖြစ်ပါသည်။ မိမိတို့၏လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့်လုံခြုံအေးချမ်းစွာနေထိုင်နိုင်ရေးတို့ကို များစွာတောင့်တလျက်ရှိကြသော ပြည်သူအားလုံး၏ဆန္ဒကိုထည့်သွင်းစဉ်းစားကြရန်အသိပေးလိုပါသည်”**ဟူ၍ ထည့်သွင်းဖော်ပြထားသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့်ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်နိုင်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့်ဆက်လက်ဆောင်ရွက်လျက်ရှိသည်။ တိုင်းရင်းသားပြည်သူများအနေဖြင့် ပြည်ထောင်စုကြီးငြိမ်းချမ်းသာယာရေးနှင့်ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်ကိုတည်ဆောက်ရာတွင် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့်အတူ လက်တွဲပူးပေါင်းဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

# (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အကြို ကာယ၊ ဉာဏပြိုင်ပွဲများကျင်းပလျက်ရှိ

**ပခုက္ကူ ဖေဖော်ဝါရီ ၇**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်ရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ပြီး ခေတ်ပညာတတ်မျိုးဆက်သစ်လူငယ်များဖြစ်လာစေရန်၊ နိုင်ငံတော်၏နေ့ထူးနေ့မြတ်များအကြောင်း အစဉ်အမြဲအောက်မေ့သတိရစေရန်နှင့် အမြတ်တနိုးတန်ဖိုးထားထိန်းသိမ်းကာကွယ်စောင့်ရှောက်တတ်စေရန်ရည်ရွယ်၍ (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အကြို ကာယ၊ ဉာဏပြိုင်ပွဲများကျင်းပလျက်ရှိသည်။

အဆိုပါပြိုင်ပွဲများတွင် ပခုက္ကူမြို့နယ်အဆင့် အထက်တန်း၊ အလယ်တန်းနှင့်မူလတန်းအဆင့်အလိုက် စာစီစာကုံး၊ ကဗျာ၊ ကျပန်းစကားပြော၊ ပန်းချီစသည့်ဉာဏပြိုင်ပွဲများ၊ ဘောလုံး၊ ပိုက်ကျော်ခြင်း၊ အပြေးနှင့်အခြားအားကစားများ စသည့်ကာယပြိုင်ပွဲများကိုကျင်းပရာ အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်သည်။

အဆိုပါပြိုင်ပွဲများတွင် ထူးချွန်ဆုရရှိသူများအား (၇၈) နှစ်မြောက်ပြည်ထောင်စုနေ့အခမ်းအနားတွင် ဆုများအသီးသီးပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်းသိရသည်။

**ဘာမီသာ(ပခုက္ကူ)**

# ကျေးလက်ကုန်ထုတ်တံတား တည်ဆောက်နေမှုစစ်ဆေး

**မြောင်းမြ ဖေဖော်ဝါရီ ၇**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် ကျုံသွတ်ကျေးရွာအုပ်စု ပေါက်တိန်းကျေးရွာ၌ ကျေးလက်ကုန်ထုတ်တံတားတည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို တာဝန်ရှိသူများက ဖေဖော်ဝါရီလ ၇ ရက်နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်) ညွှန်ကြားရေးမှူး ဒေါ်မိမိထွေး၊ တိုင်းဒေသကြီးကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးလှိုင်အေး၊ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်သူကိုကိုနှင့် ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ ပေါက်တိန်းကျေးရွာ၌ ကျေးလက်ကုန်ထုတ်တံတားတည်ဆောက်နေမှုအခြေအနေများကိုကြည့်ရှုစစ်ဆေးရာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးနေလင်းစိုးက လုပ်ငန်းဆောင်ရွက်နေမှုနှင့်လုပ်ငန်းတိုးတက်မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ညွှန်ကြားရေးမှူးက လိုအပ်သည်များကိုမှာကြားသည်။

ပေါက်တိန်းကျေးရွာ၌ အရှည်ပေ ၆၀၊ အကျယ် ၁၄ ပေ၊ အမြင့် ၁၃ ဒသမ ၅ ပေရှိသော ကျေးလက်ကုန်ထုတ်တံတားတည်ဆောက်ခြင်းလုပ်ငန်းကို ပြည်ထောင်စုရန်ပုံငွေကျပ် ၂၁၈ ဒသမ ၈၃ သန်းဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများကတာဝန်ယူ၍ ယမန်နှစ်ဇွန်လ ၂၄ ရက်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၈၅ ရာခိုင်နှုန်းကျော်ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်းသိရသည်။

**ကိုညို(ကျေးလက်)**

# စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်ရေးရာ အသိပညာပေးဟောပြော

**နေပြည်တော် ဖေဖော်ဝါရီ ၇**

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် အမှတ်(၂၇)အခြေခံပညာမူလတန်းလွန်ကျောင်း၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီလ ၇ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

ဟောပြောပွဲတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းမြင့်ဦးက အဖွင့်အမှာစကားပြောကြားပြီး ဇမ္ဗူသီရိမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နီလာစိုးက လူငယ်နှင့်စာဖတ်ခြင်းခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာနမှ အားကစားမှူး ဒေါ်နှင်းမမဦးက လူငယ်နှင့်အားကစားခေါင်းစဉ်ဖြင့်လည်းကောင်း၊ တရားလွှတ်တော်ရှေ့နေ ဒေါ်ဝင့်ဝင့်အေးက ဥပဒေဆိုင်ရာအကြောင်းသိကောင်းစရာများ ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီးဟောပြောဆွေးနွေးကြရာ တက်ရောက်လာကြသော ကျောင်းသား၊ ကျောင်းသူများက မိမိတို့၏အမြင်များနှင့်ပတ်သက်၍ ပြန်လည်ဆွေးနွေးသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများက ပြည်ထောင်စုနေ့နှင့်ပတ်သက်၍ အသိပညာပေးနံရံကပ်စာစောင်များ၊ လူငယ်ရေးရာနှင့်သက်ဆိုင်သည့် အသိပညာပေးနံရံကပ်ပြဘုတ်များ၊ စာအုပ်/စာစောင်များအား ခင်းကျင်းပြသရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြောင်းသိရသည်။

(၄၁၃)

မြဝတီ နေ့စဉ်
The Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ပေါင်းပိုင်း-လက်မောင်းကွေး ကျေးရွာချင်းဆက်လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၇**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ယနေ့နံနက်ပိုင်းတွင် အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်၊ တာဝန်ရှိသူများနှင့်အတူ ရှမ်းပြည်နယ်တောင်ပိုင်းရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အသေးစားထုတ်ကုန်များ ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ညောင်ရွှေမြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်သည့် ကျေးရွာရှစ်ရွာ၊ လူဦးရေ ၂၃၀၀ ကျော်ကိုအကျိုးပြုပေးနိုင်မည့် ပေါင်းပိုင်း-လက်မောင်းကွေး ကျေးရွာချင်းဆက်လမ်းအား မြေသားလမ်းမှ ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာယာယီရှင်းလင်းဆောင်၌ ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ ဒေသခံပြည်သူများ၏ တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကလောမြို့နယ် အောင်ပန်းမြို့ရှိ "တေဇာထွန်း"နှင့် "ဆင်ဖြူတော်" စားသောက်ကုန်လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးရာ သက်ဆိုင်ရာတာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှု၊ ပြည်တွင်း၌တင်ပို့ရောင်းချနေမှု၊ အကျိုးအမြတ်ရရှိမှုနှင့်လုပ်ငန်းလိုအပ်ချက်များကိုတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကိုညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် တပ်ကုန်းမြို့ "လှ" ချည်မျှင်ထုတ်လုပ်ရေး သမဝါယမအသင်းလီမိတက်၏ ဝါကြိတ်စက်နှင့် ဝါသိုလှောင်ရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဥပ္ပါတသန္တိစေတီတော် တောင်ဘက်ရှိ တပေါင်းကွင်း၌ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲတွင် ပြသမည့် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြခန်းနှင့် တိုင်းဒေသကြီး/ပြည်နယ်များမှ ကုန်ထုတ်သမဝါယမအသင်းများ၏ ထုတ်ကုန်ပြခန်းများ၊ အသေးစားစက်မှုလက်မှုထုတ်ကုန်ပြခန်းများ ပြင်ဆင်ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များမှာကြားခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

# အလုပ်သမားဝန်ကြီးဌာန၏ တတိယအကြိမ်မြောက် မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲ ကျင်းပ



**နေပြည်တော် ဖေဖော်ဝါရီ ၇**

အလုပ်သမားဝန်ကြီးဌာန၏ တတိယအကြိမ်မြောက် မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကို ဝန်ထမ်းများပျော်ရွှင်စွာပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာ့ရိုးရာယဉ်ကျေးမှုအစဉ်အလာကိုထိန်းသိမ်းရေးဟူသော ရည်ရွယ်ချက်များဖြင့် ယနေ့မွန်းလွဲပိုင်းတွင် အဆိုပါဝန်ကြီးဌာနရှိ ယာဉ်ရပ်နားကွင်း၌ စည်ကားသိုက်မြိုက်စွာကျင်းပသည်။

အခမ်းအနားသို့ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေ၊ အမြဲတမ်းအတွင်းဝန် ဦးညွန့်ဝင်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ဦးစီးဌာန၊ အဖွဲ့ရုံးများမှ ဝန်ထမ်းများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ယနေ့ကျင်းပသည့် မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲသည် ၁၂ လရာသီပွဲတော်များ၌ စုပေါင်းအင်အားဖြင့် စည်းလုံးညီညွတ်စွာဆောင်ရွက်ရသည့် ထူးခြားသောရိုးရာပွဲတစ်ခုဖြစ်ကြောင်း၊ စည်းလုံးညီညွတ်မှု၊ သတ်မှတ်ချိန်အတွင်းဆောင်ရွက်နိုင်မှုတို့က အနိုင်ရရှိရေးကို အဆုံးအဖြတ်ပေးသွားမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲဝင်အသင်းများအနေဖြင့် စည်းစည်းလုံးလုံး တက်တက်ကြွကြွ ယှဉ်ပြိုင်သွားကြရန် မှာကြားသည်။

ထမနဲထိုးပြိုင်ပွဲတွင် ဝန်ကြီးဌာနရှိ ဝန်ကြီးရုံး၊ ဦးစီးဌာန၊ အဖွဲ့ရုံးများမှ ပြိုင်ပွဲဝင်အသင်းခုနစ်သင်းတို့မှ မြန်မာ့ရိုးရာယဉ်ကျေးမှုအစဉ်အလာအတိုင်း အမှတ်ပေးသတ်မှတ်ချက်များနှင့်အညီ အားကြိုးမာန်တက်ယှဉ်ပြိုင်ခဲ့ကြပြီး ဝန်ထမ်းများကလည်း အိုးစည်၊ ဒိုးပတ်များဖြင့် တီးမှုတ်ကခုန်၍ ပျော်ရွှင်စွာအားပေးခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ပြိုင်ပွဲဝင်အသင်းများ၏ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲ ယှဉ်ပြိုင်နေမှုများကို လိုက်လံကြည့်ရှုအားပေးပြီး ပြိုင်ပွဲတွင် ဆုရရှိသည့်အသင်းများကို ဆုများချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)

# ကမ္ဘောဇဗလား အလွတ်တန်းဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ ယှဉ်ပြိုင်နေမှု ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ကြည့်ရှုအားပေး



**တောင်ကြီး ဖေဖော်ဝါရီ ၇**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ရှမ်းပြည်နယ်အစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးမင်းမင်းလွင်၊ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့က တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်း၌ ကမ္ဘောဇဗလား အလွတ်တန်းဖိတ်ခေါ်ဘောလုံးပြိုင်ပွဲယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးပြီး ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူနည်းပြများ၊ ပြိုင်ပွဲဝင်အားကစားသမားများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် စီမံကိန်းလုပ်ငန်းဖြစ်သည့် ပြည်နယ်အားကစားကွင်းအတွင်း Inner Fencing ကာရံခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး သက်ဆိုင်ရာတာဝန်ရှိသူများ၏ တင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ အားကစားကွင်းစိမ်းလန်းစိုပြည်စေရေး လုပ်ငန်းများကို စနစ်တကျ ဂရုပြုထိန်းသိမ်းဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက် ပြည်နယ်လေ့ကျင့်ရေးအားကစားရုံ၌ ဝူရှူးနှင့် ဗိုဗီနမ်အားကစားသမားများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ပြီး အားကစားသမားများလေ့ကျင့်နေမှုကိုကြည့်ရှုအားပေး၍ ပဉ္စမအကြိမ် အမျိုးသားအားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်ရရှိခဲ့သည့် ဝူရှူးအားကစားနည်းပြနှင့် အားကစားသမားများအား ချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဝန်ထမ်းများနှင့်တွေ့ဆုံရာတွင် မိမိတို့ဝန်ကြီးဌာန၏ အဓိကလုပ်ငန်းတာဝန်ဖြစ်သည့် အားကစားနှင့် လူငယ်ကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေး အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဝန်ထမ်းများအားလုံး အရည်အသွေးပြည့်ဝပြီး စွမ်းဆောင်ရည်မြင့်မားစေရန်နှင့် အရည်အသွေး စဉ်ဆက်မပြတ်တိုးတက်ရေးကို လေ့လာဆည်းပူးသွားရန် လိုကြောင်းပြောကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(၅၀၀)

# ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ (၁၅) ကြိမ်မြောက် မြန်မာ့ရိုးရာမိသားစုထမနဲထိုး ပြိုင်ပွဲကို ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ကြည့်ရှုအားပေး

**နေပြည်တော် ဖေဖော်ဝါရီ ၇**

ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ (၁၅) ကြိမ်မြောက် မြန်မာ့ရိုးရာမိသားစုထမနဲထိုးပြိုင်ပွဲကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ ရုံးအမှတ်(၁၇) ၌ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်သော်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအမှူးများနှင့် အရာထမ်း၊ အမှုထမ်းများ စုံညီစွာတက်ရောက်ကြပြီး ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသည်။



ထမနဲထိုးပြိုင်ပွဲကို ဥက္ကဋ္ဌရုံးအဖွဲ့၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာနနှင့် ဝန်ထမ်းရေးရာဦးစီးဌာနတို့မှ ဌာနအလိုက် အရာထမ်း၊ အမှုထမ်းများပါဝင်သည့် အသင်းသုံးသင်းစီဖြင့် စုစုပေါင်း ကိုးသင်း ပါဝင်ယှဉ်ပြိုင်ကြပြီး ထမနဲထိုးပြိုင်ပွဲယှဉ်ပြိုင်နေမှုများအား ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက လိုက်လံအားပေးခြင်း၊ အကဲဖြတ်အမှတ်ပေးခြင်းများ ဆောင်ရွက်ကြသည်။

ထို့နောက် ပါဝင်ယှဉ်ပြိုင်ကြသည့် အသင်းများနှင့်ဆုရရှိသောအသင်းများကို ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ဆုများချီးမြှင့်ပေးအပ်ကြရာ ပထမဆုရရှိသည့် ဝန်ထမ်းရေးရာဦးစီးဌာန အဖွဲ့(၁)အသင်း၊ ဒုတိယဆုရရှိသည့် ဝန်ထမ်းရေးရာဦးစီးဌာနအဖွဲ့ (၂) အသင်းနှင့် တတိယဆုရရှိသည့် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာနအဖွဲ့ (၂)အသင်းတို့ကို ဥက္ကဋ္ဌ ဦးအောင်သော်ကလည်းကောင်း၊ နှစ်သိမ့်ဆုရအသင်းများကို အဖွဲ့ဝင်များကလည်းကောင်း ဆုချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

**"ထိုညဉ့်၌ ကျွန်ုပ်သည် သူငယ်ချင်းများနှင့်အတူ သကျသီဟ ဘုရားပွဲသို့ လိုက်သွားသော်လည်း စံဒေဝီကို မြင်လိုသေး သည်နှင့် လူစုနှင့်ခွဲပြီး တစ်ယောက်တည်းလိုက်၍ရှာ၏။ စံဒေဝီတို့သားအမိသည် ဤဘုရားပွဲသို့ နှစ်တိုင်းလာတတ်ခြင်း ကိုလည်း ကျွန်ုပ် သိပြီးဖြစ်၏။ ဘုရားပေါ်သို့ရောက်၍ အရှေ့မြောက်ထောင့်အပေါက်မှ ရပ်ပြီး ဘုရားဖူးသူများအား လှမ်းကြည့်လိုက်စဉ် ကျဉ်းမြောင်းသောအပေါက်ကလေးတွင် စံဒေဝီနှင့်ကျွန်ုပ် မျက်နှာချင်းဆိုင်ရပ်လျက်သား ဆုံမိနေကြလေ တော့၏. . ."**

**ယမန်နေ့မှအဆက်**

**ဖခင်၏အစီအစဉ်**

ထိုနေ့ညနေတွင် ဖခင်ရောက်လာ၏။ ဖခင်၏မျက်နှာကို မြင်လိုက်ရသည်နှင့် တစ်ပြိုင်နက် ဖွင့်ပြောရမည့်ကိစ္စကို သတိရသွား၍ ဒိတ်ခနဲဖြစ်ရ၏။ ဖခင်ကမူ ... "သန်ဘက်ခါ မင်း လိုက်ခဲ့ရမယ်ဟေ့။ ကျောင်းဆရာကြီးကိုပြောပြီး အားလုံးပြင်ဆင်ထား"ဟု ပြောသည်နှင့် ကျွန်ုပ်က... "ခွင့်ခံခဲ့ရမှာလား" ဟု မေးရာ ... "မဟုတ်ဘူး။ တစ်ခါတည်းထွက်ခဲ့ရမှာ"ဟု ပြောသဖြင့် ဦးခေါင်းကြီး၍ သွား၏။ နောက်ဆုံး၌ ကျွန်ုပ်သိရသည်မှာကား ရွှေဘိုမြို့ အရေးပိုင်ရုံးတွင် ကူညီစာရေး လုပ်ဖို့အတွက် ဟက်ကလတ်စာရေးကြီးနှင့်တကွ ရုံးအုပ်စာရေးကြီးနှင့်ပါ စီစဉ်ခဲ့ပြီးဖြစ်ကြောင်း၊ သုံးလအတွင်း အလုပ်တစ်ခု ရလိမ့်မည့်အကြောင်းပြောသည်တွင် ကျွန်ုပ်၏မျက်နှာ၌ သွေးဆုတ်ပြီး ဖြူဖပ်ဖြူရော်ဖြစ်သွားသည် ထင်လိုက်မိ၏။ ကျွန်ုပ်က ခေတ္တဆိုင်းဖို့ ပြောသော်လည်း လက်မခံသည်နှင့် စံဒေဝီအကြောင်းနှင့် အပျိုကြီး၏စကားများအကြောင်းကို ပြောပြလေ၏။

"ဒီလိုဆို ဘာခက်သလဲ။ ဒီကနေ့ည ငါ သွားပြောမယ်လေ"

ဤတွင် ကျွန်ုပ်က သူတို့မရှိသေးကြောင်း၊ စံဒေဝီထံမှ စကားပြန်ကို စောင့်နေရကြောင်း ပြောပြလေရာ ဖခင်က...

"ကိစ္စမရှိဘူး။ မင်းလိုက်ခဲ့။ မင်းကို ရုံးပို့ပြီး ငါ တစ်ခေါက်လာပြောမယ်။ ကျေနပ်တယ်မဟုတ်လား" ဟု မေး၏။ ကျွန်ုပ်က စံဒေဝီ၏ စကားလုံးတစ်လုံးအတွက် စောင့်စေလိုကြောင်း၊ အပျိုကြီး၏ စကားသက်သက်မျှသာရှိသေးကြောင်း ပြောသော်လည်း...

"မင်းပြောတဲ့အတိုင်းဆိုရင် နေရာကျမှာပါကွယ်။ လိုက်သာလိုက်ခဲ့ပါ။ ငါ တစ်ခေါက်လာပြီး ပြောပါ့မယ်" ဟု အတင်းခေါ်သည်နှင့် လိုက်သွားရပါတော့သည်။

**ခံရခက်ဆုံးသော ရက်သတ္တပတ်**

ရွှေဘိုမြို့သို့ရောက်ကြ၍ ရုံးအုပ်စာရေးကြီးနှင့်တွေ့ပြီး စီစဉ်ပြီးရာတွင် (ထိုခေတ်၌ ရွှေဘိုတစ်မြို့လုံးနှင့် ရုံးအားလုံးတွင် ကိုးတန်းအောင်သူတစ်ယောက်မျှမရှိသေးရာ အကူစာရေးမျှလောက်ဖြစ်ဖို့မှာ အခက်အခဲမရှိ၊ မျက်နှာပင်ရခဲ့သေး၏။) ကျွန်ုပ်၏တင်ပါးတွင် သွေးစုနာကြီး ချက်ချင်းပေါက်လာ၍ လမ်းပင်မလျှောက်နိုင်ဘဲရှိသည်နှင့် ဝက်လက်သို့ လိုက်လာရပြန်သည်။ သွေးစုနာဟူသည်မှာ ပြည်မှည့်ပြီးမှ ပျောက်ရသောအနာမျိုးဖြစ်၍ ကိစ္စတန်းလန်းအတွင်း ရက်ပေါင်း ၂၀ မျှလောက် စောင့်ရမည့်အရေးကြောင့် ကျွန်ုပ်အဖို့ရာ၌ ငရဲပြည်ပို့ထားသည့်နှယ် စိတ်ဆင်းရဲခဲ့ရပါသည်။ ဤအရေးတွင် ကျွန်ုပ်ဖခင်ကား တော်ရှာပါပေသည်။ မန္တလေးမှသတင်းကို နားထောင်၍ စံဒေဝီတို့သားအမိ ပြန်ရောက်ပြီဟု ကြားသိရသည်နှင့်တစ်ပြိုင်နက် ချက်ချင်းဆင်း၍ပြောရာ လက်ခံလိုက်သည်ဆိုသောကြောင့် ကျွန်ုပ်ဝမ်းသာလှသည်။ သို့ရာတွင် အနာပြည်မှည့်ဖို့မှာ ရက်သတ္တပတ်ခန့်လိုသေးသောကြောင့် ကျွန်ုပ်၏ တစ်သက်တာတွင် အခံရအခက်ဆုံးသော ရက်သတ္တပတ်ဟူ၍ မှတ်တမ်းတင်ထားရပါသည်။

**သြဘာပေးကြခြင်း**

သီတင်းကျွတ်လဆန်း ၁၃ ရက်နေ့မှာ သကျသီဟဘုရား ဆွမ်းတော်ကြီးကပ်သောနေ့ဖြစ်၍ ကျွန်ုပ်၏ သွေးစုနာလည်း ပြည်ပေါက်သည်နှင့် ထိုနေ့မှာပင် မန္တလေးသို့ဆင်းလာခဲ့၏။ ညနေခင်းတွင် ဘူတာရုံသို့ ဆိုက်ရောက်၍ ကာလသားသူငယ်ချင်းများရှိသောနေရာသို့သွားလေရာ တစ်ကျိပ်ခန့်မျှသော သူငယ်ချင်းများသည် ထိုည၌ သကျသီဟဘုရား ဆွမ်းတော်ကြီးကပ်ဖို့ သွားကြရန်အတွက် စုရုံးလျက်ရှိသည်နှင့် အဆင်သင့်တွေ့ရသည်။ ၎င်းတို့သည် ကျွန်ုပ်ကို မြင်လျှင်မြင်ချင်း "ဟစ်ဟစ်ဟူးရေး"ဟု သုံးကြိမ်သြဘာပေးလိုက်ကြသဖြင့် ကျွန်ုပ် အံ့အားသင့်သွား၏။ စုံစမ်းကြည့်သောအခါ ၎င်းတို့သည် ဖခင်၏စကားကို စံဒေဝီ၏မိခင်က လက်ခံလိုက်ကြောင်း သတင်းကြားကြပြီးဖြစ်သောကြောင့် သြဘာပေးခြင်းဖြစ်သည်ဟု သိရ၏။ စံဒေဝီကို ပိုးပန်းသူများအနက် တစ်ယောက်ကမူ ကျွန်ုပ်၏လက်ကိုဆွဲလျက် "ကွန်ကရက်ကျူလေးရှင်း"ဟု ဆိုပါပေသည်။ ထိုညနေအဖို့၌ ဤလူစုထဲတွင် ကျွန်ုပ်မှာ"ဟီးရိုး" ကြီးတစ်ယောက်ဖြစ်နေ၍ ခဏခဏ သြဘာပေးခြင်းခံရ၏။ တချို့ကလည်း '' တော်တော်လုံတဲ့လူတစ်ယောက်ပဲဗျာ၊ ကျုပ်တို့ကဖြင့် သူ့ကိုတောင်ကပ်ရမလား မှတ်နေ။ မောင်မင်းကြီးသားက အံ့ပုန်းကြီးလုပ်နေတာကိုးဗျ"ဟု ပြော၏။ တချို့ကလည်း "ဒါတော့ မပြောပေနဲ့လေ။ သူ့မှာလည်း မျက်စိနဲ့ပဲဗျ" ဟု ဝင်ပြော၏။ "ကြိုက်တာတော့ ကြိုက်ရပါတယ်။ ဒီလိုဆို ကျုပ်တို့ ခြေညောင်းမခံဘူးပေါ့ဗျ"ဟု ပြောသူကပြော၍ တစ်ယောက်က "ကိုယ်ကြိုက်ကိုယ်ပိုးပေါ့ဗျာ။ ဘာဖြစ်သလဲ" ဟု ပြောရာ တခြားတစ်ယောက်က "သူက ကိုးတန်းသမားဗျ၊ ကျုပ်တို့က လေးငါးတန်းနဲ့ ဘာစွံနိုင်မှာလဲ"ဟု ပြောလေသည်။ ဤလူစုအနက်တွင် ကျွန်ုပ်ထက် ရုပ်ချောသူများ၊ ဝတ်နိုင်စားနိုင်သူများ၊ ဝင်ငွေရှိသည့် ဈေးသည်ကလေးများ၊ သုံးနိုင်ဖြုန်းနိုင်သူများရှိကြပါလျက် အင်္ဂလိပ်စာကို မည်မျှလောက် အထင်ကြီးကြောင်း ထင်ရှားလှပါသည်။

**ထူးဆန်းသောကြည့်ခြင်း**

ထိုညဉ့်၌ ကျွန်ုပ်သည် သူငယ်ချင်းများနှင့်အတူ သကျသီဟဘုရားပွဲသို့ လိုက်သွားသော်လည်း စံဒေဝီကို မြင်လိုသေးသည်နှင့် လူစုနှင့်ခွဲပြီး တစ်ယောက်တည်းလိုက်၍ရှာ၏။ စံဒေဝီတို့သားအမိသည် ဤဘုရားပွဲသို့ နှစ်တိုင်းလာတတ်ခြင်းကိုလည်း ကျွန်ုပ် သိပြီးဖြစ်၏။ ဘုရားပေါ်သို့ရောက်၍ အရှေ့မြောက်ထောင့်အပေါက်မှ ရပ်ပြီး ဘုရားဖူးသူများအား လှမ်းကြည့်လိုက်စဉ် ကျဉ်းမြောင်းသောအပေါက်ကလေးတွင် စံဒေဝီနှင့် ကျွန်ုပ် မျက်နှာချင်းဆိုင်ရပ်လျက်သား ဆုံမိနေကြလေတော့၏။ ထိုအခိုက်အတန့်၌ မိခင်ကိုမမြင်ရဘဲ စံဒေဝီတစ်ယောက်တည်းရှိနေရာ ကျွန်ုပ်က ဝမ်းပန်းတသာ နှုတ်ဆက်လိုက်မည်အပြုတွင် သူ၏ ထူးဆန်းသောမျက်နှာထားကို မြင်လိုက်ရသည်နှင့် တန့်ခနဲရပ်ထားလိုက်၏။ စံဒေဝီသည် ကျွန်ုပ်အား အလွန်ပြောချင်သောစကားတစ်ခွန်းရှိသည့်လက္ခဏာနှင့်စိုက်ကြည့်ပြီးမှ နောက်သို့လှည့်ကြည့်လိုက်ရာ အမေကြီးရောက်လာသည်နှင့် မပြောတော့ဘဲ ဆိုင်းထားလိုက်၏။ သို့ရာတွင် စကားပြောချင်ပုံရသည့်လက္ခဏာမှာမူ သူ၏မျက်နှာ၌ ကျန်လျက်ပင်ရှိသေး၏။ အမေကြီးရောက်လာ၍ ကျွန်ုပ်ကိုမြင်သောအခါ ကျွန်ုပ်မျှော်လင့်သော မျက်နှာထားမျိုးမဟုတ်ဘဲ ရှက်သလိုလို၊ အားနာသလိုလိုဖြစ်နေခြင်းကို တွေ့ရ၏။ မည်သို့ပင်ဖြစ်စေ အမေကြီးကား ကျွန်ုပ်ကိုမြင်ရသည့်အတွက် ဝမ်းသာပုံမရခြင်းကား သေချာလှသည်။ ကျွန်ုပ်သည် သားအမိနှစ်ယောက်စလုံး၏အမူအရာကို နားမလည်နိုင်သည်နှင့် နှုတ်ဆက်မည့်အကြံကို ရုပ်သိမ်း၍ ကျဉ်းမြောင်းသောတံခါးဝတွင် တိမ်းရှောင်ပေးလိုက်ရာ ရှေ့မှထွက်လာသော စံဒေဝီသည် ယခင်မျက်နှာထားအတိုင်း တစ်ချက်လှည့်ကြည့်သေးသော်လည်း အမေကြီးမူကား မျက်နှာငုံ့၍သွားတော့၏။ ဤမိန်းမကြီးကား သူ့သမီးအားပိုးသောလူပျိုကလေးများကို ကြည့်ရာတွင် အလွန်မျက်လုံးရဲသူတစ်ယောက်ဖြစ်သောကြောင့် သူ၏ ဤညဉ့် အပြုအမူကို ကျွန်ုပ်နားမလည်နိုင်အောင် ရှိတော့သည်။

**ဆက်လက်ဖော်ပြပါမည်။**

## ကျိုက်ထိုမြို့နယ် အခြေခံပညာမူလတန်းကျောင်း(တံတားဖြူ)၌ စာဖတ်ရှိန်မြှင့်တင်ရေး စာပေရေးရာ အသိပညာပေးလုပ်ငန်းများဆောင်ရွက်



ကျိုက်ထို ဖေဖော်ဝါရီ ၇

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်း၍ အခြေခံပညာကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများ စာဖတ်ရှိန်မြှင့်မားပြီး အသိပညာဗဟုသုတတိုးပွားစေရေး ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီလ ၇ ရက်တွင် ကျိုက်ထိုမြို့နယ် ပျဉ်းမစခန်းကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်း(တံတားဖြူ)၌ စာဖတ်ရှိန်မြှင့်တင်ရေး စာပေရေးရာအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်သည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများက ကျောင်းသား၊ ကျောင်းသူများအားလပ်ချိန်တွင် အချိန်ကိုအကျိုးရှိစွာ အသုံးချနိုင်ရေး ကျောင်းစာအပြင် ပြင်ပဗဟုသုတရရှိမည့် စာအုပ်စာပေများကိုပါ လေ့လာဖတ်ရှုကြရန်လိုကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ကျောင်းသား၊ ကျောင်းသူများက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များကို စိတ်ကြိုက်ရွေးချယ်ဖတ်ရှုကာ စာဖတ်စွမ်းရည်ယှဉ်ပြိုင်ခြင်း၊ ပုံပြော၊ ကဗျာရွတ်ဆိုယှဉ်ပြိုင်ခြင်းများ ဆောင်ရွက်ကြသည်။

အဆိုပါ အသိပညာပေးလုပ်ငန်းတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျောင်းသား၊ ကျောင်းသူများ လေ့လာဖတ်ရှုနိုင်ရန် ကလေးကဗျာများ၊ ရုပ်ပြပုံပြင်များ၊ စာစောင်များ စသည့် ကလေးများ အသိပညာတိုးပွားရေး စာအုပ်စာပေများနှင့် စာဖတ်ရှိန်မြှင့်တင်ရေး၊ မူးယစ်ဆေးဝါးအန္တရာယ် သတိပြုကာကွယ်ရေး စသည့်အသိပညာပေး နံရံကပ်စာစောင်များကို ခင်းကျင်းပြသထားရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာကြည့်ရှုလေ့လာကြကြောင်း သိရသည်။ **ချမ်းမြေ့**

## နိုင်ငံအကျိုးနှင့်ပြည်သူတစ်ရပ်လုံး၏အကျိုး

**နိုင်ငံတော်ကိုတည်ဆောက်ရာတွင် နိုင်ငံရေး၊ စီးပွားရေး၊ ကာကွယ်ရေးအင်အားစုများအကြား စည်းလုံးညီညွတ်စွာ ပူးပေါင်းလက်တွဲဆောင်ရွက်ကြရမည့်အစား ကွဲပြားနေသောနိုင်ငံရေးအင်အားစုတို့၏ ငါတကော ကောမှုများ၊ ဖဲ့ထုတ်စည်းရုံးမှုများသည် နိုင်ငံအကျိုးနှင့်ပြည်သူတစ်ရပ်လုံး၏အကျိုးစီးပွားအတွက် မြော်မြင်မှုကင်းမဲ့စွာဖြင့် နိုင်ငံကိုထိခိုက်နစ်နာစေသည့် လုပ်ဆောင်မှုများသာဖြစ်ပါသည်။**

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ နှစ်(၅၀)ပြည့် ရွှေရတု မွန်ပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာမှ ကောက်နုတ်ချက်)

၁၉-၃-၂၀၂၄



# (၇၈)နှစ်မြောက် ရှမ်းပြည်နယ်နေ့ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ တက်ရောက်ချီးမြှင့်

တောင်ကြီး ဖေဖော်ဝါရီ ၇

(၇၈)နှစ်မြောက် ရှမ်းပြည်နယ်နေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တောင်ကြီးမြို့ အဝေရာမီးပုံးပျံကွင်း၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ (၇၈) နှစ်မြောက် ရှမ်းပြည်နယ်နေ့ အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က ဖတ်ကြားပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က (၇၈)နှစ်မြောက် ရှမ်းပြည်နယ်နေ့ မိန့်ခွန်းပြောကြားသည်။

ထို့နောက် (၇၈)နှစ်မြောက် ရှမ်းပြည်နယ်နေ့ ပြခန်းများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်သည့် ပိုးရယ်အောင်သိန်း၊ ဒေါက်တာဘရွှေ ခွန်စံလွင်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်သည့် ဒေါက်တာစိုးဝင်း၊ Jeng Phang နော်တောင်၊ ခွန်သန့်ဇော်ထူး၊ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်နှင့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ဧည့်သည်တော်များက တိုင်းရင်းသားရိုးရာအစားအစာပြခန်းများ၊ ဌာနဆိုင်ရာပြခန်းများ၊ MSME ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်ပြည်ထောင်စုဝန်ကြီးနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များသည် မြို့တော်ခန်းမ၌ ကျင်းပသည့် (၇၈)နှစ်မြောက် ရှမ်းပြည်နယ်နေ့ ဂုဏ်ထူးဆောင် လက်မှတ်ရရှိသူများအား ဂုဏ်ထူးဆောင်ဆုချီးမြှင့်ပွဲသို့ တက်ရောက်ပြီး စီမံခန့်ခွဲရေးဆိုင်ရာထူးချွန်ဆု (ပထမအဆင့်၊ ဒုတိယအဆင့်၊ တတိယအဆင့်) ရရှိသူ ၄၄ ဦးနှင့် လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ ထူးချွန်ဆုရရှိသူ ၁၂ ဦးတို့ကို ဂုဏ်ထူးဆောင်လက်မှတ်နှင့်ဂုဏ်ထူးဆောင်ဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က နယ်စပ်ရေးရာဝန်ကြီးဌာနက ပေးအပ်သည့် ရှမ်းပြည်နယ်အတွင်းရှိ ယာယီနေရပ်စွန့်ခွာဝန်ထမ်းများနှင့်ပြည်သူများအတွက် ဆိုလာနှင့် အခြေခံစားသောက်ကုန် စုစုပေါင်းတန်ဖိုး ၅၃ သန်းကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနမှပေးအပ်သည့် ရှမ်းပြည်နယ်အားကစားဖွံ့ဖြိုးတိုးတက်ရေးအတွက် အားကစားပစ္စည်းများကိုလည်းကောင်း ပေးအပ်ရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်လူမှုရေးရာဝန်ကြီးတို့က လက်ခံရယူကြသည်။

ထို့နောက် ရှမ်းပြည်နယ်ဝန်ကြီးချုပ်က လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာထူးချွန်ဆု(တတိယအဆင့်)၊ မွေးမြူရေးထူးချွန်ဆု (ပထမအဆင့်၊ တတိယအဆင့်)နှင့်လူမှုထူးချွန် (ပထမအဆင့်) ရရှိသူများကိုလည်းကောင်း၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့်ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးတို့က လူမှုထူးချွန် (ပထမအဆင့်၊ ဒုတိယအဆင့်၊ တတိယအဆင့်) ဆုရရှိသူများကိုလည်းကောင်း၊ အားကစားထူးချွန်ဆု (တတိယအဆင့်) ရရှိသူများ၊ တာဝန်ထမ်းဆောင်ရာတွင် ပြည်နယ်ဂုဏ်ဆောင်နိုင်ခဲ့ကြသည့်ဌာန၊ အဖွဲ့အစည်းများကိုလည်းကောင်း ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)




# (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ဟောပြောပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၇

ကျောင်းသားလူငယ်များ ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရန်ရည်ရွယ်ပြီး (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်ဟောပြောပွဲကို ယနေ့မွန်းလွဲပိုင်းတွင် Naypyitaw State Academy ရှိ စုပေါင်းခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲသို့ Naypyitaw State Academy မှ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ (ဌာနမှူး)များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဟောပြောပွဲတွင် ဒုတိယပါမောက္ခချုပ် ဒေါက်တာစိုးစိုးအောင်က ပြည်ထောင်စုနေ့ အထိမ်းအမှတ် ဟောပြောပွဲကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး မြန်မာစာဌာန ပါမောက္ခ(ဌာနမှူး) ဒေါက်တာဇော်ဝင်းက “စာပေများက ပြောသော မျိုးချစ်စိတ်ဓာတ်” ခေါင်းစဉ်ဖြင့် စာပေများတွင် ဖော်ညွှန်းထားသော အရေးအဖွဲ့များကို သာဓကပြု၍ တိုင်းပြည်နှင့် လူမျိုးအကျိုး ထာဝစဉ်သယ်ပိုးတတ်စေရန်၊ ပြည်ထောင်စု အဓွန့်ရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ထောင်စုစိတ်ဓာတ်၊ စစ်မှန်သောမျိုးချစ်စိတ်ဓာတ်တို့ဖြင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမအားလုံး လက်တွဲပူးပေါင်းပါဝင်ဆောင်ရွက်ကြရမည့်ကိစ္စရပ်များကို ဆွေးနွေးဟောပြောခဲ့ကြောင်း သတင်းရရှိသည်။




(သတင်းစဉ်)

# ဘင်္ဂလားဒေ့ရှ် သံအမတ်ကြီးအား ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ လက်ခံတွေ့ဆုံ



**နေပြည်တော် ဖေဖော်ဝါရီ ၇**

ဒုတိယဝန်ကြီးချုပ်နှင့်နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး ဒေါက်တာ မိုဟာမက် မွန်(န)ဝါ ဟူစိန် အား ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ပိုမိုနီးကပ်သည့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး အပါအဝင် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုခိုင်မာရေးနည်းလမ်းများကို အမြင်ချင်း ဖလှယ်ခဲ့ကြပြီး နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်နိုင်ရေး အလားအလာများကို ဆွေးနွေးခဲ့ကြကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)




# အိန္ဒိယနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှု ခေါင်းဆောင်နှင့် ငြိမ်းချမ်းရေးသံတမန်ကြီး ဂုရုကြီး Sri Sri Ravi Shankar ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ ရောက်ရှိ

**ရန်ကုန် ဖေဖော်ဝါရီ ၇**

အိန္ဒိယနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုခေါင်းဆောင်နှင့် ငြိမ်းချမ်းရေးသံတမန်ကြီး ဂုရုကြီး Sri Sri Ravi Shankar ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိကြသည်။

ဧည့်သည်တော် ဂုရုကြီး Sri Sri Ravi Shankar ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာအိန္ဒိယသံရုံးမှတာဝန်ရှိသူများနှင့် မြန်မာလူငယ်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# အာဆီယံအသိုက်အဝန်း ၂၀၂၅ ခုနှစ်အလွန် မျှော်မှန်းချက်ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့၏(၃၁)ကြိမ်မြောက် အစည်းအဝေးသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်

**၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၃)ရက်နေ့မှ (၅)ရက်နေ့အထိ**

**ဖိလစ်ပိုင်နိုင်ငံ၊ မနီလာမြို့**



ဖိလစ်ပိုင်နိုင်ငံ၊ မနီလာမြို့တွင် ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်နေ့မှ ၅ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့သည့် အာဆီယံအသိုက်အဝန်း ၂၀၂၅ ခုနှစ်အလွန် မျှော်မှန်းချက်ရေးဆွဲရေးဆိုင်ရာအဆင့်မြင့်လုပ်ငန်းအဖွဲ့၏ (၃၁)ကြိမ်မြောက်အစည်းအဝေးသို့ အာဆီယံအသိုက်အဝန်း ၂၀၂၅ ခုနှစ်အလွန် မျှော်မှန်းချက်ရေးဆွဲရေးဆိုင်ရာ မြန်မာနိုင်ငံ အဆင့်မြင့်လုပ်ငန်းအဖွဲ့ခေါင်းဆောင်၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင် ဦးဆောင်၍ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာဆီယံရေးရာဦးစီးဌာနမှ တာဝန်ရှိသူများ လိုက်ပါတက်ရောက်ခဲ့ပါသည်။ ယင်းအစည်းအဝေးနှင့်ဆက်စပ်၍ အာဆီယံအသိုက်အဝန်း ၂၀၂၅ ခုနှစ်အလွန် မျှော်မှန်းချက် ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်းနှင့် စပ်လျဉ်းသည့် မဟာဗျူဟာစီမံချက် မူကြမ်းရေးဆွဲရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကိုကျင်းပခဲ့ပြီး ဆွေးနွေးရန်ကျန်ရှိနေသည့် နယ်ပယ်များကို အပြီးသတ်ဆက်လက်ညှိနှိုင်းဆွေးနွေးခဲ့ရာ ၁၀၀ ရာခိုင်နှုန်း ပြီးစီးခဲ့ပါသည်။

အဆင့်မြင့်လုပ်ငန်းအဖွဲ့၏(၃၁)ကြိမ်မြောက် အစည်းအဝေးကို အာဆီယံဥက္ကဋ္ဌဖြစ်သည့် မလေးရှားနိုင်ငံနှင့် အာဆီယံအသိုက်အဝန်း မျှော်မှန်းချက်စာတမ်းရေးဆွဲရေးဆိုင်ရာ အမြဲတမ်း ဦးဆောင်အဖွဲ့ဝင် ဖိလစ်ပိုင်နိုင်ငံတို့မှအဆင့်မြင့်လုပ်ငန်းအဖွဲ့ ခေါင်းဆောင်တို့က ပူးတွဲ ဥက္ကဋ္ဌများအဖြစ် ဆောင်ရွက်ခဲ့ကြပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ အဆင့်မြင့်လုပ်ငန်းအဖွဲ့ ခေါင်းဆောင်များ၊ အဆင့်မြင့်ကိုယ်စားလှယ်များနှင့်တာဝန်ရှိသူများ၊ တီမောလက်စတေနိုင်ငံမှကိုယ်စားလှယ်များ၊ အာဆီယံအတွင်းရေးမှူးချုပ်နှင့် ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပါသည်။

အစည်းအဝေးတွင် အာဆီယံစီးပွားရေးပေါင်းစည်းမှုဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့ ပူးတွဲဥက္ကဋ္ဌ၊ အာဆီယံလူမှု-ယဉ်ကျေးမှု အသိုက်အဝန်း မဟာဗျူဟာစီမံချက် ရေးဆွဲရေးဆိုင်ရာ လုပ်ငန်းအဖွဲ့၏ ပူးတွဲဥက္ကဋ္ဌများနှင့် အာဆီယံပေါင်းစည်း ဆက်သွယ်ညှိနှိုင်းရေးဆိုင်ရာ ကော်မတီ ပူးတွဲဥက္ကဋ္ဌ၊ ပြန်ကြားရေးဆိုင်ရာ အာဆီယံအဆင့်မြင့်အရာရှိကြီးများအစည်းအဝေး ဥက္ကဋ္ဌတို့နှင့် မျက်နှာစုံညီအစည်းအဝေးပြုလုပ်ခဲ့ရာ သက်ဆိုင်ရာမဏ္ဍိုင်များမှ ကိုယ်စားလှယ်များက သက်ဆိုင်ရာမဏ္ဍိုင်အလိုက် မဟာဗျူဟာစီမံကိန်းများရေးဆွဲမှု၏ ဖြစ်ပေါ်တိုးတက်မှုများကို ရှင်းလင်းဆွေးနွေးခဲ့ကြပြီး မဟာဗျူဟာစီမံချက်များ ရေးဆွဲမှုအပေါ် အမြင်ချင်းဖလှယ်ခဲ့ကြပါသည်။ ထို့နောက် အာဆီယံအဖွဲ့အစည်း ပိုမိုခိုင်မာအားကောင်းစေရေးဆိုင်ရာ မဟာဗျူဟာ လုပ်ငန်းစဉ်များနှင့် မဏ္ဍိုင်(၃)ရပ်လုံးနှင့် သက်ဆိုင်ရာလုပ်ငန်းစဉ်များအား ထိရောက်စွာအကောင်အထည်ဖော်ရေး နည်းလမ်းများအပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပါသည်။

အစည်းအဝေးတွင်အဓိကထားဆွေးနွေးခဲ့သည့် ခေါင်းစဉ်များမှာ ၂၀၂၅ ခုနှစ်၊ မေလ၌ ကျင်းပမည့် (၄၆) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင် ထုတ်ပြန်မည့် အာဆီယံအသိုက်အဝန်း ၂၀၄၅ ကွာလာလမ်ပူ ကြေညာချက်၊ အာဆီယံ အသိုက်အဝန်း မျှော်မှန်းချက် ၂၀၄၅ ၏ နိုင်ငံရေးနှင့် လုံခြုံရေးဆိုင်ရာ မဟာဗျူဟာစီမံချက်၊ အာဆီယံအဖွဲ့အစည်း ပိုမိုခိုင်မာအားကောင်းစေရေးဆိုင်ရာ မဟာဗျူဟာလုပ်ငန်းစဉ်များ၊ မဏ္ဍိုင်များအကြား ပူးပေါင်းဆောင်ရွက်ရမည့် မဟာဗျူဟာလုပ်ငန်းစဉ်များ၊ အဆိုပါ မဟာဗျူဟာ လုပ်ငန်းစဉ်များအား အကောင်အထည်ဖော်မှုအပေါ် စောင့်ကြည့်လေ့လာရေးနှင့် ပြန်လည်သုံးသပ်ရေးယန္တရားနှင့် သက်ဆိုင်ရာမဏ္ဍိုင်အလိုက် မဟာဗျူဟာစီမံကိန်းများရေးဆွဲမှု၏ ဖြစ်ပေါ်တိုးတက်မှု အခြေအနေတို့ဖြစ်ကြောင်း သိရှိရပါသည်။

လာမည့် ၂၀၂၅ ခုနှစ် မတ်လတွင် မလေးရှားနိုင်ငံ၊ ပီနန်းမြို့တွင် ကျင်းပမည့် (၃၂)ကြိမ်မြောက် အစည်းအဝေးတွင် မဟာဗျူဟာလုပ်ငန်းစဉ်များ သက်ဆိုင်ရာမဏ္ဍိုင်များအကြား ဟန်ချက်ညီညီအကောင်အထည်ဖော်နိုင်ရေး၊ ထပ်မနေစေရေး၊ မဟာဗျူဟာ စီမံချက်များအကောင်အထည်ဖော်ရာတွင် ဦးဆောင်ဦးရွက်ပြုမည့် အဖွဲ့အစည်းများနှင့် မဏ္ဍိုင်များ သတ်မှတ်ရေး၊ ကဏ္ဍများအကြား အချိတ်အဆက်မိရေးနှင့် ဆက်လက်အကောင်အထည်ဖော်ရေးမည့် လုပ်ငန်းစဉ်များအတွက်စောင့်ကြည့်လေ့လာရေးနှင့် ပြန်လည်သုံးသပ်ရေး ယန္တရားနှင့် စပ်လျဉ်းသည့်ကိစ္စများကို ဆက်လက်ဆွေးနွေးညှိနှိုင်းပြီး ၂၀၂၅ ခုနှစ် မေလတွင် ကျင်းပမည့် (၄၆) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင် အချိန်မီ အတည်ပြုနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားရန်ရှိကြောင်း သတင်းရရှိပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**

**ရက်စွဲ၊ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်**

## မြန်မာနိုင်ငံပြန်တမ်း

### အမြဲတမ်းအတွင်းဝန် / ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ ညွှန်ကြားရေးမှူးချုပ် ဦးမင်းဟိန်းအား အမြဲတမ်းအတွင်းဝန်/ညွှန်ကြားရေးမှူးချုပ်တာဝန်များကိုထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။

## မြန်မာနိုင်ငံပြန်တမ်း

### အမြဲတမ်းအတွင်းဝန် / ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ ညွှန်ကြားရေးမှူးချုပ် ဦးအောင်သွင်ဦးအား အမြဲတမ်းအတွင်းဝန်/ညွှန်ကြားရေးမှူးချုပ်တာဝန်များကိုထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။

# မန္တလေးတိုင်းဒေသကြီးအတွင်း တွဲဖက်တာဝန်ချထားသည့်ဝန်ထမ်းများနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၇

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်လွင်ဦး၊ ဦးမြင့်ဦးနှင့် ဦးသန်းအောင်ကျော်တို့သည် ယနေ့မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီးအတွင်း ရှမ်းပြည်နယ်(မြောက်ပိုင်း) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ တွဲဖက်တာဝန်ချထားသည့် ဝန်ထမ်းများကို မန္တလေးတိုင်းဒေသကြီး မန္တလေးခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။



တွေ့ဆုံစဉ်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်လွင်ဦးက ကျင်းပရန်ရှိသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်စာရင်းပြုစုရာတွင် မြေပြင်ကွင်းဆင်းကောက်ယူရေးကြီးကြပ်မှုကော်မတီမှ ပေးပို့ထားရှိသော လူဦးရေစာရင်းများပိုမိုပြည့်စုံမှန်ကန်အောင် ဆောင်ရွက်နိုင်မှု အခြေအနေများ၊ လုပ်ငန်းဆောင်ရွက်မှုများကို အသေးစိတ်ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်ဦးက ရှမ်းပြည်နယ်(မြောက်ပိုင်း) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်မှ အတွင်းရေးမှူးများ၊ ဝန်ထမ်းများအား အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များ၊ ဝန်ထမ်းများ၏ အခက်အခဲများကို မေးမြန်း၍ လိုအပ်သည်များကို ဖြည့်ဆည်းပေးခဲ့ပြီး ဝန်ထမ်းများ၏တင်ပြချက်များအပေါ် ပြန်လည်ဆွေးနွေးခဲ့ကြောင်းသိရသည်။

(သတင်းစဉ်)

# တိုင်းစစ်ဌာနချုပ်အသီးသီး၌ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲများ ပြုလုပ်



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၌ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပစဉ်။

နေပြည်တော် ဖေဖော်ဝါရီ ၇

မြန်မာတို့၏ (၁၂)လရာသီပွဲတော်များအနက် ကောက်ပဲသီးနှံ၊ ဆန်၊ စပါးတို့ထွက်ရှိပြီး ဖူလုံစေသည့်လဖြစ်သော တပို့တွဲလတွင် အဖွဲ့လိုက် စုပေါင်းဆောင်ရွက်ရသည့် စည်းလုံးညီညွတ်မှုစွမ်းအားကိုဖြစ်စေသော မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲများကိုနိုင်ငံတစ်ဝန်းတွင်ဒေသအလိုက်စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိကြသည်။ ထို့အတူ တိုင်းစစ်ဌာနချုပ်အသီးသီး၌ အရာရှိ၊ စစ်သည်၊ မိသားစုများကလည်း မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲများကို ကျင်းပပြုလုပ်လျက်ရှိသည်။

ထိုသို့ ထမနဲထိုးပြိုင်ပွဲများကို ယနေ့တွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်နှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ်တို့၌ အသီးသီးကျင်းပပြုလုပ်ကြရာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် တိုင်းစစ်ဌာနချုပ်အလိုက်ပြိုင်ပွဲဝင်အသင်းများက မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကို စည်ကားသိုက်မြိုက်စွာ ပါဝင်ဆင်နွှဲကြသည်။

အဆိုပါ ထမနဲထိုးပြိုင်ပွဲများသို့ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကြပြီး ပြိုင်ပွဲများတွင် ဆုရရှိကြသည့်အသင်းများအား ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)



ရန်ကုန်တိုင်းစစ်ဌာနချုပ်၌ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပစဉ်။




တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင်က နှစ်သစ်ကူးအမှတ်တရလက်ဆောင်များပေးအပ်စဉ်။

# ကျိုင်းတုံမြို့၊ မိုင်းဇင်းကျေးရွာအုပ်စု၊ ပင်းဆိုင်း "ဝ" ကျေးရွာ၌ ( ၄၉ )ကြိမ်မြောက် "ဝ" တိုင်းရင်းသား စုပေါင်းနှစ်သစ်ကူးပွဲတော်ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၇

ရှမ်းပြည်နယ်( အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့၊ မိုင်းဇင်းကျေးရွာအုပ်စု၊ ပင်းဆိုင်း "ဝ" ကျေးရွာတွင် ( ၄၉ )ကြိမ်မြောက် "ဝ" တိုင်းရင်းသား စုပေါင်းနှစ်သစ်ကူးပွဲတော်ကို ယနေ့ နေ့လယ်ပိုင်းတွင် ကျင်းပပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ "ဝ" တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များ၊ ဒေသခံတိုင်းရင်းသားများတက်ရောက်ကြသည်။

ဦးစွာ "ဝ"တိုင်းရင်းသားလူငယ်မောင်မယ်များက "ဝ" တေးသီချင်းများသီဆို၍ အခမ်းအနားကိုဖွင့်လှစ်ပြီး တိုင်းမှူးက နှစ်သစ်ကူးနှုတ်ခွန်းဆက် အဖွင့်အမှာစကားပြောကြားခဲ့သည်။ ထို့နောက် တိုင်းမှူးက နှစ်သစ်ကူးအမှတ်တရလက်ဆောင်များပေးအပ်ရာ "ဝ" စာပေနှင့်ယဉ်ကျေးမှုအဖွဲ့ဥက္ကဋ္ဌမှ လက်ခံရယူခဲ့သည်။

၎င်းနောက် "ဝ"အမျိုးသားပါတီဒုတိယဥက္ကဋ္ဌ ဒေါက်တာဆမ်းမားကို့စ်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး "ဝ" စာပေနှင့်ယဉ်ကျေးမှုအဖွဲ့အတွင်းရေးမှူးက ကျေးဇူးတင်စကားပြောကြားကာ အမှတ်တရမှတ်တမ်းဓာတ်ပုံများ ရိုက်ကူးကြသည်။ ယင်းနောက် "ဝ" တိုင်းရင်းသားရိုးရာအကများဖြင့် သီဆိုဖျော်ဖြေခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

## ထူးခြားသည့် ညအပူချိန်များ


၇-၂-၂၀၂၅

| | | | | |
|---|---|---|---|---|
| ဟားခါး | သုည | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| နမ့်စန် | ၁ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| (ရှမ်းပြည်နယ်တောင်ပိုင်း) | | | | |
| ဟဲဟိုး | ၃ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယက် |
| ပြင်ဦးလွင် | ၃ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယက |

# နိုင်ငံတော်အစိုးရအနေဖြင့် Online လိမ်လည်မှုနှင့် အခြားဒုစရိုက်လုပ်ငန်းများကို နှိမ်နင်းဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ ပြည်သူ့စစ်မှုထမ်းဆိုင်ရာမေးမြန်းမှုများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ပြောကြားချက်

၇-၂-၂၀၂၅

ဒီနေ့မှာတော့ မီဒီယာများမေးမြန်းနေကြတဲ့ Online လိမ်လည်မှုနဲ့အခြားဒုစရိုက်လုပ်ငန်းများကို နိုင်ငံတော်အစိုးရအနေနဲ့ နှိမ်နင်းနေတဲ့အခြေအနေနှင့် ပြည်သူ့စစ်မှုထမ်းကိစ္စတွေနဲ့ပတ်သက်ပြီး မေးမြန်းထားတာတွေကို ပြန်လည်ဖြေကြားသွားပါမယ်။




ကျွန်တော်တို့မြန်မာနိုင်ငံအစိုးရအနေနဲ့ တရားမဝင် Online လောင်းကစားငွေကြေးလိမ်လည်မှု ကျားဖြန့်နဲ့ အခြားဒုစရိုက်လုပ်ငန်းများကို နိုင်ငံတကာနဲ့ ပူးပေါင်းပြီး ကျယ်ကျယ်ပြန့်ပြန့် နှိမ်နင်းဆောင်ရွက်လျက်ရှိပါတယ်။ ဒီနှစ် ဖေဖော်ဝါရီလ ၃ ရက်နေ့ ပြည်ထောင်စုအစိုးရအဖွဲ့ လုပ်ငန်းညှိနှိုင်း အစည်းအဝေးမှာလည်း တိုင်းဒေသကြီးနဲ့ ပြည်နယ်ဝန်ကြီးချုပ်တွေ၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဝန်ကြီးများကို တရားမဝင် Online လောင်းကစားနဲ့ ငွေကြေးလိမ်လည်မှု ကျားဖြန့်ကိုအကြောင်းပြုပြီး နိုင်ငံတော်မှာအခက်အခဲတွေဖြစ်ပေါ်နေတဲ့အတွက် ထိထိရောက်ရောက် အရေးယူမှုတွေဆောင်ရွက်ခဲ့ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အနေနဲ့ ပြောကြားခဲ့ပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ နိုင်ငံတကာနဲ့ ပူးပေါင်းပြီး အဲဒီဒုစရိုက်မှုနှိမ်နင်းရေးကို တက်ကြွကျယ်ပြန့်စွာ ဆောင်ရွက်လျက်ရှိကြောင်းလည်း ပြောကြားခဲ့ပါတယ်။ တရားမဝင် Online လောင်းကစားနဲ့ ငွေကြေးလိမ်လည်မှုလုပ်ငန်းတွေ အခြားဒုစရိုက်လုပ်ငန်းများမရှိစေရေး မဖြစ်ပေါ်စေရေးအတွက် ဖော်ထုတ်အရေးယူခြင်းတွေကို တင်းတင်းကျပ်ကျပ် ပြတ်ပြတ်သားသား ကိုင်တွယ်ဆောင်ရွက်သွားကြဖို့ လိုအပ်ကြောင်း ပြောကြားခဲ့ပါတယ်။ ၎င်းအပြင် မူးယစ်ဆေးဝါးကိစ္စတွေ၊ အခြားဒုစရိုက်မှုတွေပါ ပါဝင်ဆောင်ရွက်နေသူများအပြင် သက်ဆိုင်ရာနယ်မြေအလိုက် တာဝန်ရှိသူတွေ ပတ်သက်နေလို့ရှိရင် အားလုံးကို ထိရောက်စွာအရေးယူဆောင်ရွက်သွားမှာဖြစ်ကြောင်း အားလုံးက အလေးထားလိုက်နာ ဆောင်ရွက်သွားကြဖို့ လေးနက်စွာပြောကြားခဲ့ပါတယ်။ Online လောင်းကစားမှုတွေနဲ့ပတ်သက်ပြီး နှိမ်နင်းရေးများဆောင်ရွက်ရာမှာ ထိုင်း-မြန်မာနယ်စပ်ဒေသဖြစ်တဲ့ မြဝတီမြို့ အနီးရွှေကုက္ကိုလ်နဲ့ KK Park နယ်မြေအတွင်းမှာလည်း Online လိမ်လည်မှု၊ Online လောင်းကစားမှုတွေ ကျူးလွန်ဖို့ အဓမ္မလူကုန်ကူးခြင်းခံရတဲ့ တရုတ်နိုင်ငံသား ၃၉ ဦး၊ ကာဇက်စတန် နိုင်ငံသား ၁ ဦး၊ အင်ဒိုနီးရှားနိုင်ငံသား ၅ ဦး၊ အီသီယိုးပီးယားနိုင်ငံသား ၁ ဦး၊ ပါကစ္စတန်နိုင်ငံသား ၁ ဦး၊ မလေးရှားနိုင်ငံသား ၁ ဦး၊ အိန္ဒိယနိုင်ငံသား ၁၃ ဦး စုစုပေါင်း ၆၁ ဦး တို့ကို ဖော်ထုတ်ရရှိပြီး ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ၆ ရက်နေ့မှာ မြန်မာနိုင်ငံတော်အစိုးရ တာဝန်ရှိတဲ့သူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ လူဝင်မှုကြီးကြပ်ရေးအဖွဲ့ တာဝန်ရှိသူများက ထိုင်းနိုင်ငံဘက်က တာဝန်ရှိသူများကို လွှဲပြောင်းပေးအပ်ခဲ့ပါတယ်။ ၎င်းတို့ကိုစစ်ဆေးမေးမြန်းချက်များအရ သူတို့သည် ကွန်ပျူတာနဲ့ ပတ်သက်တဲ့လုပ်ငန်းတွေ ဘာသာပြန်လုပ်ငန်းတွေမှာ လစာတွေအများအပြား လုပ်ကိုင်ရမည်ဟု Online ကနေတစ်ဆင့် သွေးဆောင်စည်းရုံးခြင်း၊ မက်လုံးပေးသိမ်းသွင်းခြင်း၊ လိမ်လည်ခြင်းခံခဲ့ရကြောင်းသိရပါတယ်၊ သူတို့က သက်ဆိုင်ရာနိုင်ငံအသီးသီးကနေ ထိုင်းနိုင်ငံ ဘန်ကောက်မြို့ ၎င်းမှတစ်ဆင့် မြန်မာ-ထိုင်း နယ်စပ်မြို့ဖြစ်တဲ့ မဲဆောက်မြို့ကို ကနဦးရောက်ရှိလာပြီး တရားမဝင် ကျားဖြန့်လုပ်ငန်းက ကိုယ်စားလှယ်တွေက ထိုင်း-မြန်မာ နယ်စပ်မှာရှိတဲ့ သောင်ရင်းမြစ်ကို တရားမဝင် ဖြတ်ကျော်ခေါ်ဆောင်ပြီး မြဝတီ ရွှေကုက္ကိုလ်နဲ့ KK Park နယ်မြေအတွင်း Online လိမ်လည်မှုတွေ၊ Online လောင်းကစားမှုတွေမှာ ပါဝင်လုပ်ဆောင်ရန်အတင်းအဓမ္မစေခိုင်းခြင်းခံခဲ့ရကြောင်း သိရှိခဲ့ရပါတယ်။

အလားတူ ရှမ်းပြည်နယ်အရှေ့မြောက်အရှေ့ဘက်မှာလည်း Online လိမ်လည်မှု ကျားဖြန့်နဲ့ ပတ်သက်တဲ့ အခြားဒုစရိုက်မှုများနဲ့ပတ်သက်တဲ့ ဒုစရိုက်မှုတွေကို နိုင်ငံတော်အစိုးရအနေနဲ့ စစ်ဆင်ရေးတစ်ရပ်သဖွယ် ဆောင်ရွက်လျက်ရှိပါတယ်။ ယခုလ ဖေဖော်ဝါရီလ ၅ ရက်နေ့မှာ ရှမ်းပြည်နယ် မိုင်းရယ်မြို့ မိုင်းဟာဒေသအတွင်းမှာ ကျားဖြန့်လုပ်ငန်းတွေ ဆောင်ရွက်နေတယ်ဆိုတဲ့ သတင်းအရ လုံခြုံရေးတပ်ဖွဲ့များဟာ သွားရောက်ပြီး နယ်မြေစစ်ဆေးမှုတွေ ဆောင်ရွက်ခဲ့ပါတယ်။ မိုင်းရယ်မြို့နယ် မိုင်းဟာဒေသ နောင်ဟာန်ရွာအနီးမှာ ကျားဖြန့်လုပ်ငန်းများ ဆောင်ရွက်နေတဲ့ အဆောက်အအုံ ၇ လုံးကို တွေ့ရှိတဲ့အတွက် ဝင်ရောက်ပြီး ရှင်းလင်းခဲ့ရာမှာ လက်နက်များ၊ ခဲယမ်းများနဲ့အတူ ကျားဖြန့်လုပ်ငန်းများ လုပ်ကိုင်ရာမှာအသုံးပြုတဲ့ ဖုန်း ၁၈၁ လုံး၊ လက်တော့ ၂၅ လုံး၊ Desktop ၂၁ လုံး၊ ကီးဘုတ် ၂၈ ခုနဲ့ ဝိုင်ဖိုင်စက် ၂ လုံး၊ Star Link အင်တာနက်ဆက်သွယ်ရေးစက် ၂ စုံနဲ့ ဆိုလာများ၊ ဘက်ထရီများ ဖမ်းဆီးရမိခဲ့ပါတယ်။

တစ်ချိန်တည်း တစ်ပြိုင်တည်းမှာပဲ မိုင်းရယ်မြို့အရှေ့တောင်ဘက်သတင်းရတဲ့နေရာကို သွားရောက်ရှင်းလင်းတဲ့အခါမှာ ကျားဖြန့်လုပ်ငန်းကို အကာအကွယ်ပေးနေတဲ့ လက်နက်ကိုင်သောင်းကျန်းသူ ၅ ဦးနဲ့ ပစ်ခတ်တာခံခဲ့ရပါတယ်။ မိမိဘက်ကလည်း ပြန်လည်ပစ်ခတ်ခဲ့ပါတယ်။ သေဆုံးဒဏ်ရာရရှိမှု အနည်းငယ်ရှိခဲ့ပါတယ်။ အဲဒီမှာတော့ တရုတ်နိုင်ငံသား ကျား၇ ဦး၊ မ ၁ ဦး၊ မြန်မာနိုင်ငံသား ကျား ၈ ဦး၊ မ ၄ ဦးတို့ကို လက်နက် ၆ လက်နဲ့အတူ ဖမ်းဆီးရမိခဲ့ပါတယ်။ ၎င်းနယ်မြေကို ဖေဖော်ဝါရီလ ၆ ရက်နေ့မှာ အသေးစိတ်စစ်ဆေးမှုတွေ ဆောင်ရွက်ခဲ့ပါတယ်။ ဆောင်ရွက်ခဲ့တဲ့နေရာမှာ မိုင်းကောင်ရဲ့အနောက်တောင်ဘက်နေရာ နှစ်နေရာကနေ ထွက်ပြေးတိမ်းရှောင်နေတဲ့ တရုတ်နိုင်ငံသား ကျား ၃ ဦး၊ မ ၁ ဦး ထပ်မံဖမ်းဆီးရမိခဲ့ပါတယ်။ ဒါ့အပြင် မိုင်းကောင်ရဲ့ အနောက်တောင်ဘက်ကို ထပ်မံရှာဖွေတဲ့နေရာမှာ ထွက်ပြေးတိမ်းရှောင်နေတဲ့ ဗီယက်နမ်နိုင်ငံသား မ ၁၈ ဦး၊ မြန်မာနိုင်ငံသား ကျား ၂ ဦး၊ မ ၂၅ ဦးနဲ့ စုစုပေါင်း ၄၅ ဦးတို့ကို ကွန်ပျူတာ ၇၂ လုံး၊ Star Link အင်တာနက်စက် ၅ လုံး၊ ဖုန်းမျိုးစုံ ၇၉ လုံး၊ ငါးဂိမ်းစက် ၅ လုံး၊ မော်တော်ယာဉ် ၂ စီးတို့နဲ့အတူ ဖမ်းဆီးရမိခဲ့ပါတယ်။ ဖမ်းဆီးရမိသူများကို လိုအပ်တဲ့ စုံစမ်းစစ်ဆေးမှုများပြုလုပ်ပြီး လုပ်ထုံးလုပ်နည်းများအတိုင်း ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒီ Online လောင်းကစားမှု၊ ငွေကြေးလိမ်လည်မှုတွေနဲ့ ပတ်သက်ပြီး နယ်စပ်ဒေသများမှာ ဖြစ်ပေါ်နေတဲ့ တရားမဝင် Online လောင်းကစားမှုများကို နှိမ်နင်းဆောင်ရွက်လျက်ရှိမှု အခြေအနေများနဲ့စပ်လျဉ်းပြီးလည်း မြန်မာနိုင်ငံအစိုးရအနေနဲ့ ဇန်နဝါရီလ ၂၀ ရက်နေ့မှာ ပွင့်လင်းမြင်သာစွာ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်ပါတယ်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အစိုးရအဖွဲ့အစည်းအဝေးမှာ ညွှန်ကြားခဲ့သလို မြန်မာနိုင်ငံအစိုးရအနေနဲ့ Online လိမ်လည်မှု၊ လောင်းကစားမှုများဟာ မိမိတို့မြန်မာနိုင်ငံသူ၊ နိုင်ငံသားများသာမကပဲနဲ့ လူသားအားလုံးအပေါ်မှာ လိမ်လည်ပြစ်မှုကျူးလွန်ခြင်း၊ အခြားဆက်စပ်ပြစ်မှုကျူးလွန်ခြင်းများဖြစ်တဲ့အတွက် နိုင်ငံတကာအဖွဲ့အစည်းများနဲ့ ပူးပေါင်းပြီး ပြတ်ပြတ်သားသား ချေမှုန်းသွားမှာဖြစ်ကြောင်း ပြောကြားလိုပါတယ်။

နောက်တစ်ခုက ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်ပြီး ပြည်သူ့စစ်မှုထမ်းနည်းဥပဒေ ထွက်ပေါ်လာပြီးနောက်ပိုင်းမှာ ပြည်ဖျက်မီဒီယာများ၊ အကြမ်းဖက်လှုံ့ဆော်သူများအနေနဲ့ ပြည်သူလူထုကို ထင်ယောင်ထင်မှားဖြစ်အောင်၊ ကြောက်လန့်အောင် လုပ်ဆောင်လျက်ရှိကြောင်း တွေ့ရှိရပါတယ်၊ ပြည်သူ့စစ်မှုထမ်းနည်းဥပဒေနှင့်ပတ်သက်ပြီး ကျယ်ကျယ်ပြန့်ပြန့် ဖတ်ရှုလေ့လာနိုင်စေရေး ဆောင်ရွက်ထားရှိပြီးဖြစ်ပါတယ်။ ကာကွယ်ရေးဝန်ကြီးဌာနရဲ့ Website၊ Webportal ၊ ဥပဒေရေးရာဝန်ကြီးဌာနရဲ့ Website ၊ Webportal နဲ့ ပြန်ကြားရေးဝန်ကြီးဌာနရဲ့ Website၊ Webportal၊ မြဝတီ Webportal၊ Myanmar National Portal တို့မှာ ဖတ်ရှုလေ့လာနိုင်ပါတယ်။ ဒါ့အပြင် ပြည်သူ့စစ်မှုထမ်းကိစ္စတွေနဲ့ပတ်သက်ပြီး ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စတွေနဲ့စပ်လျဉ်းပြီး စုံစမ်းမေးမြန်းတာတွေ မသမာမှုများနဲ့ပတ်သက်ပြီး တိုင်ကြားခြင်းတွေကို တိကျစွာဆက်သွယ်သတင်းပေးပို့နိုင်ကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်ပြီး တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ကြောင်း အသိပေးထားတာကို ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဗဟိုအဖွဲ့က ထုတ်ပြန်ခဲ့ပြီးဖြစ်ပါတယ်။ ထိုနေရာမှာလည်း Update ပြုလုပ်ပေးထားတဲ့ ဖုန်းနံပါတ်များကို ဖော်ပြထားပြီးဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီး ဒီနေရာကနေ သတင်းပေးတိုင်ကြားခဲ့လို့လည်း မသမာမှုများနဲ့ပတ်သက်ပြီး စုံစမ်းမေးမြန်းခြင်း၊ အရေးယူခြင်းများ ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ နောက်တစ်ခုကတော့ ပြည်သူ့စစ်မှုထမ်းဥပဒေမှာရော နည်းဥပဒေမှာရော အမျိုးသမီးအသက်ဘယ်လောက်၊ အမျိုးသားအသက်ဘယ်လောက်ဆိုတာ ပြောခဲ့ပြီးဖြစ်ပါတယ်၊ ဒါကိုမူတည်ပြီးတော့ အမျိုးသမီးများကို ခြိမ်းခြောက်နေတာမျိုးတွေရှိကြောင်းလည်း တွေ့ရှိရပါတယ်။ ဒါနဲ့ပတ်သက်ပြီး ကျွန်တော့်အနေနဲ့ အတိအလင်းပြောကြားလိုတာကတော့ ပြည်သူ့စစ်မှုထမ်းဥပဒေ၊ နည်းဥပဒေမှာ အမျိုးသမီးများ စစ်မှုထမ်းရန်အတွက် အကျုံးဝင်သော်လည်း အမျိုးသမီးပြည်သူ့စစ်မှုထမ်းများကိုဆင့်ခေါ်ရန် အစီအစဉ်မရှိသေးကြောင်း ကျွန်တော့်အနေနဲ့ပြောကြားလိုပါတယ်။

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၁၆°c | / | ၃၂°c |
| ရန်ကုန် | ၁၉°c | / | ၃၂°c |
| မန္တလေး | ၁၈°c | / | ၃၄°c |

လျှပ်စစ်မီးကို

ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို

ချွေတာကြပါစို့

## ၇-၂-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား

( ၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ (၅,၄၈၀,၀၀၀)ကျပ် ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

# ဟိုပုံးမြို့နယ်၌ (၇၈)နှစ်မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနားကျင်းပ



ဟိုပုံး ဖေဖော်ဝါရီ ၇

ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုပုံးမြို့နယ်၌ (၇၈)နှစ်မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနားကို ဖေဖော်ဝါရီလ ၇ ရက်နံနက်ပိုင်းတွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၇၈)နှစ်မြောက် ရှမ်းပြည်နယ်နေ့ အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာအား ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေးက ဖတ်ကြားပြီး (၇၈)နှစ်မြောက် ရှမ်းပြည်နယ်နေ့ အခမ်းအနားသို့ ရှမ်းပြည်နယ်ဝန်ကြီးချုပ်မှ ပေးပို့သည့်သဝဏ်လွှာအား ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမျိုးအောင်က ဖတ်ကြားသည်။

အဆိုပါအခမ်းအနားသို့ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ထွန်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြောင်း သိရသည်။

ပအိုဝ်းဒေသ(ပြန်/ဆက်)

# ကျောင်းသား ကျောင်းသူများအား တတိယအကြိမ် အာဟာရများကျွေးမွေး

တနင်္သာရီ ဖေဖော်ဝါရီ ၇



တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ် အောက်ကင်းအရှေ့ရွာ အခြေခံပညာမူလတန်းကျောင်းရှိ ကျောင်းသား၊ ကျောင်းသူများအား မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့်အလှူရှင်မိသားစုကပူးပေါင်း၍ ဖေဖော်ဝါရီလ ၆ ရက်နံနက်ပိုင်းတွင် တတိယအကြိမ် ကျန်းမာရေးနှင့် ညီညွတ်မျှတသည့် အာဟာရများကို ကျွေးမွေးကြောင်းသိရသည်။

အဆိုပါ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် အလှူရှင်မိသားစုက တတိယအကြိမ်အဖြစ် အာဟာရပြည့်ဝမျှတ၍ ကျန်းမာရေးနှင့် ညီညွတ်သောစားသောက်ဖွယ်ရာများကို သူငယ်တန်းမှပဉ္စမတန်းအထိ ကျောင်းသား၊ ကျောင်းသူ ၉၃အားကျွေးမွေးသည်။

ထိုသို့ ကျောင်းသား၊ ကျောင်းသူများအား အာဟာရများကျွေးမွေးစဉ် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဆရာမများ၊ မြို့နယ်လက်ထောက်ပညာရေးမှူး ဦးဇင်မင်းလတ်၊ ကျောင်းအုပ်ဆရာကြီးနှင့် အလှူရှင်က လိုက်လံအားပေးကြည့်ရှုကြောင်း သိရသည်။

နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)

## တွေးဆသယ်ပိုး

* ရိုင်းပင်းအား တည်ထောင်ပြုတဲ့
တိုင်းရင်းသား ညီနောင်ထုရဲ့
ပြည်ထောင်စုတို့နိုင်ငံ။

* အတိတ်သမိုင်းတွင်
စိတ်ရိုင်းဝင်နယ်ချဲ့မိစ္ဆာတို့
ကျူးကျော်ကာ စိုးမိုးမှု
တွန်းလှန်ပြု အောင်ပွဲတွေ
ပင်လုံမြေမှာ ညီညွတ်ခြင်းကြောင့်
လွတ်ကင်းခဲ့ပြန်။

* ပြည်ထောင်စုစိတ် ဦးထိပ်ပန်
ထက်သန်လို့ရွယ်ကိုး။

* ပြည်ထောင်စုနေ့ သမယမှာလ
တွေးဆမြင်ယောင်ကာပေါ့
ကမ္ဘာမှာ ရွှေမြန်မာတို့
တင့်တယ်စွာ ပသာဒရယ်နဲ့
ဝင့်ထည်ကာ ထာဝရပါပဲ
စွမ်းရည်ပြကာ တည်ထောင်မှု
ပြည်ထောင်စု စိတ်ဓာတ်အား
ပွားများကာ လက်တွဲညီညီဖြင့်
အခက်အခဲ အလီလီအောင်မြင်ရေးကို
တွေးဆသယ်ပိုး ။ ။

**မနောသစ် (ပခုက္ကူ)**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၈-၂-၂၀၂၅ (စနေနေ့)

| | |
|---|---|
| ၁။ ၀၆:၀၂ တရားတော် | ၇။ ၁၀:၁၀ နိုင်ငံတကာသတင်း |
| ၂။ ၀၈:၀၀ မြဝတီရုပ်မြင်သံကြားသတင်း | ၈။ ၁၇:၀၀ မျိုးချစ်တပ်မတော် |
| ၃။ ၀၈:၁၀ မွေးမြူသုတ | ၉။ ၁၉:၀၀ **ရုပ်မြင်သံကြား ဇာတ်လမ်း ကမ္ဘာတည်သရွေ့ တည်ရှိနေမည်ငါတို့ရဲ့ အမွေအပိုင်း(၂) ဇာတ်သိမ်းပိုင်း သရုပ်ဆောင် ဟန်းကို ကိုကျော်၊ သဥ္စာမြင့်မိုရ်** |
| ၄။ ၀၈:၂၀ မောင်မယ်လေးများ သီချင်း | |
| ၅။ ၀၉:၂၀ လူထုတိုင်းကျန်းမာ သိမှတ်စရာ | |
| ၆။ ၀၉:၃၀ အမှတ်တရ နေ့ရက်များ | |

## သဇင် (FM)အသံလွှင့်အစီအစဉ်

၈-၂-၂၀၂၅(စနေနေ့)

| | |
|---|---|
| ၁။ ၀၈:၀၀ ယဉ်ကျေးလိမ္မာဖို့ နားဆင်စို့ | ၄။ ၁၄:၅၀ Business Tips |
| ၂။ ၀၈:၂၀ Morning Song | ၅။ ၁၆:၀၀ Holiday Vibes |
| ၃။ ၁၁:၅၀ စိုက်မွေးသုတ | ၆။ ၂၁:၂၀ ဇာတ်လမ်းအသွင် တေးသံစဉ် |

# ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး ဘာသာရပ်အလိုက် သင်ကြားပို့ချ

မြန်အောင် ဖေဖော်ဝါရီ ၇

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် ပညာရေးဌာနတို့ကြီးမှူး၍ မြန်အောင်မြို့နယ်၌ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး အတွက် ပုသိမ်တက္ကသိုလ်မှ ပါမောက္ခများ၊ ကထိကများဦးဆောင်၍ ဘာသာရပ်အလိုက် သင်ကြားပို့ချခြင်းကို ဖေဖော်ဝါရီလ ၇ ရက် နံနက်ပိုင်းတွင် မြန်အောင်မြို့ အောင်ဇေယျခန်းမ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း (နေခြည်မြန်အောင်)နှင့် အခြေခံပညာအလယ်တန်းကျောင်း(လက်ပံရပ်)တို့ရှိ ခန်းမများ၌ကျင်းပသည်။



ရှေးဦးစွာ ဒွါဒသမတန်းမှကျောင်းသား၊ ကျောင်းသူ ၈၃၆ ဦးအား ပုသိမ်တက္ကသိုလ်မှ ပါမောက္ခ၊ ကထိက ဆရာကြီး၊ ဆရာမကြီး ၁၀ ဦးတို့က ဘာသာရပ်ကိုးမျိုးအတွက် တက္ကသိုလ်ဝင်စာမေးပွဲအမှတ်ပေးစည်းမျဉ်းများနှင့်အညီ ပို့ချဆွေးနွေးသည်။

အဆိုပါသင်ကြားပို့ချနေမှုကို မြန်အောင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဦးမျိုးလှိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေမင်းထွန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်အောင်ခရိုင်/ မြို့နယ်ပညာရေးမှူးရုံးမှ တာဝန်ရှိသူများ၊ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နေခြည်ဝင်းနှင့်အဖွဲ့ဝင်များက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သိရသည်။

ဝင်းဗိုလ် (မြန်အောင်)

**"ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့အားပေးမှုကြောင့် ဒီပွဲမှာလာပြသခွင့်ရပြီး ကျွန်မတို့ Product ကို လူသိလာမယ်။ ဈေးကွက်ချိတ်ဆက်မှုတွေလည်းရှိလာမယ်။ ကိုယ်မျှော်မှန်းထားတဲ့ ပြည်ပဈေးကွက်အတွက် MSME ပြပွဲရဲ့ အကူအညီနဲ့လွယ်ကူချောမွေ့နိုင်မယ်လို့ ထင်မိပါတယ်။ အဓိကကတော့ ကိုယ့်အားတစ်ခုတည်းနဲ့ဆို အရွေ့ကနှေးနေပြီး နိုင်ငံတော်ကနေပံ့ပိုးပေးတဲ့ MSME အခန်းကဏ္ဍ အကူအညီနဲ့ကျတော့ အရွေ့မြန်သွားတယ်လို့ ခံစားရပါတယ်"**

**ဒေါ်နန်းလင်းဟွမ်**
Commercial Director ၊ Pounamu Bamboo Design & Construction

နေပြည်တော် ဖေဖော်ဝါရီ ၇

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကို နေပြည်တော် ဥပ္ပါတသန္တိစေတီတော်အနီးရှိတပေါင်းကွင်း၌ ဖေဖော်ဝါရီလ ၁၀ ရက်မှ ၁၄ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ MSME ထုတ်ကုန်များ၊ ဒေသထွက်ကုန်ပစ္စည်းများ၊ လယ်ယာလုပ်ငန်းနှင့် စက်မှုလုပ်ငန်း ထုတ်ကုန်များ၊ ရိုးရာအစားအစာများ ခင်းကျင်းပြသရောင်းချသွားမည့်အပြင် ဂီတဖျော်ဖြေပွဲများကိုလည်း ထည့်သွင်းကျင်းပသွားမည်ဖြစ်သည်။

ထို့ကြောင့်ပြပွဲအတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ဒေသထွက် MSME ထုတ်ကုန်များ၊ ရိုးရာအစားအစာများကို တစ်နေရာတည်းတွင် လေ့လာဝယ်ယူစားသုံးနိုင်ပြီး တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းများကိုလည်း လေ့လာနိုင်မည်ဖြစ်သည်။

ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲတွင် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်ထုတ်ကုန်များ ပါဝင်ပြသနိုင်ရေး ပြင်ဆင်ဆောင်ရွက်လျက်ရှိသည့် အခြေအနေနှင့်စပ်လျဉ်း၍ ပြည်သူများသိရှိနိုင်ရန် တွေ့ဆုံမေးမြန်းရေးသားတင်ပြလိုက်ရပါသည် -

**ဒေါ်နန်းလင်းဟွမ်**
**Commercial Director ၊ Pounamu Bamboo Design & Construction**
**ရှမ်းပြည်နယ် MSME ထုတ်ကုန်ပြခန်း**



ကျွန်မတို့အနေနဲ့ ဝါးဒီဇိုင်းနဲ့ ဆောက်လုပ်ရေးလုပ်ငန်းကို ဆောင်ရွက်နေတာ သက်တမ်း ကိုးနှစ်ရှိပါပြီ။ ဝါးပရိဘောဂတွေ ထုတ်လုပ်တာကတော့ လေးနှစ်လောက်ပဲ ရှိပါတယ်။ ကျွန်မတို့ ဝါးတွေဟာ ကြာရှည်ခံပါတယ်၊ ပိုးမထိုးအောင်ပေါင်းပြီး အသုံးပြုဆောင်ရွက်တာဖြစ်ပါတယ်။ indoor သုံးပစ္စည်းတွေဆိုရင် နှစ်ပေါင်း အတော်ကြာသုံးစွဲနိုင်ပါတယ်။ ကျွန်မတို့ Bamboo design and construction နဲ့ Furniture & Decors Products တွေကိုပဲ အဓိက ထုတ်လုပ်တာဖြစ်ပါတယ်။ ထုတ်လုပ်လိုက်တဲ့ ပစ္စည်းတွေရဲ့လက်ရာ၊ အရည်အသွေးတွေကို အကောင်းမွန်ဆုံးနဲ့ နိုင်ငံခြားဈေးကွက်ကို တင်ပို့ရောင်းချနိုင်တဲ့အဆင့်အထိ စနစ်တကျထုတ်လုပ်ပါတယ်။ ဒါပေမဲ့ ကျွန်မတို့အနေနဲ့ ဈေးကွက်ခိုင်ခိုင်မာမာရရှိဖို့ ကြိုးစားနေဆဲဖြစ်ပါတယ်။ အခုလို ပြပွဲတွေ ကျင်းပပြီးပြသခွင့်ရတော့ အထောက်အကူများစွာရရှိပါတယ်။

ပစ္စည်းတွေကို အရည်အသွေးကောင်းကောင်းနဲ့ ထုတ်တယ်။ ဒီလိုထုတ်လုပ်နိုင်ပေမယ့် ဘယ်လိုစပြီး ဈေးကွက်ဖောက်ရမလဲဆိုတာ စဉ်းစားလို့မရဘူး။ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့အားပေးမှုကြောင့် ဒီပွဲမှာလာပြသခွင့်ရပြီး ကျွန်မတို့ Product ကို လူသိလာမယ်။ ဈေးကွက်ချိတ်ဆက်မှုတွေလည်း ရှိလာမယ်။ ကိုယ်မျှော်မှန်းထားတဲ့ ပြည်ပဈေးကွက်အတွက် MSME ပြပွဲရဲ့ အကူအညီနဲ့လွယ်ကူချောမွေ့နိုင်မယ်လို့ ထင်မိပါတယ်။ အဓိကကတော့ ကိုယ့်အားတစ်ခုတည်းနဲ့ဆို အရွေ့ကနှေးနေပြီး နိုင်ငံတော်ကနေပံ့ပိုးပေးတဲ့ MSME အခန်းကဏ္ဍ အကူအညီနဲ့ကျတော့ အရွေ့မြန်သွားတယ်လို့ ခံစားရပါတယ်။

**ဒေါ်မိုးသူဇာ**
**ခါတော်ဦးပဲကြော်၊ လက်ဖက်ရောင်းဝယ်ရေးလုပ်ငန်း မကွေးတိုင်းဒေသကြီး MSME ထုတ်ကုန်ပြခန်း**

ဒီနှစ်မှာ ကျွန်မတို့လို MSME လုပ်ငန်းတွေကို Wholesale တွေနဲ့ ချိတ်ဆက်လို့ရအောင်စီစဉ်ပေးတာကတော့ အထူးဝမ်းသာရပါတယ်။ ကျွန်မတို့ မကွေးတိုင်းဒေသကြီးက မြေပဲအပါအဝင် ပဲမျိုးစုံ ထွက်ရှိတယ်။ အဲဒီတော့ပဲကြော်လုပ်ငန်းဆိုတာ အများကြီးရှိတယ်။ ဒီလိုလုပ်ငန်းတွေတူရင် ကိုယ့်ဘက်က တီထွင်ဆန်းသစ်မှုနဲ့ဝန်ဆောင်မှုကို ပိုပြီး အားစိုက်ထည့်ရတယ်။ ဒါ့ကြောင့်



ကျွန်မရဲ့ ကုန်ပစ္စည်း ပဲကြော်အတွက် ပဲဆီသန့်ကိုပဲသုံးတယ်။ စားသုံးသူကို ဝယ်ယူချင်အောင် ထုပ်ပိုးမှုကို စနစ်တကျလုပ်တယ်၊ စားသုံးသူအတွက် ကိုယ့်ထုတ်ကုန်အပေါ် အပြည့်အဝ အားစိုက်ပေးထားပေးမယ့် ဈေးကွက်ချဲ့နိုင်ဖို့ကလည်းလိုအပ်ပါတယ်။

ဒီလို ပြပွဲတွေကျင်းပပေးတဲ့အတွက် ကျွန်မတို့လို MSME လုပ်ငန်းတွေ ဈေးကွက်ချဲ့ထွင်နိုင်တယ်။ ဖောက်သည်အသစ်တွေရတယ်။ ကိုယ့်လုပ်ငန်းအတွက် ကိုယ်တစ်ဦးတစ်ယောက်ထဲ ကြိုးစားပြီး ဒီလိုဈေးကွက်ချဲ့ထွင်နိုင်ဖို့က မလွယ်ကူပါဘူး။ အခုလိုပြပွဲကျင်းပပေးတော့ တစ်နိုင်ငံလုံးက တစ်နေရာတည်းမှာ စုစည်းပြီးလုပ်ငန်းအတွက် လိုအပ်တာတွေ ဖလှယ်ခွင့်ရတယ်။ ဒီလိုဖလှယ်ခွင့်ရအောင်လည်း လုပ်ငန်းအချင်းချင်း ချိတ်ဆက်မှုတွေ၊ ပြည်ပပို့ကုန်အဖြစ် ပို့နိုင်အောင် အချိတ်အဆက်တွေ၊ ဘဏ်ကိစ္စရပ်တွေကို အလွယ်တကူဆောင်ရွက်နိုင်အောင်ပြပွဲနဲ့အတူစီစဉ်ပေးထားတော့ ပိုပြီးအဆင်ပြေသွားပါတယ်။ MSME လုပ်ငန်းတွေကို အားပေးတဲ့ ဒီလိုပြပွဲမျိုးတွေ၊ အစီအစဉ်မျိုးတွေ အမြဲရှိစေချင်ပါတယ်။ ဒီလိုစီစဉ်ဆောင်ရွက်ပေးတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်။

**ဒေါ်မော်မော်အေး**
**Royal မမော်မောတောင်ကော်ဖီနှင့် ဒေသထွက်ကုန်များ တနင်္သာရီတိုင်းဒေသကြီး MSME ထုတ်ကုန်ပြခန်း**



MSMEထုတ်ကုန်ပြပွဲ၊ ပြိုင်ပွဲမှာ ကျွန်မအနေနဲ့ တနင်္သာရီတိုင်းဒေသကြီး ဒေသထွက်ကုန်ဖြစ်တဲ့ မောတောင်ကော်ဖီကို ပါဝင်ပြသသွားမှာဖြစ်ပါတယ်။ တနင်္သာရီတိုင်းဒေသကြီးက မိုးရွာသွန်းမှုများပြီး အီကွေတာရာသီဥတုရှိတဲ့အတွက် မြေပြန့်ကော်ဖီ(ရိုဘတ်စတာ) ကော်ဖီမျိုးကွဲစိုက်ပျိုးဖြစ်ထွန်းတဲ့ ဒေသဖြစ်ပါတယ်။ မောတောင်ဒေသခြံထွက် ကိုယ်တိုင်စိုက်ပျိုး ထုတ်လုပ်ထားတဲ့ ကော်ဖီစေ့၊ နှပ်ကော်ဖီမှုန့်နဲ့ ပြည်ပကို ကျွန်မတို့က ကုန်ကြမ်းတင်သွင်းပြီး ပြည်ပကနေ ထုပ်ပိုးထားတဲ့ 3in1 အသင့်ဖျော်




ကော်ဖီထုပ်တွေလည်း ပါဝင်ပြသမှာ ဖြစ်ပါတယ်။

လက်ရှိဈေးကွက်အနေတဲ့ မြိတ်၊ ထားဝယ်၊ ကော့သောင်းနဲ့ ရန်ကုန်မှာ အဓိက ရောင်းချလျက်ရှိပါတယ်။ အခု MSME ပြပွဲကတစ်ဆင့် စူပါမားကတ်တွေနဲ့ချိတ်ဆက်ပြီး နိုင်ငံတစ်ဝန်းလုံးကို ဖြန့်ဖြူးရောင်းချနိုင်ဖို့ ကြိုးစားဆောင်ရွက်လျက်ရှိပါတယ်။ ဆက်လက်ပြီး ပိုမိုအမျိုးအစားစုံလင်တဲ့ Royal မမော်အဆင့်မြင့် ထုတ်ကုန်တွေကို နိုင်ငံအတွင်းသာမက ပြည်ပနိုင်ငံတွေကိုပါ တင်သွင်းရောင်းချနိုင်ဖို့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**ဦးမြင့်ဝင်း**
**Manufacturing Director ၊ Super Seven Stars Industrial Development ကုမ္ပဏီပြခန်း**

မြန်မာနိုင်ငံ အနာဂတ် စက်မှုနည်းပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ဖို့၊ MSME လုပ်ငန်းတွေအတွက် နိုင်ငံတကာဈေးကွက်ကို ကျယ်ကျယ်ပြန့်ပြန့် ထိုးဖောက်နိုင်ဖို့၊ ထုပ်ပိုးမှုနည်းပညာ စက်ပစ္စည်းတွေ၊ စားသုံးဆီထုတ်လုပ်မှု၊ အဖျော်ယမကာနဲ့ အရည်အမျိုးမျိုး ထုတ်လုပ်မှု၊ အာလူးကြော်၊ အကြော်မုန့် ထုတ်လုပ်မှုတွေအပြင် စက်ရုံကုန်ထုတ်လုပ်မှုတွေမှာ အစားထိုးလောင်စာတောင့်၊ တိရစ္ဆာန် အစားအစာထုတ်လုပ်ခြင်းနဲ့ အလေအလွင့်သစ်အပိုင်းအစတွေကို အသုံးပြုပြီး ပရိဘောဂသုံးသစ်ပြားတွေ ထုတ်လုပ်ပေးမယ့် နည်းပညာမြင့်စက်ပစ္စည်းတွေကို ပြသပေးသွားမှာဖြစ်ပါတယ်။

နည်းပညာတွေက အချိန်နဲ့အမျှပြောင်းလဲတိုးတက်နေတယ်။ MSME လုပ်ငန်းရှင်တွေအနေနဲ့ ဒီနည်းပညာတွေကို အသုံးပြုပြီး အရည်အသွေးပြည့်မီတဲ့ ထုတ်ကုန်တွေကို အရေအတွက်မြင့်မားစွာ ဘယ်လိုထုတ်လုပ်နိုင်တယ်ဆိုတာကို ပြသမျှဝေလိုတယ်။ အခုလက်ရှိ လုပ်ကိုင်နေတဲ့ MSME လုပ်ငန်းရှင်တွေအပြင် လုပ်ငန်းရပ်အသစ်တွေ စတင်ဆောင်ရွက်မယ့် MSME လုပ်ငန်းရှင် အသစ်တွေအတွက်လည်း အခုပြသမယ့် စက်ပစ္စည်းတွေက အထောက်အကူပြုပါလိမ့်မယ်။



ကျွန်တော်တို့အနေနဲ့ MSME လုပ်ငန်းရှင်တွေကို အသိပေးလိုတဲ့ အဓိကအချက်က ရင်းနှီးမြှုပ်နှံမှု နည်းနည်းနဲ့ အဆင့်အတန်းပြည့်မီတဲ့လုပ်ငန်းတစ်ခုကို တည်ထောင်နိုင်ဖို့ ဒီစက်ပစ္စည်းတွေက ကူညီပေးနိုင်တယ်ဆိုတဲ့ အချက်ပါ။ ဒါကြောင့် ကျွန်တော်တို့ပြခန်းကို လာရောက်လေ့လာဖို့လည်း ဖိတ်ခေါ်ပါတယ်။

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ဖို့အတွက် MSME လုပ်ငန်းတွေက အခြေခံကျတယ်။ ဒီလုပ်ငန်း ကွင်းဆက်တစ်လျှောက်လုံး ဖွံ့ဖြိုးတိုးတက်ဖို့ လိုပါတယ်။ အဲဒီအတွက် ခိုင်မာတဲ့ ဈေးကွက်တစ်ခုကို ဖော်ဆောင်ပေးဖို့ လိုအပ်ပါတယ်၊ MSME လုပ်ငန်းရှင်တွေအနေနဲ့ ခေတ်မီနည်းပညာတွေကို မျက်ခြည်မပြတ်လေ့လာ အသုံးချဖို့ လိုအပ်ပါတယ်။ တစ်ဖက်ကလည်း နည်းပညာနဲ့ စက်ပစ္စည်းတွေ ရင်းနှီးမြှုပ်နှံအသုံးပြုနိုင်ဖို့ နိုင်ငံတော်အနေနဲ့ MSME လုပ်ငန်းရှင်တွေကို ဘက်စုံထောင့်စုံမှ ဝိုင်းဝန်းကူညီထောက်ပံ့ပေးစေလိုပါတယ်။ ။

**တွေ့ဆုံမေးမြန်း-ဝင်းဝင်းမင်း**
**ဓာတ်ပုံ-ဖိုးပြည့်စုံ**

## အသိပေးနှိုးဆော်ချက်

(၇၈)နှစ်မြောက်ပြည်ထောင်စုနေ့အခမ်းအနားကို ၁၀.၂.၂၀၂၅ ရက်နေ့တွင် အစမ်းလေ့ကျင့်ခြင်း၊ ၁၂.၂.၂၀၂၅ ရက်နေ့တွင် ပြည်ထောင်စုနေ့ သဝဏ်လွှာဖတ်ကြားခြင်းအခမ်းအနားအား ပြည်သူ့ရင်ပြင်၌ကျင်းပပြုလုပ်သွားမည်ဖြစ်ရာ အခမ်းအနားကျင်းပစဉ်အချိန်မှ ပြီးစီးသည့်အချိန်အထိ ပြည်လမ်းကို ခေတ္တပိတ်ထားမည်ဖြစ်သဖြင့် ပြည်လမ်းအတိုင်း မြောက်မှတောင်သို့ မောင်းနှင်လာသောယာဉ်များသည် မြေနီကုန်းတံတားအောက် မီးပွိုင့်တွင် ညာဘက်သို့ချိုးကွေ့၍ အောက်ကြည့်မြင်တိုင်လမ်းသို့လည်းကောင်း၊ ပြည်လမ်းအတိုင်း တောင်မှမြောက်သို့ မောင်းနှင်လာသောယာဉ်များသည် ပြည်ထောင်စုရိပ်သာလမ်းသို့ချိုးကွေ့၍ ခရေပင်လမ်း၊ အလုံလမ်းမှတစ်ဆင့် အောက်ကြည့်မြင်တိုင်လမ်းသို့လည်းကောင်း ဆက်လက်မောင်းနှင်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်နေသည့်မြို့၊ ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကိုကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကိုအသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့်၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့်မြို့၊ ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။"**

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက်)

## ကမ္ဘောဒီးယားနိုင်ငံမှ သံဃရာဇာဆရာတော်ကြီး Dr. Bour Kry ဦးဆောင်သည့်အဖွဲ့ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၌ ကြည့်ရှုလေ့လာ

ရန်ကုန် ဖေဖော်ဝါရီ ၇

မြန်မာနိုင်ငံ၌ ဘုရားဖူးခရီးစဉ် ရောက်ရှိနေသည့် ကမ္ဘောဒီးယားနိုင်ငံ၏ အဓိပတိဆရာတော်ကြီး၊ ဓမ္မယုတ္တိက နိကာယဂိုဏ်းမှသံဃရာဇာ His Holiness Samdech Preah Abhisiri Sugandha Mohasangharajah Dhipati Dr. Bour Kry ဦးဆောင်သည့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်သို့ သွားရောက်လေ့လာကြသည်။



ဦးစွာ တက္ကသိုလ်ဗဟိုဆောင်ရှိ ပုဂံဧည့်ခန်းမ၌ အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ မဟာဓမ္မကထိကဗဟုဇနဟိတဓရ ဒေါက်တာ ဘဒ္ဒန္တဆေကိန္ဒအမှူးပြုသော သင်ကြားဆရာတော်ကြီးများနှင့်တွေ့ဆုံကာ နှစ်နိုင်ငံထေရဝါဒဗုဒ္ဓသာသနာ ပြန့်ပွားရေးကိစ္စရပ်များ၊ ကမ္ဘောဒီးယားနိုင်ငံမှရဟန်း၊ သီလရှင်၊ လူပုဂ္ဂိုလ်များအား အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၌ ဖွင့်လှစ်လျက်ရှိသောဗုဒ္ဓဓမ္မသင်တန်းများသို့ တက်ရောက်ရန် သင်တန်းသား ပိုမိုလက်ခံနိုင်ရေးကိစ္စရပ်များအပါအဝင် သာသနာရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးတော်မူကြသည်။

ထို့နောက် ကမ္ဘောဒီးယားနိုင်ငံမှ သံဃရာဇာဆရာတော်ကြီးနှင့်ပါမောက္ခချုပ်ဆရာတော်တို့သည် ဓမ္မလက်ဆောင်များ အပြန်အလှန်လဲလှယ်ခဲ့ကြပြီး ကမ္ဘောဒီးယားနိုင်ငံမှ သံဃရာဇာဆရာတော်ကြီးသည် တက္ကသိုလ်စာသင်ခန်းမများ၌ ပြည်တွင်းပြည်ပ သင်တန်းသားများအား ထေရဝါဒဗုဒ္ဓဓမ္မသင်တန်းများ သင်ကြားပို့ချပေးနေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ၂၀၂၅ ဂေါက်သီးရိုက်ပြိုင်ပွဲ၏ Junior အဆင့်နှင့် ဝါသနာရှင်အဆင့်အမျိုးသမီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၇

မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ်မှ ကြီးမှူး၍ Burmese Golf (BG) မှအဓိကကူညီပံ့ပိုးသော (President Cup) ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ၏ Junior အဆင့်နှင့် ဝါသနာရှင်အဆင့် အမျိုးသမီး (Amateur) ပြိုင်ပွဲများ၏ တတိယနေ့နှင့်ဆုချီးမြှင့်ပွဲကိုရန်ကုန်မြို့ရှိဥက္ကလာဂေါက်ကွင်း၌ ယနေ့တွင် ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကိုကိုအေးနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ Junior Golf Myanmar (JGM) မှ အမှုဆောင်များ၊ ဥက္ကလာဂေါက်ကွင်းမှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင် အားကစားသမားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကိုကျင်းပရာ မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကိုကိုအေးက နှုတ်ခွန်းဆက် အမှာစကားပြောကြားသည်။ ဆက်လက်ပြီး မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်ဗဟိုအလုပ်အမှုဆောင် ဦးတင်မောင်မောင်ဝင်းက ပြိုင်ပွဲကိုလက်ခံကျင်းပပေးပါသော ဥက္ကလာဂေါက်ကွင်းအားအမှတ်တရဂုဏ်ပြုလက်ဆောင်ပေးအပ်ရာ ဥက္ကလာဂေါက်ကွင်း အထွေထွေမန်နေဂျာ ဦးသက်နိုင်မှ လက်ခံရယူသည်။

ထို့နောက် မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးကျော်ကိုကိုချစ်က Junior အဆင့် အသက် ၁၂ နှစ်အောက်(အမျိုးသား) သက်တမ်းတွင်စုစုပေါင်းရိုက်ချက် ၃၈၂ ချက်ဖြင့် တတိယဆုရရှိသော ကျော်လင်းထွန်းအား လည်းကောင်း၊ စုစုပေါင်းရိုက်ချက် ၃၆၁ ချက်ဖြင့် ဒုတိယဆုရရှိသော ကောင်းထက်ထူးနိုင်အားလည်းကောင်း၊ စုစုပေါင်းရိုက်ချက် ၃၁၁ ချက်ဖြင့် ပထမဆုရရှိသောငွေဖုန်းသိခ်တို့အားလည်းကောင်း ဆုများကိုပေးအပ်ချီးမြှင့်သည်။

ယင်းနောက် Myanmar National Golf Team Management ဆပ်ကော်မတီ အတွင်းရေးမှူး ဒေါက်တာထက်ဝင်းထွန်းက



အသက် ၁၄ နှစ်အောက် (အမျိုးသား) သက်တမ်းတွင် စုစုပေါင်းရိုက်ချက် ၂၄၀ ချက်ဖြင့် တတိယဆုရရှိသော ကျော်သံလွင်ဟိန်းအားလည်းကောင်း၊ စုစုပေါင်းရိုက်ချက် ၂၄၀ ချက်ဖြင့် ဒုတိယဆုရရှိသော နိုင်ဦးကိုအားလည်းကောင်း၊ စုစုပေါင်းရိုက်ချက် ၂၃၂ ချက်ဖြင့် ပထမဆုရရှိသော Choi Hwan တို့အားလည်းကောင်း ဆုများကိုပေးအပ်ချီးမြှင့်သည်။ ထို့နောက်ဥက္ကလာဂေါက်ကွင်း အထွေထွေမန်နေဂျာ ဦးသက်နိုင်က စုစုပေါင်းရိုက်ချက် ၂၄၉ ချက်ဖြင့် ဒုတိယဆုရရှိသောမြင့်မြင့်စိန်အားလည်းကောင်း၊ စုစုပေါင်းရိုက်ချက် ၂၂၉ ချက်ဖြင့် ပထမဆုရရှိသော ချိုသာအောင်အားလည်းကောင်း၊ မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူးနှင့် Junior Golf Myanmar (JGM) ဥက္ကဋ္ဌ ဦးမြင့်အောင်က အသက် ၁၈ နှစ်အောက်(အမျိုးသား) သက်တမ်းတွင် ဆုရရှိသူများကို ဆုများပေးအပ်ချီးမြှင့်ရာ စုစုပေါင်းရိုက်ချက် ၂၅၅ ချက်ဖြင့် တတိယဆုရရှိသော ကောင်းထက်အားလည်းကောင်း၊ စုစုပေါင်းရိုက်ချက် ၂၅၃ ချက်ဖြင့် ဒုတိယဆုရရှိသော ခန့်ဘုန်းလျှန်အားလည်းကောင်း၊ စုစုပေါင်းရိုက်ချက် ၂၄၄ ချက်ဖြင့် ပထမဆုရရှိသော မင်းခန့်သော်အားလည်းကောင်း ဆုများကိုအသီးသီးပေးအပ်ချီးမြှင့်သည်။

ထို့နောက် မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကိုကိုအေးက အသက် ၁၈နှစ်အောက်သက်တမ်းအတွက် Challenge Cup ဖလားရရှိသော မင်းခန့်သော်အား ဆုဖလားကို ပေးအပ်ချီးမြှင့်သည်။

ပြိုင်ပွဲကို ရန်ကုန်မြို့ ဥက္ကလာဂေါက်ကွင်း၌ ဖေဖော်ဝါရီလ ၅ ရက်မှ ၇ ရက်အထိ သုံးရက်ကြာပြုလုပ်ခဲ့ပြီး Tour Pro နှင့် Senior Pro အဆင့် ပြိုင်ပွဲများကို ဖေဖော်ဝါရီလ ၁၇ ရက်မှ ၂၀ ရက်အထိ မြို့တော်ဂေါက်ကွင်း (ငွေသော်တာ)၌ လည်းကောင်း၊ ဝါသနာရှင်အဆင့်၊ သက်ကြီးတန်း ဝါသနာရှင်အဆင့် ပြိုင်ပွဲများကို ဖေဖော်ဝါရီလ ၂၄ရက်မှ ၂၇ရက်အထိ ရန်ကုန်ဂေါက်ကလပ် (တညင်းကုန်း)၌ လည်းကောင်း ကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။ **(၅၀၀)**

# ဝါသီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းများ(သို့) ဝါသီးနှံစိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးဆီသို့

မြန်မာနိုင်ငံတွင် ဝါသီးနှံစိုက်ပျိုးထုတ်လုပ်ခြင်းသည် ပြည်တွင်းဝတ်ရေးဖူလုံစေခြင်းအပြင် ပြည်တွင်းလိုအပ်သောကုန်ကြမ်းများကို ဖြည့်ဆည်းပေးနိုင်ခြင်း၊ ပြည်ပမှ ချည်တင်သွင်းမှုလျှော့ချနိုင်ခြင်းနှင့် ပိုလျှံသည့်ပမာဏကို ပြည်ပသို့တင်ပို့ရောင်းချနိုင်ခြင်းဖြင့် နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေမည်ဖြစ်သည့်အတွက် ဝါသီးနှံစိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးဆောင်ရွက်ရန်မှာ အရေးကြီးသောအခန်းကဏ္ဍတစ်ခုဖြစ်သည်။ သို့ဖြစ်ပါ၍ နိုင်ငံတော်မှလည်း ဝါသီးနှံကို မြန်မာနိုင်ငံ၏ သီးနှံစိုက်ပျိုးထုတ်လုပ်မှု၌ အရေးပါသော မဏ္ဍိုင်သီးနှံ ၁၀ မျိုးတွင် တစ်ခုအဖြစ်ထည့်သွင်းလျက် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးကို တွန်းအားပေး ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ ဝါစိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးအတွက်ဆောင်ရွက်ရန်မှာ အရေးကြီးသောလုပ်ငန်းတစ်ခုဖြစ်သဖြင့် ၂၀၂၂-၂၀၂၃ ခုနှစ်မှစတင်၍ ချည်မျှင်ရှည်ဝါ တိုးတက်ထုတ်လုပ်ရေးစီမံကိန်းကို ရေးဆွဲချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ၂၀၂၃-၂၀၂၄ ခုနှစ်မှ ၂၀၂၇-၂၀၂၈ ခုနှစ်ထိ ငါးနှစ်စီမံကိန်းကို ရေးဆွဲချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် နိုင်ငံတော်မှုဝါဒမှာလည်း လက်ရှိဝါစိုက်ကေအပေါ်တွင် တစ်ဧက ပန်းတိုင်အထွက်နှုန်းရှိရန် ကြိုးစားဆောင်ရွက်ရေး လမ်းညွှန်မှုပြုထားသဖြင့် ဝါတစ်ဧက ပန်းတိုင်အထွက်နှုန်း ပိဿာ ၇၀၀ ရရှိရေးကိုလည်း စီမံဆောင်ရွက်သွားမည်ဖြစ်သည်။



ဝါသီးနှံစိုက်ပျိုးထုတ်လုပ်မှု၊ အထွက်နှုန်းကောင်းမွန်ရေး၊ ပိုးမွှားရောဂါကာကွယ်ရေး၊ မျိုးကောင်းမျိုးသန့်မျိုးစေ့အဆင့်ဆင့်စိုက်ပျိုးထုတ်လုပ်ခြင်း ပညာပေးသင်တန်းတွင် စာတွေ့လေ့လာနေမှုကို တွေ့ရစဉ်။

**ဝါသီးနှံတိုးတက်ထုတ်လုပ်ရေးကိန်းရေးဆွဲဆောင်ရွက်ခြင်းဖြင့်** ဝါသီးနှံစိုက်ပျိုးထုတ်လုပ်မှုအခြေအနေမှာ ဇယား(၁)ပါအတိုင်းဖြစ်ပါသည်-

**ဝါသီးနှံ စိုက်ပျိုးထုတ်လုပ်မှုအခြေအနေ** ဇယား(၁)

| စဉ် | ခုနှစ် | စိုက်ဧက | ရိတ်ဧက | အထွက်နှုန်း (ပိဿာ) | အထွက် (ပိဿာ) | စိုက်ဧက အတိုး/ အလျော့ | အထွက်နှုန်း အတိုး/ အလျော့ |
|---|---|---|---|---|---|---|---|
| ၁ | ၂၀၂၁-၂၀၂၂ | ၃၉၃၇၈၁ | ၃၉၃၇၈၁ | ၄၃၆.၀၉ | ၁၇၁၇၂၄၃၀၆ | | |
| ၂ | ၂၀၂၂-၂၀၂၃ | ၄၅၈၃၈၈ | ၄၅၈၃၃၂ | ၄၃၈.၅၇ | ၂၀၁၀၁၁၈၄၉ | ၆၄၆၀၇ | ၂.၄၈ |
| ၃ | ၂၀၂၃-၂၀၂၄ | ၅၁၅၉၂၉ | ၅၁၅၈၃၆ | ၄၇၃.၁၈ | ၂၄၄၀၈၀၈၆၉ | ၅၇၅၄၁ | ၃၄.၆၁ |

စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့်စီမံကိန်းကာလအတွင်း မျိုးစေ့ထုတ်ဧရိယာများ သတ်မှတ်ဆောင်ရွက်ခြင်း၊ စံပြကွက်၊ စမ်းသပ်ကွက်များ သတ်မှတ်ဆောင်ရွက်ခြင်း၊ သွင်းအားစုများ ထောက်ပံ့ပေးခြင်းနှင့်ပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့အတွက် ဌာနအစီအစဉ်ဖြင့် ထောက်ပံ့ပေးခြင်းများကို ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် ၂၀၂၂-၂၀၂၃ ခုနှစ်တွင် ၂၀၂၁-၂၀၂၂ ခုနှစ်ထက် ၆၄၆၀၇ ဧက၊ ၁၆ ဒသမ ၄၁ ရာခိုင်နှုန်းနှင့် ၂၀၂၃-၂၀၂၄ ခုနှစ်တွင် ၂၀၂၂-၂၀၂၃ ခုနှစ်ထက် ၅၇၅၄၁ ဧက၊ ၁၂ ဒသမ ၅၅ ရာခိုင်နှုန်း ပိုမိုတိုးတက်စိုက်ပျိုးလာခဲ့ကြောင်း တွေ့ရှိရသည်။ အထွက်နှုန်းအနေဖြင့် ၂၀၂၂-၂၀၂၃ ခုနှစ်တွင် ၂၀၂၁-၂၀၂၂ ခုနှစ်နှင့်နှိုင်းယှဉ်ပါက တစ်ဧကလျှင် ၂ ဒသမ ၄၈ ပိဿာ ပိုမိုထွက်ရှိခဲ့ပြီး ၂၀၂၃-၂၀၂၄ ခုနှစ်တွင် ၂၀၂၂-၂၀၂၃ ခုနှစ်ထက် တစ်ဧကလျှင် ၃၄ ဒသမ ၆၁ ပိဿာ ပိုမိုတိုးတက်ထွက်ရှိလာခဲ့သည်ကို တွေ့ရှိရသည်။

**ဝါသီးနှံပန်းတိုင်အထွက်နှုန်းတစ်ဧက ပိဿာ ၇၀၀ ရရှိရေးနှင့် အရည်အသွေးကောင်းဝါများရရှိရေးအတွက်** ဖော်ပြပါ လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်သည်-

### ဝါသီးနှံဇုန်များ သတ်မှတ်ဆောင်ရွက်ခြင်း

ဝါသီးနှံ အဓိကစိုက်ပျိုးထုတ်လုပ်လျက်ရှိသည့် နေပြည်တော်ပြည်ထောင်စုနယ်မြေ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ် တောင်ကြီးခရိုင်တို့ရှိ ခရိုင် ၂၆ ခရိုင်၊ မြို့နယ် ၇၆ မြို့နယ်တွင် ဇုန်ပေါင်း ၁၄ ဇုန်ဖြင့် ၂၀၂၃-၂၀၂၄ မှ ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်အထိ ဝါသီးနှံဇုန်များသတ်မှတ်ကာ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်သည်။

### ချည်မျှင်အလွန်ရှည်သော စပ်မျိုးများ စိုက်ပျိုးနိုင်ရေးဆောင်ရွက်ခြင်း

မြန်မာနိုင်ငံအတွင်း ၁/၈၀ ချည်အပါအဝင် အရည်အသွေးကောင်းချည်များ ထုတ်လုပ်နိုင်ရန်အတွက် ချည်မျှင်အလွန်ရှည်သောဝါမျိုးများ စိုက်ပျိုးထုတ်လုပ်သွားရန်လိုအပ်သောကြောင့် လက်ရှိချည်မျှင်ရှည်ဝါ စိုက်ပျိုးဧရိယာကေငါးသိန်း၏ ၂၀ ရာခိုင်နှုန်းဖြစ်သောဧက တစ်သိန်းအား ဂွမ်းမွှေးအရှည် ၃၂ မီလီမီတာနှင့်အထက်ရှိသောဝါမျိုးများ စိုက်ပျိုးခြင်းကို ချည်မျှင်ရှည်ဝါစိုက်ဧက၏ ၁၀ ရာခိုင်နှုန်းမှစ၍ တဖြည်းဖြည်းတိုးချဲ့သွားရန် မူဝါဒချမှတ်ပြီး ဆောင်ရွက်သွားမည်ဖြစ်သည်။

### မျိုးစေ့ကဏ္ဍဖွံ့ဖြိုးရေး ဆောင်ရွက်ခြင်း

ဝါမျိုး၏ မျိုးရိုးဗီဇသည် ဝါအထွက်နှုန်းအပေါ် ၅၀ - ၆၀ ရာခိုင်နှုန်းအကျိုးပြုစေသောကြောင့် မျိုးရိုးဗီဇခိုင်မာကောင်းမွန်သော ဝါမျိုးများရွေးချယ်စိုက်ပျိုးရမည်ဖြစ်ရာ ဝါမျိုးစေ့စနစ် ဖွံ့ဖြိုးစေရန်အတွက် မျိုးကောင်းမျိုးသန့်မျိုးစေ့များအသုံးပြုခြင်း၊ မျိုးစေ့၏သန်စွမ်းနိုင်စွမ်း (Seed Vigor)ကောင်းမွန်၍ ကျန်းမာသန်စွမ်းသည့် မျိုးစေ့များကို အသုံးပြုခြင်း၊ ဂွမ်းမွေးတိုချွတ်ထားသော (Acid Delinted) ဝါမျိုးစေ့များကိုအသုံးပြုခြင်း၊ တစ်ဧကအပင်ဦးရေနှုန်းမြင့်မားမှု (High Population Density)ကို ခံနိုင်ရည်ရှိသောဝါမျိုးများ ရွေးချယ်အသုံးပြုခြင်းများကို စနစ်တကျကြီးကြပ်ဆောင်ရွက်သွားမည်ဖြစ်သည်။ သို့ဖြစ်ပါ၍ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်မှစတင်ကာ စိုက်ပျိုးရေးဦးစီးဌာန၊ ဝါသုတေသနနှင့်နည်းပညာဖွံ့ဖြိုးရေးခြံ၊ ဝါသီးနှံမျိုးသန့်ခြံများမှ သုတေသနပြု၍ မျိုးစေ့စီးဆင်းမှုစနစ်(Seed Flow)နှင့်အညီ ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိသော ချည်မျှင်ရှည်ဝါမျိုး ငါးမျိုးအား အက်စစ်ဖြင့် ဂွမ်းမွေးတိုချွတ်ခြင်း၊ ဆေးလူးနယ်ခြင်း၊ အခြောက်ခံ၍ စနစ်တကျထုပ်ပိုးခြင်းများ ဆောင်ရွက်ပြီးမှသာ တောင်သူများထံ ဖြန့်ဖြူးသွားမည်ဖြစ်သည်။ ထို့ပြင် ဝါမျိုးစေ့ထုတ်လုပ်ဖြန့်ဖြူးသည့်ခြံများ၊ ဝါကြိတ်စက်များအနေဖြင့် ဝါမျိုးစေ့ ဂွမ်းမွေးတိုချွတ်သည့် လုပ်ငန်းစဉ်ကို စနစ်တကျ ဆောင်ရွက်နိုင်စေရန် နည်းပညာပေးခြင်းအပါအဝင်လိုအပ်သည့် အစီအမံများ၊ ပစ္စည်းကိရိယာများကို ဖြည့်တင်း ဆောင်ရွက်သွားရမည်ဖြစ်သည်။

### စိုက်ပျိုးရေးသွင်းအားစုများ အပြည့်အဝအသုံးချနိုင်ရေး စီမံဆောင်ရွက်ခြင်း

**မျိုးစေ့အနေဖြင့်** အမွေးတိုချွတ်ခြင်း (Acid Delinted)လုပ်ထားသော ဝါမျိုးစေ့များအသုံးပြုနိုင်ရေး ဆောင်ရွက်ခြင်းနှင့် **မြေဩဇာအချိုးကျအသုံးပြုရန်အတွက်** ချည်မျှင်ရှည်ဝါတစ်ဧကတွင် ယူရီးယား-တီစူပါ-ပိုတက်ရှ်(NPK)ခေတ်မြေဩဇာကို စိုက်ပျိုးမြေအသင့်အတင့်ကောင်းမွန်ပါက (၂၂၄-၁၁၂-၂၂၄)ပေါင်နှုန်း သို့မဟုတ် ကွန်ပေါင်း-ယူရီးယား-ပိုတက်ရှ်(၂၂၄-၁၁၂-၁၁၂) ပေါင်နှုန်းအသုံးပြုရန်လိုအပ်ခြင်းနှင့် နွားချေး၊ သစ်ဆွေးနှင့်သစ်စိမ်းမြေဩဇာများကို တစ်ဧကလျှင် နွားလှည်း ၅-၁၀ စီးနှုန်း ထည့်သွင်းပေးရမည်။ အထွက်ကောင်း အရည်အသွေးကောင်းဝါများရရှိရန်နှင့် ရာသီဥတုဆိုးရွားသည့်ဒဏ်များကို ခံနိုင်ရည်ရှိစေရန် **မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးနှင့် မြေဆီလွှာထိန်းသိမ်းရေး**လုပ်ငန်းစဉ်များကိုလည်း ဆောင်ရွက်ရမည်။ ဝါပင်အတွက် မျှော်မှန်းအထွက်နှုန်းရရှိရေးနှင့်ဂွမ်းအရည်အသွေးတိုးတက်ကောင်းမွန်ရေးမှာ **ဖြည့်စွက်ရေ**သည် အရေးကြီးသောသွင်းအားစုတစ်ခုဖြစ်ရာ ဝါသီးနှံသက်တမ်းအတွင်း ပျမ်းမျှရေအသုံးပြုမှုမှာ ၃၆-၄၃ လက်မဖြစ်သဖြင့် မိုးကောင်းသောက်ဧရိယာများတွင် မြေအောက်ရေထုတ်ယူရရှိနိုင်မည့် ရေအရင်းအမြစ်များနီးစပ်ပါက နေရောင်ခြည်စွမ်းအင်သုံး Tube Well များ တူးဖော်အသုံးပြုခြင်းနှင့် ရေအလိုအပ်ဆုံးအချိန်ဖြစ်သော ဝါသီးနှံသီးပွင့်ချိန်များတွင် ဖြည့်စွက်ရေ ရယူအသုံးပြုနိုင်ရေး ဆောင်ရွက်သွားရမည်ဖြစ်သည်။

### ဝါအထူးအထွက်တိုးရေး နည်းလမ်း ၁၀ ချက်ကို တောင်သူများ လိုက်နာစေရန်အကောင်အထည်ဖော် ဆောင်ရွက်ခြင်း

ဝါအထူးအထွက်တိုးရေး နည်းလမ်း ၁၀ ချက်ဖြစ်သည့် မျိုးကောင်း၊ မျိုးသန့်အသုံးပြုခြင်း၊ စနစ်တကျ စိုက်ပျိုးမြေပြုပြင်ခြင်း၊ စိုက်ချိန်မှန်ကန်စေခြင်း၊ တစ်ဧကသတ်မှတ်အပင်ဦးရေ ပြည့်မီအောင် ဆောင်ရွက်ခြင်း၊ အချိန်မီအပင်သားခွဲခြင်း၊ ပေါင်းမြက်များ အချိန်မီရှင်းလင်းခြင်း၊ သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာများ အချိုးညီ အချိန်ကိုက်ထည့်သွင်းခြင်း၊ ဘက်စုံပိုးမွှားကာကွယ်နှိမ်နင်းခြင်း၊ လိုအပ်သလို ရေသွင်း/ရေထုတ်ပြုလုပ်ခြင်း၊ စနစ်တကျဝါကောက်သိမ်းခြင်းနှင့် ရိတ်သိမ်းချိန်လွန်နည်းပညာများလိုက်နာခြင်းတို့ကို ဝါစိုက်ပျိုးထုတ်လုပ်သူတောင်သူများအနေဖြင့် တိတိကျကျ လိုက်နာဆောင်ရွက်ရေးအတွက်

**စာမျက်နှာ ၁၄ သို့** >

> **စာမျက်နှာ ၁၃ မှအဆက်**

ပညာပေးလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်သည်။

**ဝါသီးနှံသုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်ခြင်း**

မျိုးကောင်းမျိုးသန့်များ၊ မျိုးသစ်များ ထုတ်လုပ်ဖြန့်ဖြူးရန်နှင့် အထွက်တိုး စိုက်ပျိုးနည်းစနစ်များကို ဖော်ထုတ်သတ်မှတ်ရန်အတွက်သုတေသနလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ရရှိလာသောသုတေသနရလဒ်ကောင်းများကို တောင်သူများအား နည်းပညာဖြန့်ဝေပေးလျက်ရှိသည်။ ၎င်းအပြင် တောင်သူများကိုယ်တိုင်ပါဝင်သော ဝါမျိုးရွေးချယ်သည့်သုတေသနများကိုလည်း တောင်သူစိုက်ခင်းများတွင် ဆောင်ရွက်သွားမည်ဖြစ်သည်။

**နည်းပညာပြန့်ပွားရေးလုပ်ငန်းများဆောင်ရွက်ခြင်း**

ဝါသီးနှံစိုက်ပျိုးထုတ်လုပ်မှုနှင့်စပ်လျဉ်း၍ လိုအပ်သည့်သွင်းအားစုများ ထည့်သွင်းမှုနည်းပညာများ၊ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းမှုဆိုင်ရာနည်းပညာများ၊ ရိတ်သိမ်းချိန်လွန်နည်းပညာများကို ဝါနှင့် လျှော်မျှင်ထွက်သီးနှံဌာနခွဲရှိ ဝါသီးနှံဆိုင်ရာပညာရှင်များမှ မြေ၊ မျိုး၊ ပိုးဘာသာရပ်ဆိုင်ရာကျွမ်းကျင်ပညာရှင်(Subject Matter Specialist- SMS)များနှင့်ပေါင်းစပ်၍ ဇုန်အသီးသီးမှဝါသီးနှံပညာပေးဝန်ထမ်းများအတွက် Trainings of Trainers (ToT) သင်တန်းများပေးခြင်း၊ ဆွေးနွေးပွဲများဆောင်ရွက်ခြင်း၊ ပညာပေးလက်ကမ်းစာစောင်၊ စာအုပ်များဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပြီး အဆိုပါနည်းပညာများအပါအဝင် အထွက်တိုးစိုက်ပျိုးနည်းပညာများကို တောင်သူများ မျက်မြင်သိရှိ လိုက်နာကျင့်သုံးလာစေရေးအတွက် သင်တန်းများ၊ ကွင်းသရုပ်ပြပွဲများ၊ ဆွေးနွေးပွဲများဆောင်ရွက်ခြင်းနှင့် နည်းပညာစာအုပ်၊ စာစောင်များဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်သည်။



ဝါသီးနှံစိုက်ပျိုးထုတ်လုပ်မှု၊ အထွက်နှုန်းကောင်းမွန်ရေး၊ ပိုးမွှားရောဂါကာကွယ်ရေး၊ မျိုးကောင်းမျိုးသန့်မျိုးစေ့အဆင့်ဆင့် စိုက်ပျိုးထုတ်လုပ်ခြင်း ပညာပေးသင်တန်းတွင် လက်တွေ့လေ့လာနေမှုကို တွေ့ရစဉ်။

သို့ဖြစ်ပါ၍ ဝါသီးနှံစိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးအတွက် စီမံကိန်းများ ချမှတ်ဆောင်ရွက်ခြင်းနှင့် တစ်ဧကပန်းတိုင်အထွက်နှုန်းရရှိရေး ဆောင်ရွက်ခြင်းတို့မှာ အရေးကြီးသောလုပ်ငန်းများဖြစ်ပါသဖြင့် ဝါစိုက်ပျိုးထုတ်လုပ်သူတောင်သူများနှင့် စိုက်ပျိုးပညာပေးရေးလုပ်ငန်းဆောင်ရွက်နေသူများအားလုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်းရေးသားတင်ပြလိုက်ရပါသည်။ ။

# ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ (၃၄)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်အခမ်းအနားကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၇

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ (၃၄) နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန် ဦးဝင်းကျော်အောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့်မြို့နယ်ဦးစီးမှူးများ၊ ဆုရရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ၂၀၂၄ ခုနှစ်အတွင်း ဆောင်ရွက်ချက်များကို ဖော်ညွှန်းပြသထားသည့် **"ယုံကြည်ရဲရင့် အားမာန်ဖွင့် မရှုံ့ခြေလှမ်းရှေ့သို့လှမ်းမည်"** Video Clip ကို ပြသသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် ၂၀၂၄ ခုနှစ်သည် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ထူးခြားသည့် စွမ်းဆောင်နိုင်မှုများကို ပြသနိုင်ခဲ့သည့်နှစ်တစ်နှစ်ဟုဆိုနိုင်ပါကြောင်း၊ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလအတွင်း ၂၀၂၃ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို အဆင့်မီစွာ ကျင်းပနိုင်ခဲ့ခြင်း၊ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု အခမ်းအနားများကို နိုင်ငံတစ်ဝန်းတွင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များနှင့်အညီ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်း၊ ပဋ္ဌမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲ / ပိတ်ပွဲ အခမ်းအနားကို နိုင်ငံတော်အဆင့်နှင့်အညီ ကြီးကျယ်ခမ်းနားစွာ ပါဝင်ကျင်းပနိုင်ခဲ့ခြင်းတို့အပြင် အခြားသောဝန်ကြီးဌာနများနှင့် ပူးပေါင်းကျင်းပသည့်အခမ်းအနားများတွင်လည်း အနှစ်သာရရှိရှိ ပူးပေါင်းပါဝင်နိုင်ခဲ့ခြင်းများ ရှိခဲ့ကြောင်း၊ ထိုဆောင်ရွက်ချက်များသည် ၂၀၂၄ ခုနှစ်အတွင်း ပြန်ကြားရေးဝန်ကြီးဌာနကိုယ်စား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ထူးခြားသည့် စွမ်းဆောင်ရည်များပင် ဖြစ်သည်ဟု



ဂုဏ်ယူဖွယ်ရာ အသိအမှတ်ပြုပြောကြားလိုကြောင်း။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ လူငယ်များ၏ စိတ်ပိုင်းဆိုင်ရာများ မြှင့်တင်ဆောင်ရွက်ပေးရန်၊ ဗလငါးတန် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် အနာဂတ်တိုင်းပြည်၏ အားကိုးအားထားပြုရမည့် မျိုးဆက်သစ်ခေါင်းဆောင်များဖြစ်လာစေရန်အတွက် အကျင့်စာရိတ္တကောင်းမွန်ရေးနှင့် မျိုးချစ်စိတ်ဓာတ် ရှင်သန်ရေး လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲများနှင့် လူငယ်စကားဝိုင်းများကိုလည်း တစ်နိုင်ငံလုံး ကျင်းပနေမှုများကိုလည်း တွေ့မြင်နေရပါကြောင်း ပြောကြားသည်။

ယင်းနောက် အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ထူးချွန်ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးရဲတင့်က မြို့နယ်အဆင့် လုပ်ငန်းစွမ်းဆောင်ရည်ဆု ပထမဆုရရှိသည့် ဒေးဒရဲမြို့နယ်ရုံး၊ ဒုတိယဆုရရှိသည့် နတ်မောက်မြို့နယ်ရုံး၊ တတိယဆုရရှိသည့် တပ်ကုန်းမြို့နယ်ရုံးနှင့် အထူးဆုရရှိကြသည့် မြို့နယ်ရုံးများအား ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်အကောင်းဆုံး ဆောင်ရွက်နိုင်မှုဆုရရှိသည့် ဘားအံခရိုင်ရုံး၊ စစ်ကိုင်းခရိုင်ရုံး၊ မင်းဘူးခရိုင်ရုံး၊ ပြင်ဦးလွင်ခရိုင်ရုံး၊ တောင်ကြီးခရိုင်ရုံး၊ မြောင်းမြခရိုင်ရုံးတို့အားလည်းကောင်း၊ ခရိုင်အဆင့် လုပ်ငန်းစွမ်းဆောင်ရည်ဆု ပထမဆုရရှိသည့် တောင်ကြီးခရိုင်ရုံး၊ ဒုတိယဆုရရှိသည့် ရမည်းသင်းခရိုင်ရုံး၊ တတိယဆုရရှိသည့် ပြင်ဦးလွင်ခရိုင်ရုံးတို့အားလည်းကောင်း၊ တိုင်းဒေသကြီး / ပြည်နယ်အဆင့် လုပ်ငန်းစွမ်းဆောင်ရည်ထူးချွန်ဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးရုံးအားလည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ဆုရရှိသူများကိုယ်စား မန္တလေးတိုင်းဒေသကြီး ဦးစီးမှူး ဒေါ်ဝေဝေဖြိုးက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့်တာဝန်ရှိသူများသည် ခန်းမအတွင်း ခင်းကျင်းပြသထားသည့် ဓာတ်ပုံမှတ်တမ်းများကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။ (မြဝတီ)

**● ကျောဖုံးမှအဆက်**

အဆိုပါအခမ်းအနား ကျင်းပပုံများကို ယင်းနေ့ ညနေ ၄ နာရီခန့်မှ စတင်၍ MRTV-HD၊ MRTV Farmers'၊ MRTV Sports၊ MRTV Parliament၊ MRTV-4၊ Channel-7၊ 5 Plus၊ Channel-9၊ MNTV၊ SKY Premier Channel ၊ Fortune Channel၊ Channel K၊ M Entertainment Channel၊ MWD-HD Channel၊ MWD Variety - HD Channel တို့မှလည်းကောင်း၊ မြန်မာ့အသံရေဒီယို၊ ပတ္တမြား FM၊ ချယ်ရီ FM၊ မန္တလေး FM၊ ပဉ္စဝတီ FM၊ ရွှေ FM၊ ပုဂံ FM၊ Star FM နှင့် သဇင် FM တို့မှလည်း ကောင်း၊ MOI Website၊ MOI Youtube၊ MRTV Website၊ MRTV App: Radio App: နှင့် Mahar Youtube Channel၊ Htv Facebook နှင့် Hey Play Facebook Page အပါအဝင် Online Media တို့မှလည်းကောင်း တိုက်ရိုက် (LIVE) ထုတ်လွှင့်ပြသသွားမည်ဖြစ်ပါသည်။

ထိုသို့ MRTV HD Channel မှ Live ထုတ်လွှင့်မှုကြောင့် ပုံမှန်သတင်းချိန်များဖြစ်သော ညနေ ၄နာရီ၊ ည ၆ နာရီနှင့် ည ၈ နာရီတို့တွင် ထုတ်လွှင့်လျက်ရှိသည့်သတင်းများအား MRTV News Channelမှ ဆက်လက်ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း မိဘပြည်သူများအား ကြိုတင်အသိပေးအပ်ပါသည်။ (မြဝတီ)

## နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်

၈-၂-၂၀၂၅

တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးအနည်းငယ်ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့်သာယာမည်။

(မိုး/ဇလ)

# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ကမ်းရိုးတန်းတစ်လျှောက်မှ မြို့နယ်၊ ကျေးရွာများ၊ ရန်ကုန်တိုင်းဒေသကြီး၊ ကိုကိုးကျွန်းမြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး၊ ဟိုင်းကြီးကျွန်းမြို့နယ်အတွင်းရှိ ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပြီး ပြန်လည်ရောက်ရှိ





တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)မှ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့အား သန်လျင်တပ်နယ်မှ ဗိုလ်မှူးချုပ်သိန်းထူး ဦးဆောင်သော တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများက ကြိုဆိုနှုတ်ဆက်စဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၇**

တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သည့် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)သည် တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်ရှိ မြို့နယ်၊ ကျေးရွာများ၊ ရန်ကုန်တိုင်းဒေသကြီး၊ ကိုကိုးကျွန်းမြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး၊ ဟိုင်းကြီးကျွန်းမြို့နယ်အတွင်းရှိပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ဇန်နဝါရီလ ၁၆ ရက်မှ ဖေဖော်ဝါရီလ ၅ ရက်အထိ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးပြီး ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့၊ အမှတ်(၂)ရေတပ်ဆိပ်ခံတံတား(သီလဝါ)သို့ ပြန်လည်ရောက်ရှိလာရာ သန်လျင်တပ်နယ်မှ ဗိုလ်မှူးချုပ်သိန်းထူး ဦးဆောင်သော တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများက ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါတပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)မှ အထူးကုဆေးအဖွဲ့များသည် တနင်္သာရီကမ်းရိုးတန်းဒေသများဖြစ်သော ပုလောမြို့နယ်၊ မလိကျွန်းပတ်ဝန်းကျင်ကျေးရွာများ၊ ကျွန်းစုမြို့နယ်၊ ကျွန်းစုမြို့ပတ်ဝန်းကျင်ကျေးရွာများ၊ ဘုတ်ပြင်းမြို့နယ်၊ ပုလဲကျွန်းပတ်ဝန်းကျင်ကျေးရွာများ၊ ကော့သောင်းမြို့နယ်၊ ဇာဒက်ကြီးကျွန်းပတ်ဝန်းကျင်ကျေးရွာများ၊ ရန်ကုန်တိုင်းဒေသကြီး၊ ကိုကိုးကျွန်းမြို့နယ်အနီးတစ်ဝိုက်ဒေသများနှင့် ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်၊ ဟိုင်းကြီးကျွန်းမြို့နှင့် ချောင်းဝကျေးရွာအနီးဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာဆောင်ရွက်ပေးမှုအနေဖြင့် ဆေးကုသမှုဆိုင်ရာ ရောဂါ ၁၇၃၂ ဦး၊ ခွဲစိတ်ရောဂါ ၄၃၉ ဦး၊ သားဖွားမီးယပ်ရောဂါ ၃၉၉ ဦး၊ ကလေးရောဂါ ၅၂၈ ဦး၊ အရိုးရောဂါ ၈၉၄ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၃၆၀ ဦး၊ မျက်စိရောဂါ ၁၄၀၄ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၈၀၃ ဦး၊ စုစုပေါင်းဒေသခံပြည်သူ ၆၅၅၉ ဦးတို့ကို လိုအပ်သည့်ဆေးဝါးကုသမှုများဆောင်ရွက်ပေးနိုင်ခဲ့ပြီး ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ ၇၁ ဦး၊ မျက်စိခွဲစိတ်လူနာ ၁၂၅ ဦးတို့ကို ဆေးရုံရေယာဉ်ပေါ်တွင် ခွဲစိတ်ကုသမှုများဆောင်ရွက်ပေးခဲ့သည်။

ထို့ပြင် ဓာတ်မှန်ရိုက်လူနာ ၂၅၁ ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၄၃၀ ဦး၊ ECG စက်ဖြင့်နှလုံးစမ်းသပ်လူနာ ၄၉၉ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၆၇၂ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများဆောင်ရွက်ပေးနိုင်ခဲ့ကာ ကိုယ်ဝန်ဆောင်မိခင် ၁ ဦးအား အောင်မြင်စွာခွဲစိတ်မွေးဖွားပေးနိုင်ခဲ့ပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သော ဒေသခံပြည်သူ ၉၃ ဦးတို့ကိုလည်း သက်ဆိုင်ရာမြို့နယ်အသီးသီးရှိ တပ်မတော်ဆေးရုံများနှင့် ပြည်သူ့ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးနိုင်ခဲ့သည်။

တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)ဖြင့် ပြန်လည်ရောက်ရှိလာသည့် တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့များအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်မှ ဂုဏ်ပြုပေးအပ်ချီးမြှင့်သော လက်ဆောင်ပစ္စည်းများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကိုယ်စား ဗိုလ်မှူးချုပ်သိန်းထူးက ပေးအပ်ချီးမြှင့်ခဲ့ပြီး စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)ဖြင့် ၂၀၁၆ ခုနှစ်မှစ၍ မြန်မာ့ပင်လယ်ကမ်းရိုးတန်းဒေသများနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယခုခရီးစဉ်သည် (၁၈)ကြိမ်မြောက်ဖြစ်ပြီး ဒေသခံပြည်သူစုစုပေါင်း ၁၆၃၆၄၆ ဦးတို့ကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ သွားရောက်ဆောင်ရွက်ခဲ့သည့် ခရီးစဉ်များအတွင်း ကိုယ်ဝန်ဆောင် မိခင် ၂၂ ဦးတို့အား အောင်မြင်စွာမွေးဖွားပေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအား သွားရောက်ကြည့်ရှုအားပေး



တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက် ဆေးကုသမှုခံယူနေသူ တစ်ဦး၏ ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို မေးမြန်းအားပေး စကားပြောကြားပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ပြည့်စုံလင်း ဆေးကုသမှုခံယူနေသူ တစ်ဦး၏ ကျန်းမာရေး တိုးတက်ကောင်းမွန်မှု အခြေအနေများကို မေးမြန်းအားပေး စကားပြောကြားပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၇**

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး(ခုတင်-၅၀၀)နှင့် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၊ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့ရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက်ကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဒေသခံပြည်သူများအား ယနေ့တွင် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို မေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများပေးအပ်သည်။

ထို့နောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များညွှန်ကြားဆောင်ရွက်ပေးခဲ့ကြောင်းသတင်းရရှိသည်။ **(၁၀၀)**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က လောကသရဖူရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီးဒေါ်ကြူကြူလှတို့က ဘုရားကြီးအတွက် ဘက်စုံအလှူတော်ငွေများကိုပေးအပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အင်းဝမြို့ဟောင်းရှိ မြို့ရိုးနှင့် ကျုံးတို့အားကြည့်ရှုစစ်ဆေးပြီး မြို့နေရာနှင့် မြို့ရိုးတို့အား စဉ်ဆက်မပြတ်ထိန်းသိမ်းစောင့်ရှောက်မှုများပြုလုပ်ရေးနှင့် ကျုံးအား ရှေးမူမပျက်မွမ်းမံ၍ ပြန်လည်ထိန်းသိမ်းရန်လိုအပ်မှုအခြေအနေများနှင့်ပတ်သက်၍ လမ်းညွှန်မှာကြားစဉ်။

**❖ ဘုရားကြီး၏အတွင်းဘက်နံရံများပေါ်ရှိ မှန်စီရွှေချများသည် ခေတ်ကာလကြာမြင့်ပြီဖြစ်ပြီး ယိုယွင်းပျက်စီးမှုများဖြစ်ပေါ်လျက်ရှိသဖြင့် မူလလက်ရာမပျက်ပြန်လည်မွမ်းမံသွားရန်လို. . .**

**★ ရှေ့ဖုံးမှအဆက်**

တည်ထားပူဇော်သည့် မဟာလောကသင်းကျစ်စေတီတော်ကြီးတို့အား လက်ယာရစ်လှည့်လည်ပူဇော်ပြီး ပရိဝုဏ်တော်အတွင်းရှိ သာသနိကအဆောက်အဦများ ထိန်းသိမ်းထားရှိမှုများကိုကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လောကသရဖူဘုရားကြီးနှင့် မဟာလောကသင်းကျစ်စေတီတော်ကြီးတို့၏ သမိုင်းအကျဉ်းနှင့် ခေတ်အဆက်ဆက်ပြုပြင်မွမ်းမံထိန်းသိမ်းထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဘုရားကြီး၏အတွင်းဘက်နံရံများပေါ်ရှိ မှန်စီရွှေချများသည် ခေတ်ကာလကြာမြင့်ပြီဖြစ်ပြီး ယိုယွင်းပျက်စီးမှုများဖြစ်ပေါ်လျက်ရှိသဖြင့် မူလလက်ရာမပျက်ပြန်လည်မွမ်းမံသွားရန်လိုကြောင်း၊ ဘုရားကြီးရင်ပြင်တော် မျက်နှာပြင်ညီညာမှုရှိစေရေးနှင့် ရေဝင်ရေထွက်ကောင်းမွန်ကာ ရေရှည်တည်တံ့ခိုင်မြဲစေရေး စနစ်တကျပြန်လည်သုတေသနပြု၍ ဆောင်ရွက်သွားရန်လိုကြောင်း၊ ရှေးဟောင်းသာသနိကအဆောက်အဦများကိုလည်း စနစ်တကျဖြင့်ထိန်းသိမ်းစောင့်ရှောက်သွားရန်လိုကြောင်း၊ ဘုရားကြီးပတ်လည်ရှိဆွမ်းလောင်းစောင်းတန်းများကိုလည်း မူလလက်ရာမပျက်ပြန်လည်ပြုပြင်ခြင်း၊ မွမ်းမံခြင်းများဆောင်ရွက်သွားရန်လိုပြီး ရှေးဟောင်းလက်ရာနှင့် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကို ဆက်လက်ထိန်းသိမ်း ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဘုရားကြီးနှင့်သာသနိကအဆောက်အဦများအား နေ့ညမပျက်ဆီမီးပူဇော်နိုင်ရေးအတွက်လည်း ဆိုလာလျှပ်စစ်မီးဆက်ကပ်ပူဇော်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဘုရားကြီး ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပူဇော်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က ဘုရားကြီးအတွက် ဘက်စုံအလှူတော်ငွေများကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များက လက်ခံရယူပြီး ဓမ္မလက်ဆောင်များ ပြန်လည်ပေးအပ်သည်။

အဆိုပါ လောကသရဖူဘုရားကြီးအား ဒုတိယအင်းဝခေတ် ညောင်ရမ်းမင်းဆက် ၉ ဆက်မြောက်ဖြစ်သော ဆင်ဖြူရှင်တနင်္ဂနွေမင်းကြီးက အေဒီ ၁၇၃၀၊ သက္ကရာဇ် ၁၀၉၂ ခုနှစ်တွင် စတင်တည်ထားပြီး မပြီးစီးမီနတ်ရွာစံခဲ့သဖြင့် သားတော် မဟာဓမ္မရာဇာဓိပတိ ကြာသပတေးမင်း ဟံသာဝတီရောက်မင်းက အေဒီ ၁၇၃၃၊ သက္ကရာဇ် ၁၀၉၅ ခုနှစ်တွင် ဆက်လက်ထုလုပ်ခဲ့ကာ အုတ်ပြာသာဒ်ဖြင့်တည်ထားကိုးကွယ်ခဲ့ကြောင်း၊ လောက



နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နှင့်ဇနီး ဒေါ်ကြူကြူလှတို့က မဟာလောက သင်းကျစ် စေတီတော်ကြီးအား လက်ယာရစ် လှည့်လည်ပူဇော်ပြီး ပရိဝုဏ်တော် အတွင်းရှိ သာသနိက အဆောက်အဦများ ထိန်းသိမ်း ထားရှိမှုများကို ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား တံတားဦး-အင်းဝလမ်းပိုင်းရှိ မဟာဇေယျပထ-မောင်အိုတံတား၊ အုတ်လမ်းနှင့်ပတ်သက်၍ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြစဉ်။

**❖ ဘုရားကြီးပတ်လည်ရှိ ဆွမ်းလောင်းစောင်းတန်းများကိုလည်း မူလလက်ရာမပျက်ပြန်လည်ပြုပြင်ခြင်း၊ မွမ်းမံခြင်းများဆောင်ရွက်သွားရန်လိုပြီး ရှေးဟောင်းလက်ရာနှင့် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်သွားရမည်ဖြစ်. . .**

သရဖူရုပ်ပွားတော်ကြီးသည် တစ်တုံးတည်းသော စကျင်ကျောက်သားကြီးကို မြေအောက်တစ်ဝက်၊ မြေပေါ်တစ်ဝက်စိုက်ထူထုဆစ်ပူဇော်ခဲ့ခြင်းဖြစ်ပြီး ဉာဏ်တော်အမြင့်မှာ ၁၈ တောင် ၁ မိုက်၊ တင်ပျဉ်ခွေတော်အကျယ် ၁၂ တောင် ၁ မိုက်ဖြစ်ပြီး အလေးချိန်အားဖြင့် ၄၉၀ ဒသမ ၃၆ တန်ဖြစ်ကြောင်း၊ လောကသရဖူရုပ်ပွားတော်မြတ်ကြီးကိန်းဝပ်စံပယ်ရာ အုတ်ပြာသာဒ်၏ အနောက်ဘက်ကပ်လျက်တွင် မဟာလောကသင်းကျစ်ဟူ၍ စေတီတော်တစ်ဆူကိုတည်ထားကိုးကွယ်ခဲ့ကြောင်း၊ သက္ကရာဇ် ၁၁၄၀ ပြည့်နှစ်တွင် ကုန်းဘောင်မင်းဆက်ဖြစ်သော စဉ့်ကူးမင်းက စေတီတော်ကိုငုံ၍ ထပ်မံတည်ဆောက်ပူဇော်ခဲ့ပြီး ဘိုးတော်ဘုရား၏ သားတော် ပခန်းမင်းသား ဟံသာဝတီမင်းနှင့် ပုဂံမင်းတို့ကလည်း ပြုပြင်ခဲ့ကြကြောင်း၊ သက္ကရာဇ် ၁၂၀၀ ပြည့်နှစ်တွင် ငလျင်ကြီးလှုပ်ခဲ့သဖြင့် မဟာလောကသင်းကျစ်စေတီတော်နှင့် လောကသရဖူရုပ်ပွားတော်ကြီး စံပယ်ရာ အုတ်ပြာသာဒ်တော်တို့ မြေခခဲ့ရပြီး မင်းတုန်းမင်းက ပြန်လည်ပြုပြင်တည်ဆောက်ခဲ့သော်လည်း အပြီးမသတ်နိုင်ခဲ့ကြောင်း၊ လက်ရှိအခြေအနေအတိုင်း ဖူးတွေ့ရသည်မှာ စစ်ကိုင်းတောင်ရိုး ဒီပါအေးမြချောင်ဆရာတော် ဦးနန္ဒသီရိက သက္ကရာဇ် ၁၃၄၂ ခုနှစ်တွင် ပြန်လည်ပြုပြင်တည်ဆောက်ပူဇော်ခဲ့ခြင်းဖြစ်ကြောင်းနှင့် ခေတ်အဆက်ဆက်တာဝန်ရှိသူများက ဆက်လက်မွမ်းမံပြုပြင်ထိန်းသိမ်းခဲ့ကြခြင်းဖြစ်ကြောင်း သိရှိရသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အင်းဝမြို့ဟောင်းရှိ မြို့ရိုးနှင့် ကျုံးတို့အား ကြည့်ရှုစစ်ဆေးပြီး မြို့နေရာနှင့် မြို့ရိုးတို့အား စဉ်ဆက်မပြတ်ထိန်းသိမ်းစောင့်ရှောက်မှုများ ပြုလုပ်ရေးနှင့် ကျုံးအား ရှေးမူမပျက်မွမ်းမံ၍ပြန်လည်ထိန်းသိမ်းရန် လိုအပ်မှုအခြေအနေများနှင့် ပတ်သက်၍လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တံတားဦး-အင်းဝလမ်းပိုင်းရှိ မဟာဇေယျပထ-မောင်အိုတံတားနှင့် အုတ်လမ်းအား ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် တံတားအား ရှေးမူလလက်ရာအတိုင်း ပြန်လည်ပြုပြင်ထိန်းသိမ်းမွမ်းမံနိုင်ရန်အတွက် ပြင်ဆင်ဆောင်ရွက်မည်ဆိုပါက ဖြစ်ပေါ်လာနိုင်သည့် အကျိုး-အပြစ်များအား စနစ်တကျ သုတေသနပြုလုပ်၍တင်ပြသွားရန်၊ မူလအုတ်လမ်းအား သုတေသနပြုလုပ်ရန်နှင့် အခြားလိုအပ်သည်များကို မှာကြားခဲ့ပြီး လမ်းတစ်လျှောက် မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တံတားဦး-အင်းဝလမ်းပိုင်းရှိ မဟာဇေယျပထ-မောင်အိုတံတားနှင့် အုတ်လမ်းအား ကြည့်ရှုစစ်ဆေးစဉ်။

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing inspects preservation of Lawka Tharaphu Pagoda and MaungO brick road in ancient city, Inwa, Mandalay Region





Senior General Min Aung Hlaing and party pay homage to Maha Lawka Thingyit Pagoda.



Senior General Min Aung Hlaing and wife Daw Kyu Kyu Hla receive a Dhamma gift from the pagoda board of trustees of Maha Lawka Thingyit Pagoda.



Senior General Min Aung Hlaing signs the guest book of Maha Lawka Thingyit Pagoda.

NAY PYI TAW February 7

Chairman of State Administration Council Prime Minister Senior General Min Aung Hlaing, accompanied by wife Daw Kyu Kyu Hla, SAC Joint Secretary General Ye Win Oo, SAC members, union ministers and wives, senior military officers from the Office of the Commander-in-Chief and wives, the Mandalay Region chief minister, the Central Command commander and officials, inspected preservation of Lawka Tharaphu Pagoda and MaungO brick road in ancient city, Inwa, Mandalay Region this afternoon.

The Senior General and wife and party arrived at Lawka Tharaphu Pagoda and paid homage to Lawka Tharaphu Buddha Image in the brick chamber and offered flowers, water, lights. Afterwards, they paid homage to Maha Lawka Thingyit Pagoda clockwise. The pagoda is located at the back of the brick chamber where the Image is placed. The Senior General and party then inspected the preservation of religious buildings in the pagoda compound. Officials reported on the brief history of Lawka Tharaphu Pagoda and Maha Lawka Thingyit Pagoda and renovation activities along the past successive periods.

In response, the Senior General said glass mosaics on the interior walls of the pagoda are deteriorating because of their old age, and they should be restored in their original style. Systematic research must be done for leveling the pagoda platform, proper drainage and sustainability. Ancient religious buildings need systematic protection


See Page - 21►►

# SAC Information Team Leader Maj- Gen Zaw Min Tun clarifies government's efforts in combatting online scams and other criminal activities, replies to questions on people's military service

NAY PYI TAW February 7

Today, I will reply to questions raised by media about efforts of the government in combatting online scams and other criminal activities and people's military service issues.

Myanmar government cooperates with international communities in effectively combatting online scams and other crimes. On 3 February this year, the Chairman of the State Administration Council Prime Minister instructed Union ministers and chief ministers of regions and states to effective take action against online scams and gambling as the State faces hardships due to these crimes at the Union government's meeting. The Prime Minister also said that the government is actively cooperating with international communities in eradicating the criminal cases. He stressed the need to strictly handle exposing and taking action against those who committed online gambling and scams in addition to other criminal cases. Moreover, the Prime Minister emphasized all need to follow his guidance to take effective action against officials from relevant regions if they are involved in the crimes in addition to those who committed drug cases and other crimes. With regard to combatting the online gambling cases, a total of 61 persons—39 Chinese, one from Kazakhstan, five from Indonesia, one from Ethiopia, one from Pakistan, one from Malaysia and 13 from India who were forcibly trafficked to commit online scams and gambling in Shwe Kokko and KK Park near Myawady of Thai-Myanmar border— were exposed, and officials from Myanmar government, Myanmar Police Force and Immigration Body handed them over to officials from Thailand on 6 February 2025. According to the confessions, they were lured through online to work at computerized jobs and translation employment with high salaries. They initially arrived in Mae Sot of Myanmar-Thai border via Bangkok of Thailand from their relevant countries. Representatives from online gambling and scam businesses took them illegally crossing Thaungyin River of Thai-Myanmar border and forcibly ordered them to work at online scams and gambling businesses in Shwe Kokko and KK Park of Myawady.




SAC Information Team Leader Maj-Gen Zaw Min Tun.

Likewise, the government is accelerating an operation to combat criminal cases related to online gambling and scams in the eastern part of the northeast of Shan State. On 5 February, acting on tip off that scams and gambling are being undertaken, security forces went to Mongha area of Mongyai in Shan State and inspected the region. They found seven buildings where scams and gambling activities were conducted near Nawnghan Village of Mongha region in Mongyai Township. Hence, they combed the area and seized arms, ammunition, 181 mobile phones, 25 laptops, 21 desktops, 28 keyboards, two Wi-Fi devices, two sets of Star Link internet communication devices, solar panels, and batteries used in online scam and gambling processes.

At the same time, security forces took security measures at the site, southeast of Mongyai Township but faced firing of five armed insurgents who protected the online gambling and scams. So, the security forces counter-attacked them. In the incidents, some casualties happened. In this regard, seven Chinese males and one female, eight Myanmar males and four females were arrested with six arms. The area was combed in detail on 6 February. At that time, three more Chinese males and one female who hide themselves in two places, southwest of Mongkaung were arrested. Moreover, the security forces searched the southwest of Mongkaung and arrested 18 Vietnamese females, two Myanmar males and 25 females, totalling 45 were arrested with 72 computers, five Star Link internet devices, 79 assorted mobile phones, five gaming machines and two vehicles. Those arrestees will be under necessary investigation and more process will be conducted under the work procedures. Regarding online gambling and scamming, the Myanmar government issued a transparent press release on 20 January about the ongoing crackdown on online gambling operations in border areas. The SAC Chairman Prime Minister instructed the government organizations during a government meeting, emphasizing that online scams and gambling are not only crimes against Myanmar citizens but also crimes against humanity. The Myanmar government stated that it will take decisive action against these crimes in collaboration with international organizations.

For one more issue, he explained that after issuing the People's Military Service Rules, malicious media and terrorist instigators are working to mislead and intimidate the public. Arrangements have already been made to allow extensive reading and study of the People's Military Service Law. It can be accessed on the websites and web portals of the Ministry of Defence, the Ministry of Legal Affairs, the Ministry of Information, Myawady web portal, and the Myanmar National Portal. Moreover, the Central Committee for Summoning People's Military Service has announced that inquiries related to conscription, as well as complaints about misconduct, can be made through official channels. However, it also warns that false reports or misinformation will be investigated, and appropriate action will be taken in accordance with existing laws. Furthermore, it has already been updated to display the listed phone numbers in that location. Regarding this, reports have been made from this area, leading to investigations and action being taken against misconduct. In addition, both the People's Military Service Law and Rules specify the required ages for men and women. Based on this, there have been findings of threats directed at women. What I want to make clear is that although the People's Military Service Law and Rules technically include provisions for women to serve, there is currently no plan to conscript female people's military personnel.

**100**

---

●● **From Page - 21**

At the Meeting, the HLTF-ACV had an Interface Meeting with the Chair of the High-Level Task Force on ASEAN Economic Integration (HLTF-EI), Co-Chairs of the Ad Hoc Working Group on Development of ASCC Post-2025 Strategic Plan and Chair of the ASEAN Connectivity Coordinating Committee

(ACCC), Senior Officials Responsible for Information (SOMRI), and the respective pillars have updated their progress in developing their respective ASEAN Community Vision 2045 strategic plans. The Meeting exchanged views on the development of the respective strategic plans and effective implementation.

During the Meeting, the Draft Kuala Lumpur Declaration on ASEAN Community Vision 2045, set to be adopted at the 46th ASEAN Summit in Malaysia in 2025. The Meeting also deliberated on the Draft APSC Strategic Plan of ASEAN Community Vision 2045, Institutional Strengthening related Strategic Measures, Cross-pillar Strategic Measures, and the Monitoring and Evaluation mechanism for the implementation of Strategic Plans as well as the development of Strategic Plans by the respective pillars.

The upcoming 22nd HLTF-ACV Meeting scheduled to be held in March 2025 in Penang, Malaysia, will delve into further discussions on the Strategic Plans of the ASEAN Community Pillars. In addition, the Meeting will address key issues such as ensuring harmonization among strategic measures of the respective pillars, avoiding duplication, identification of lead sectoral bodies and pillars to take ownership for the implementation of strategic measures, strengthening linkages and coordination among sectoral bodies as well as Monitoring and Evaluation mechanisms of the Strategic Plans. The Meeting will also emphasize on the timely conclusion of the Strategic Plans for their adoption at the 46th ASEAN Summit in May 2025 in Malaysia.

**Ministry of Foreign Affairs**
**Dated, 7 February 2025**

# Operators of Illegal online gambling and scams (Kyar Phyant) in Mongha area in Mongyai Township, Shan State (North) detained, to be handed over to relevant countries after launching necessary investigations

NAY PYI TAW February 7

The government has been actively exposing and taking action against crimes of illegal online gambling and scam operations (Kyar Phyant) in cooperation with the international community. Moreover, authorities at different levels in regions and states are also exposing and taking action against crimes including online gambling and scams (Kyar Phyant) resolutely so that their regions and states are free from such crimes while combined teams including personnel of security forces are launching investigations strictly.

In doing so, security forces, acting on a tip that illegal online gambling and scam (Kyar Phyant) centres were being operated in Mongyai Township, Shan State (North), raided the township and exchange fire with teams of guards for Kyar Phyant operations in surrounding areas to the southeast of the township on 5 February. During the fighting security forces seized two bodies of guards for Kyar Phyant,five guards and six assorted weapons and detained seven Chinese men and one Chinese woman, three Myanmar men and four Myanmar women.



Three Myanmar men and four Myanmar women, who are members of illegal online gambling and scams (Kyar Phyant).

Furthermore, seven buildings used for Kyar Phyant operations near Naunghan Village, 181 assorted phones, 25 assorted laptops, 21 assorted deskops, 28 assorted keyboards, two Wifi routers, two sects of Star Link, electric equipment used for Kyar Phyant operations and one gun and five rounds of bullet were also seized.



Buildings used in illegal online gambling and scam (Kyar Phyant) operators.




Seizure of buildings and equipment used in illegal online gambling and scam (Kyar Phyant) operators.

Moreover, eight Chinese men, one Chinese woman, 18 Vietnamese women, two Myanmar men, 25 Myanmar women were detained and 72 computers, five Star Link sets, 79 assorted phones, five fish game machines and two vehicles used for Kyar Phyant operations in Mongha area near Naunghan Village on 6 February. On 7 February, 12 Chinese men were detained and one Alphard and one generator were seized near the village.



Eighteen Vietnamese women who are members of illegal online gambling and scams (Kyar Phyant).



Seizure of equipment used in illegal online gambling and scam (Kyar Phyant) operators.




Seizure of vehicles used in illegal online gambling and scam (Kyar Phyant) operators.

During the raids in Mongha area in Mongyai Township from 5 to 7 February, a total of 81 suspects including 27 Chinese men, two Chinese women, totalling 29 suspects, 18 Vietnamese women and five Myanmar men and and 29 Myanmar women, totalling 34 suspects, were detained.

Detainees in the cases are being systematically investigated and measures will be taken to charge them in accordance with the law and to hand over foreigners to relevant countries on humanitarian grounds and friendship among countries.

The government has been investigating exposing and taking effective action against illegal online scams and plans are underway to prevent and combat online gambling and scams in border areas of the country in cooperation with internationl community including neighbouring countries and to continue to expose and take action against such crimes.

▶▶ **From Page - 18**

and preservation. Meal offering passages also need restoration and renovation according to their original designs. Ancient works and designs and ancient culture and customs must be preserved continuously. Arrangements will be made to install solar power at the pagoda and religious buildings for offering lights round the clock. He also looked into other requirements.

The Senior General signed the visitor's book of the pagoda. The Senior General and wife made cash donations for multiple sectors of the pagoda. Members of the Pagoda Board of Trustees accepted the donations and presented Dhamma gifts to the donors.

King Hsinbyushin Taninganway, the ninth king of Nyaungyan dynasty of second Inwa period built the Lawka Tharaphu Pagoda in AD 1730 (1092 ME). As the king passed way before the completion of the pagoda, his son, King Maha Dhamma Razadipati Kyathapatay King Hanthawadyyauk continued the pagoda project. The Lawka Tharaphu Buddha Image was built from a single marble bounder. It is 27 feet nine inches tall. Its crossleg sitting part is 18 feet and nine inches wide, and its weight is 490.36 tons. Maha Lawka Thingyit Pagoda was bult at the back of the brick chamber in which Lawka Tharaphu Buddha Image is placed. King Sintgu of Konboung dynasty built the pagoda in 1140ME. King Hanthawady, son of King Mindon and King Bagan renovated the pagoda. Maha Lawka Thingyit Pagoda and the brick chamber collapsed due to an earthquake in 1200ME. King Mindon repaired the building but he could not finish the work. Dipa Ayemya Gyaung Sayadaw U Nandathiri of Sagaing mountain range renovated the buildings to the present situation in 1342ME.



Senior General Min Aung Hlaing hears reports on preservation of ancient Inwa city.

Officials also renovated and preserved them throughout the successive eras.

The Senior General and party inspected the moat and wall of ancient Inwa and spoke of the need to continuously protect and preserve the ancient town and walls and restore the moat.

They then inspected the Maha Zeyapahta-MaungO bridge and road on the TadaU-Inwa road section. In response to the reports of officials, instructions were given to conduct research on the pros and cons of restoring the bridge according to the original design and the original brick road. After looking into the requirements, they observed the road in a motorcade. **100**

## Press Release

# Myanmar Delegation attends the 21st Meeting of High-Level Task Force on ASEAN Community Vision 2045 (HLTF-ACV)

### 3- 5 February 2025, Philippines, Manila



Leaders of the delegations pose for documentary photo at the 21st Meeting of High-Level Task Force on ASEAN Community Vision 2045 (21st HLTF-ACV).

The Myanmar Delegation led by Dr. Wah Wah Maung, Eminent Person (EP) of Myanmar for the High-Level Task Force on ASEAN Community Vision 2045 and Deputy Minister of the Ministry of Investment and Foreign Economic Relations of the Republic of the Union Myanmar attended the 21st Meeting of High-Level Task Force on ASEAN Community Vision 2045 (21st HLTF-ACV) which was held in Manila, Philippines on 3 – 5 February 2025, accompanied by officials from the ASEAN Affairs Department, Ministry of Foreign Affairs. Drafting sessions of the High-Level Representatives were also held on the sideline of the 21st Meeting of HLTF-ACV and concluded the final reading with 100 percentage of completion of the draft ASEAN Political and Security Community (APSC) Strategic Plan.

The 21st HLTF-ACV Meeting was co-chaired by Eminent Persons (EP) of Malaysia and Philippines as the permanent shepherd Member State, and attended by Eminent Persons, High Level Representatives and officials from ASEAN Member States, representatives from Timor-Leste as well as ASEAN Secretary-General and officials from the ASEAN Secretariat.

**See Page - 19●●**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ရုံးချုပ်၊ ဗဟိုအဆင့်ဆေးရုံကြီးများ၊ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် ကုသရေးဦးစီးဌာနအောက်ရှိဆေးရုံများတွင် လစ်လပ်လျက်ရှိသော အငယ်တန်းစာရေးရာထူးနေရာများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနအောက်ရှိ ဗဟိုအဆင့်ဆေးရုံကြီးများ၊ ဆေးရုံများ၊ ရုံး၊ ဌာနများတွင် လစ်လပ်လျက်ရှိသော အငယ်တန်းစာရေး(လစာနှုန်းကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) ရာထူး(၅၃၉)နေရာအတွက် လျှောက်လွှာတင်သွင်းနိုင်ပါသည်။

၂။ လျှောက်ထားသူများသည်-
- (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်၊
- (ခ) (၂၇-၂-၂၀၂၅)ရက်နေ့တွင် အသက်(၃၀)ထက်မကျော်လွန်စေရ၊
- (ဂ) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက (၂၇-၂-၂၀၂၅)ရက်နေ့တွင် အသက်(၃၅)နှစ်ထက်မကျော်လွန်စေရ၊
- (ဃ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်၊
- (င) ပညာအရည်အချင်းသတ်မှတ်ချက်များမှာ- တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိထားသူများ
- (စ) ကွန်ပျူတာကျွမ်းကျင်စွာအသုံးပြုနိုင်သူဖြစ်ရမည်၊
- (ဆ) ဌာနတွင် အနည်းဆုံး(၅)နှစ် တာဝန်ထမ်းဆောင်နိုင်ပြီး ဒေသမရွေးသွားရောက်တာဝန် ထမ်းဆောင်နိုင်ကြောင်း ခံဝန်ကတိစာချုပ်ချုပ်ဆိုနိုင်သူဖြစ်ရမည်။
- (ဇ) အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှထုတ်ပစ်ခြင်းနှင့် ရာထူးမှထုတ်ပယ်ခြင်းခံရသူများ လျှောက်ထားခွင့်မရှိပါ။

၃။ စာမေးပွဲဝင်ကြေး ၁၀၀၀ ကျပ်(ကျပ်တစ်ထောင်တိတိ)ကို မြို့နယ်များမှ လျှောက်ထားသူများသည် မိမိတို့မြို့နယ်များရှိ မြန်မာ့စီးပွားရေးဘဏ်(ရုံးခွဲ)များတွင် ဘဏ်ငွေလွှဲလက်မှတ်ပြုလုပ်၍ လက်ထောက်အထွေထွေမန်နေဂျာ၊ နေပြည်တော်ဘဏ်(အမ်ဒီ-၀၁၀၅၇၂)သို့ ပေးသွင်းရပါမည်(သို့မဟုတ်)နေပြည်တော်၊ မြန်မာ့စီးပွားရေးဘဏ်ရှိ ငွေစာရင်းအမှတ်( အမ်ဒီ-၀၁၀၅၇၂)သို့လည်း ပေးသွင်းနိုင်ပါသည်။ အောက်ဖော်ပြပါ သတ်မှတ်လျှောက်လွှာပုံစံဖြင့်သာ လျှောက်ထားရမည်-
- (က) အမည်၊
- (ခ) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊
- (ဂ) မွေးသက္ကရာဇ်၊
- (ဃ) လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ၊
- (င) ဘွဲ့အမျိုးအစားနှင့်အောင်မြင်သည့်ခုနှစ်၊
- (စ) မိဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် ၎င်းတို့၏အလုပ်အကိုင်၊
- (ဆ) ယခင်ကနိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ခြင်း ရှိ-မရှိ၊ ရှိပါက မည်သည့်ဌာနတွင် တာဝန်ထမ်းဆောင်ခဲ့ကြောင်းနှင့် အလုပ်မှနုတ်ထွက်ခဲ့သည့်အကြောင်းအရာ၊
- (ဇ) နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် အလုပ်အကိုင်နှင့်ဌာန၊
- (ဈ) နိုင်ငံ့ဝန်ထမ်းမဟုတ်လျှင် မိမိလက်ရှိလုပ်ကိုင်နေသည့် အလုပ်အကိုင်နှင့်ဌာန၊
- (ည) ဆက်သွယ်ရန်လိပ်စာနှင့်ဆက်သွယ်ရမည့် ဖုန်းနံပါတ်၊
- (ဋ) အမြဲတမ်းနေရပ်လိပ်စာအပြည့်အစုံဖော်ပြရမည်။

၄။ လျှောက်လွှာနှင့်အတူ အောက်ပါအချက်အလက်များအား ပူးတွဲပါရှိရမည်-
- (က) ဝင်ကြေးငွေပေးသွင်းသည့် ငွေသွင်းပြေစာလက်ခံမူရင်း(သို့မဟုတ်)ချလန်မူရင်း၊
- (ခ) ဘွဲ့လက်မှတ်မိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်းလက်မှတ်ရေးထိုးရန်)
- (ဂ) အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်(သို့မဟုတ်)အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်းလက်မှတ်ရေးထိုးရန်)
- (ဃ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ
- (င) (၁)လအတွင်း ရိုက်ကူးထားသောပတ်စ်ပို့ဓာတ်ပုံ(၂)ပုံ၊ (ဓာတ်ပုံကျောဘက်တွင် အမည်နှင့်နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်ရေးသားရန်။)
- (စ) ယခင်ဝန်ထမ်းအဖြစ်တာဝန်ထမ်းဆောင်ခဲ့ဖူးပါက ဌာန၏နုတ်ထွက်ခွင့်ပြုကြောင်းအမိန့်စာမိတ္တူ
- (ဆ) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက် အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ
- (ဇ) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက် လွန်ခဲ့သောတစ်လအတွင်းရရှိထားသော အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရပ်ကွက်နှင့်ရဲစခန်း၏ ထောက်ခံချက်မူရင်း၊
- (ဈ) နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်မူရင်းနှင့် ဌာနဆိုင်ရာပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်မူရင်း၊
- (ည) ကျန်းမာရေးကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ်ဆေးရုံ၏ ဆေးစစ်ထောက်ခံချက်မူရင်း။

၅။ လျှောက်လွှာများကို နေပြည်တော်ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်ကုသရေးဦးစီးဌာနသို့သာလိပ်မူ၍ လျှောက်လွှာပိတ်ရက်(၂၇-၂-၂၀၂၅)ရက်နေ့၊ (၁၆:၃၀)နာရီထက် နောက်မကျစေဘဲ လျှောက်ထားရမည်။

၆။ နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် လျှောက်လွှာတစ်စောင်ကို မိမိတာဝန်ထမ်းဆောင်နေသည့် ဌာနအကြီးအကဲ ထောက်ခံချက်ဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနမှတစ်ဆင့် ဤဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနသို့ပေးပို့ရန်ဖြစ်ပြီး လျှောက်လွှာမူရင်းခွဲတစ်စောင်ကို ကုသရေးဦးစီးဌာနရုံးချုပ်သို့ (၂၇-၂-၂၀၂၅)ရက်နေ့ ရုံးချိန်အတွင်း နောက်ဆုံးထားပြီး ပေးပို့ရမည်ဖြစ်သည်။

၇။ အရည်အချင်းသတ်မှတ်ချက်နှင့်မကိုက်ညီသူများ၊ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်းအချက်အလက် မပြည့်စုံသူများနှင့် သတ်မှတ်ရက်ထက်နောက်ကျသောလျှောက်လွှာများကို ထည့်သွင်းလက်ခံစဉ်းစားမည် မဟုတ်ပါ။

၈။ အရည်အချင်းစစ်စာမေးပွဲကျင်းပပြုလုပ်မည့် ရက်စွဲ၊ အချိန်၊ နေရာနှင့်စာမေးပွဲ ဖြေဆိုရန်အတွက် ဖြေဆိုခွင့်ရရှိသူ အမည်စာရင်း၊ ခုံအမှတ်တို့ကို အချိန်မီ အကြောင်းကြားပေးသွားမည်ဖြစ်သည်။

၉။ အသေးစိတ်သိလိုပါက ရုံးအမှတ်(၄)၊ ကုသရေးဦးစီးဌာန(ရုံးချုပ်)၊ တယ်လီဖုန်းအမှတ် (၀၆၇၃-၄၁၁၀၆၀၆)၊ (၀၆၇၃-၄၁၁၃၉၀)၊ (၀၆၇၃-၄၁၁၃၈၅)တို့ကို ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ကုသရေးဦးစီးဌာန**







### ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့၊ အ.ထ.က(၁) Grade-10 တွင်ပညာသင်ကြားနေသော မမို့မို့အောင်၏ဖခင် ဦးငြိမ်းမြင့်၏အမည်မှန်မှာ ၈/ရစက(နိုင်)၁၂၀၇၁၈ အရ ဦးညိမ်းမြင့်ဖြစ်ပါကြောင်း။

ဦးညိမ်းမြင့်

### ပျောက်ဆုံးကြောင်း

ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့၊ မေတ္တာရပ်ကွက်နေ အောင်မိုးဆွေ(ဘ) ဦးစန်းဟန် ၇/ကကန(နိုင်)၀၅၄၃၄၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၀၉၉၀၆၆၀၀

### ပျောက်ဆုံးကြောင်း

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ အောက်စီတီးအရှေ့ကျေးရွာနေ တင်မောင်ဝင်း(ဘ) ဦးသိန်းဝင်း ၇/ပခန(နိုင်)၂၃၄၁၇၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၈၃၄၅၁၇၀၁

### တစ်ဦးတည်းဖြစ်ပါကြောင်း

မြောင်းမြမြို့၊ အမှတ်(၄)ရပ်ကွက်၊ ဗိုလ်ဗထူးလမ်းနေ (ဘ)ဦးကျော်သင်း(မိ)ဒေါ်အေးအေးတို့၏သမီး မဌေးဌေးဝင်း(ခ)မထက်ထက်ကျော်၁၄/မမန(နိုင်)၃၃၂၃၀၁ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**မဌေးဌေးဝင်း(ခ)မထက်ထက်ကျော်**

## လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန်ကြေညာခြင်း

ပျဉ်းမနားမြို့၊ ဥယျာဉ်စုရပ်ကွက်၊ ယုဇနလမ်းနေ ဦးကြည်သာထွန်း(ဘ)ဦးထွန်းထွန်းဦး ၉/ပမန(နိုင်)၂၇၁၇၇၈ နှင့် ဒေါ်အေးအေးမာ(ဘ)ဦးစိန်အောင်မင်း ၉/ပမန(နိုင်)၂၉၄၈၅၉ တို့သည် တစ်ဦးနှင့်တစ်ဦးစိတ်သဘောထားချင်း မတိုက်ဆိုင်သည့်အပြင် အကြင်လင်မယားအဖြစ်မှ ဆက်လက်ပေါင်းသင်းရန်ဆန္ဒမရှိကြတော့သဖြင့် (၃၁-၁-၂၀၂၅) ရက်နေ့တွင်ဂုဏ်သရေရှိအသိသက်သေများရှေ့မှောက်၌ အကြင်လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲခြင်းနှင့်ပတ်သက်၍ မိမိတို့၏လွတ်လပ်သောသဘောဆန္ဒအရ စာချုပ်ပြုလုပ်ချုပ်ဆိုခဲ့ကြပြီးဖြစ်ပါသောကြောင့် ကွာရှင်းပြီးသည့်အချိန်မှစ၍ တစ်ဦးနှင့်တစ်ဦးမည်သို့မျှ ပတ်သက်ဆက်နွှယ်ခြင်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးကြည်သာထွန်း၏လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ယဉ်မာကျော်ဝင်း(LL.B)၊ တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၂၄၄)
အမှတ်(၁၅/၈၀၅)၊ မေတ္တာလမ်း၊ ပေါင်းလောင်း(၃)၊ ပျဉ်းမနားမြို့။

### ပျောက်ဆုံးကြောင်း

ဘုတလင်မြို့နယ်နေ မောင်နိုင်အောင်(ဘ) ဦးသန်းမြင့် ၅/ဘတလ(နိုင်)၁၁၄၄၄၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 079076)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၅၄၈၄၆၁၉၅

### ပျောက်ဆုံးကြောင်း

ယင်းမာပင်မြို့နယ်နေ မမြတ်ဆုဇော်(ဘ) ဦးဝင်းဇော် ၅/ယမပ(နိုင်)၁၄၇၄၄၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 888144)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၄၃၆၉၃၉၄

### ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မိတ္ထီလာမြို့၊ ရတနာမာရ်အောင်ရပ်ကွက်၊ နယ်မြေ(၅)၊ ဦးပိုင်အမှတ်(၈၇/ဇ)၊ မြေကွက်အမှတ်(၇/က-ဒိုဘီကုန်း)နေ၊ ဒေါ်မြင့်မြင့်သန်း(၉/မထလ(နိုင်)၁၁၁၂၃၉)ကိုင်ဆောင်သူမှ(အလျား ၂၀'-၀" x အနံ ၃၅'-၀")RC(၁)ထပ်အဆောက်အဦ ဆောက်လုပ်ခွင့်ပြုပါရန်လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦဆောက်လုပ်ခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတာဝန်ရှိသူထံ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

# တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန် ပစ္စည်းများနှင့် တရားမဝင်ကုန်ပစ္စည်းတင်ရေယာဉ်နှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် ဖေဖော်ဝါရီ ၇

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

**ဖေဖော်ဝါရီလ ၆ ရက်**တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များကစစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာအေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ (၁)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၁၇၄၃၀၀)ကိုလည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ (၁)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၁) မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၇၂၈၀၀၀၀)ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၊ လေဆိပ်(သွင်းကုန်)၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၃၁၈၄၃၈)ကိုလည်းကောင်း၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၄၇၇၂၇၃၈)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြိတ်မြို့၊ မင်းဓမ္မ(၈)လမ်း၊ အင်းလေးမြိုင်စက်မှုဇုန်ရှိ ဂိုဒေါင်(၁)လုံးအတွင်းမှ တရားဝင်တင်သွင်းခွင့်အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့်လူသုံးကုန်ပစ္စည်း (၁)မျိုး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်နှင့် ညောင်လေးပင်ခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် (၄ ဒသမ ၂၂၀)တန် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၄၆၁၉၀)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရတနာပုံတံတား(မန္တလေး)စစ်ဆေးရေးဂိတ်၌ မန္တလေးမြို့မှ ကလေးမြို့သို့ သွားရောက်မည့် မော်တော်ယာဉ် (၁) စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း( ၂၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၈၅၉၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hilux (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ရန်ကုန်–မန္တလေးအမြန်လမ်းမိုင်တိုင်အမှတ် (၃၆၆/၆)၊ တံခွန်တိုင်အဝိုင်းအနီး၌ မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၆)မျိုး၊ လူသုံးကုန်ပစ္စည်း (၄)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၉၅၃၆၀၀) နှင့်အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် SC Neustar Bus (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၆၂၀၀၀၀၀) ကိုလည်းကောင်း၊ ပလိပ်မြို့၊ Denko ဆီဆိုင်အနီး၌ မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၄)မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၉၉၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Sojen Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၅၇၇၃၁၁၆၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲ မှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရွှေမဲဆိပ်ကမ်း၌ မြိတ်မြို့မှ ရန်ကုန်မြို့သို့ ဆိုက်ကပ်လာသော ရေယာဉ် (၁)စင်းပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၂)မျိုး၊ စားသောက်ကုန်ပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ်၇၃၂၆၇၅၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် M.V MCL–7 ရေယာဉ် (၁)စင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၇၃၂၆၇၅၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြန်အောင်ခရိုင်၊ ကြံခင်းမြို့နယ်၌တရားမဝင်အခြားသစ် (၁ ဒသမ ၀၅၀)တန် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၉၇၆၅၀)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၂၅)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၈၆၈၉၅၆၇၈)**ကို ဖမ်းဆီးရမိခဲ့သည်။ နိုင်ငံတော်၏ စီးပွားရေး ဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် တရားမဝင်ကုန်သွယ်မှုများသည် အဓိက အဟန့်အတားဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာဆိုးကျိုးသက်ရောက်ခြင်းများကြောင့် သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမိုတားဆီး စစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှသိရသည်။ (သတင်းစဉ်)

# ချမ်းအေးသာစံမြို့နယ်၊ အောင်မြေသာစံမြို့နယ်နှင့် ငဖဲမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ



တူးမိုင်အား သိမ်းဆည်းရမိသည့် စိတ်ပြောင်းဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

နေပြည်တော် ဖေဖော်ဝါရီ ၇

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီလ ၄ ရက် ည ၉ နာရီတွင် ချမ်းအေးသာစံမြို့နယ်၊ ရန်မျိုးလုံ ရပ်ကွက်၊ ၇၁ လမ်းတွင် တူးမိုင်မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေး ရှာဖွေရာ စိတ်ပြောင်းဆေးဝါး Happy Water သုည ဒသမ ၀၂ ကီလို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးချက်အရ ည ၁၁ နာရီတွင် အောင်မြေသာစံမြို့နယ်၊ ပုလဲငွေရောင် ရပ်ကွက်ရှိ ၎င်း၏နေအိမ်ကို ဆက်လက်ရှာဖွေရာ စိတ်ပြောင်းဆေးဝါးများဖြစ်သည့် ကက်တမင်း ၂ ဒသမ ၅ ကီလို၊ Happy Water ၁ ဒသမ ၂၆ ကီလို၊ အက်တက်စီဆေးပြား ၄၅၀ ပြား၊ Happy Water အရည် သုည ဒသမ ၀၁၈ လီတာ ထပ်မံသိမ်းဆည်းရမိခဲ့ကြောင်း။

ထို့ပြင် ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီလ ၆ ရက် နံနက် ၁၁ နာရီခွဲတွင် ငဖဲမြို့နယ်၊ ပဒါန်းကျေးရွာအုပ်စု၊ ပဒါန်းကျေးရွာအနီးရှိ ဦးချောက်၏နေအိမ်တဲကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၂၀၀ နှင့် ဘိန်းစိမ်း သုည ဒသမ ၀၃ ကီလို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်းသိရသည်။

(သတင်းစဉ်)

# ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်တွင် ငွေကျပ်သိန်း ၅၂၀၀ ကျော် တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါးကက်တမင်း ၆၂ ကီလို ဖမ်းဆီးရမိ

နေပြည်တော် ဖေဖော်ဝါရီ ၇

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီလ ၃ ရက်နေ့ မွန်းတည့် ၁၂ နာရီအချိန် ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့နယ်၊ ဝမ်တာပုံ ကျေးရွာအနီးတွင် မိုင်းခတ်မှ ကျိုင်းတုံဘက်သို့ စိုင်းလုံဝန်း မောင်းနှင်လာသည့် TOYOTA PROBOX မော်တော်ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်၏ကိုယ်ထည်အံ့ဝှက်များအတွင်းမှ ဒေသကာလတန်ဖိုးငွေကျပ်သိန်း ၅၂၀၀ ကျော်တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါးကက်တမင်း ၆၂ ကီလို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရသိမ်းဆည်းရမိ စိတ်ပြောင်းဆေးဝါးကက်တမင်းများအား မိုင်းယန်းမြို့နယ်၊ မိုင်းဖျန်မြို့မှ



ဖမ်းဆီးရမိသူအား သိမ်းဆည်းရမိသည့် စိတ်ပြောင်းဆေးဝါး ကက်တမင်းများနှင့်အတူ တွေ့ရစဉ်။

မြန်မာ–ထိုင်းနယ်စပ်၊ တာချီလိတ်မြို့နယ်သို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့်၎င်းတို့အား ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

(၁၀၀)

# အမျိုးသမီးတစ်ဦးကို တရုတ်ဇနီးမယားအဖြစ် ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့သူများကို လူကုန်ကူးမှုဖြင့်အလုပ်နှင့်ထောင်ဒဏ်ချမှတ်

နေပြည်တော် ဖေဖော်ဝါရီ ၇

အမျိုးသမီးတစ်ဦးကို တရုတ်ဇနီးမယားအဖြစ် ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့သူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်နှစ် (၂၀) ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှသိရသည်။

ပဲခူးတိုင်းဒေသကြီး၊ ထန်းတပင်မြို့၊ ဒိုးသောင်ကျေးရွာနေ မ–––––– ၂၅/၂၀၂၅ နှစ်သည် မိုင်းပေါက်မြို့ရှိ KTV တွင် Sexy Live အလုပ်အား (၃)လ စာချုပ်ဖြင့် လုပ်ကိုင်နေရာမှ မလုပ်ချင်ကြောင်းပြောရာ တရုတ်သူဌေးက တရုတ်ယွမ် ၁၂၀၀၀ ပေးလျော်ရမည်၊ လျော်ကြေးကို တရုတ်ယောက်ျားယူ၍ ရမည့်ငွေဖြင့်ပေးချေရန် ပြောဆိုစည်းရုံးခဲ့ပြီး ၎င်းအားတရုတ်ယောက်ျားထံ ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့ကြသည့် ရှမ်းပြည်နယ်၊ မူဆယ်မြို့၊ ဟိုမွန်ရပ်ကွက်နေ ဇင်နွေးအေး၊ မူဆယ်မြို့၊ ကောင်းမှုတံ့ရပ်ကွက်နေ နေသူနိုင်၊ မာမာအောင်နှင့် အေလောဝ်(ခ)အငယ်ကောင်တို့အား မူဆယ်မြို့မရဲစခန်း(ပ)၂၃၈/၂၀၂၄၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေ ပုဒ်မ ၃၈(က)/၄၄ ဖြင့် အမှုရေးဖွင့် တရားစွဲတင်ခဲ့ရာ မူဆယ်ခရိုင်တရားရုံးမှ ယမန်နေ့က တရားခံ ဇင်နွေးအေး၊ နေသူနိုင်၊ မာမာအောင်နှင့် အေလောဝ်(ခ) အငယ်ကောင်တို့(၄)ဦးအား လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေ ပုဒ်မ–၃၈(က)အရ အလုပ်နှင့် ထောင်ဒဏ်နှစ်(၂၀)စီ ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။ (သတင်းစဉ်)

# အာဆီယံလွတ်လပ်သောကုန်သွယ်မှုဒေသကောင်စီဝန်ကြီးများအစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် တက်ရောက်




နေပြည်တော် ဖေဖော်ဝါရီ ၇

မြန်မာနိုင်ငံ၏ အာဆီယံလွတ်လပ်သော ကုန်သွယ်မှုဒေသကောင်စီဝန်ကြီး ရင်နှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် ယနေ့မွန်းလွဲပိုင်းတွင် အာဆီယံကုန်စည်ကုန်သွယ်ရေး သဘောတူစာချုပ် အဆင့်မြှင့်တင်ခြင်းဆိုင်ရာ စေ့စပ်ညှိနှိုင်းမှုများနှင့်စပ်လျဉ်းသည့် အာဆီယံလွတ်လပ်သောကုန်သွယ်မှုဒေသကောင်စီဝန်ကြီးများ အစည်းအဝေးသို့ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ပါဝင်တက်ရောက်သည်။

အစည်းအဝေးတွင် စင်ကာပူနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန ဝန်ကြီး H.E. Gan Kim Yong က အစည်းအဝေးသဘာပတိအဖြစ် ဆောင်ရွက်ပြီး အာဆီယံလွတ်လပ်သော ကုန်သွယ်မှု ဒေသကောင်စီဝန်ကြီးများ၊ အာဆီယံအဆင့်မြင့် စီးပွားရေးအရာရှိဖြစ်သူ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဒေါက်တာမာလာမျိုးညွန့်၊ အာဆီယံဒုတိယအတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဝန်ကြီးများသည် ၂၀၂၅ ခုနှစ် မတ်လ၌ အာဆီယံကုန်စည်ကုန်သွယ်ရေး သဘောတူစာချုပ်အဆင့်မြှင့်တင်ခြင်းညှိနှိုင်းမှုများ အပြီးသတ်နိုင်ရေးအတွက် လမ်းညွှန်ချက်ပေးရန်ကိစ္စရပ်များ၊ အာဆီယံကုန်စည်ကုန်သွယ်ရေးသဘောတူစာချုပ် ဒုတိယအခြေပြစာချုပ်ချုပ်ဆိုရေးအတွက် ဆောင်ရွက်မည့်အစီအစဉ်များကို ဆွေးနွေးညှိနှိုင်းကြသည်။

အာဆီယံကုန်စည်ကုန်သွယ်ရေးသဘောတူစာချုပ်အဆင့်မြှင့်တင်ခြင်းဆိုင်ရာစေ့စပ်ညှိနှိုင်းမှုများကို ၂၀၂၂ ခုနှစ် မတ်လတွင် စတင်ခဲ့ပြီး ၂၀၂၅ ခုနှစ် မတ်လတွင် အပြီးသတ်ရန် အာဆီယံနိုင်ငံများက ရည်မှန်းထားကြောင်း သိရသည်။

(သတင်းစဉ်)

# ပညာရေးဝန်ကြီးဌာန တတိယအကြိမ်မြောက် ထမနဲထိုးပြိုင်ပွဲကျင်းပ



နေပြည်တော် ဖေဖော်ဝါရီ ၇

မြန်မာ့ရိုးရာယဉ်ကျေးမှုအစဉ်အလာ ထိန်းသိမ်းစောင့်ရှောက် တတ် စေရေး၊ ဝန်ထမ်းအချင်းချင်း စည်းလုံးညီညွတ်စွာ အတူတကွ ပူးပေါင်းဆောင်ရွက်တတ်စေရေးနှင့် တစ်ဦးနှင့်တစ်ဦး ဖေးမကူညီတတ်စေရေးဟူသော ရည်ရွယ်ချက်များဖြင့် ပညာရေးဝန်ကြီးဌာန၏ တတိယအကြိမ်မြောက် ထမနဲထိုးပြိုင်ပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန ရုံးအမှတ်(၁၃)ရှိ ယာဉ်ရပ်နားကွင်း၌ ကျင်းပသည်။


ဦးစွာ မန်လည်ဆရာတော်ဘုရားကြီး၏ ထမနဲထိုးကဗျာဖြင့် အခမ်းအနားကို စတင်ဖွင့်လှစ်ပြီး ပြိုင်ပွဲနှင့်ပတ်သက်သောစည်းမျဉ်းစည်းကမ်းများနှင့်အမှတ်ပေးပုံစံများကို ရှင်းလင်းဖော်ပြကာ ဒိုင်လူကြီးများက ပြိုင်ပွဲဝင်အသင်းများကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ ထမနဲထိုးပြိုင်ပွဲကို စတင်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးရုံး ဝန်ကြီးဌာနအောက်ရှိဦးစီးဌာနရှစ်ခုနှင့် Naypyitaw State Academy တို့မှ စုစုပေါင်းအသင်း ၁၀ သင်းတို့က မြန်မာ့ရိုးရာယဉ်ကျေးမှု အစဉ်အလာအတိုင်း တပျော်တပါး အားမာန်အပြည့်ဖြင့် ထမနဲထိုးယှဉ်ပြိုင်ကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ ဒုတိယဝန်ကြီး ဒေါက်တာဒေါ်မြင့်မြင့်နှင့် ဦးနေမျိုးလှိုင်၊ ညွှန်ကြားရေးမှူးချုပ်များက ထမနဲထိုးပြိုင်ပွဲတွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် နှစ်သိမ့်ဆုရရှိခဲ့ကြသည့်အသင်းများကို ဂုဏ်ပြုဆုများ ပေးအပ်ကြသည်။

အဆိုပါပြိုင်ပွဲသို့ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ Naypyitaw State Academy မှ ဒုတိယပါမောက္ခချုပ်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် သက်ဆိုင်ရာဦးစီးဌာနများအလိုက် အရာထမ်းအမှုထမ်းများနှင့်ဝန်ထမ်းမိသားစုများ တက်ရောက်ကြပြီး ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)

# Solar PV System တည်ဆောက်၍ ဝါကြိတ်စက်နှင့်ဆီကြိတ်စက်များ အောင်မြင်စွာစမ်းသပ်လည်ပတ်



ဝါကြိတ်စက်(Double Roller Gin)ဖြင့် ဝါကြိတ်ခွဲမှုအခြေအနေကိုတွေ့ရစဉ်။



ဆီကြိတ်စက်နှစ်လုံးဖြင့် ဆီကြိတ်ခွဲနေမှုအခြေအနေကိုတွေ့ရစဉ်။

နေပြည်တော် ဖေဖော်ဝါရီ ၇

ပြည်တွင်းဆီလုပ်ငန်းရှင်များ၊ MSME လုပ်ငန်းရှင်များနှင့်တစ်နိုင်တစ်ပိုင်လုပ်ငန်းရှင်များအတွက် Solar PV System ကို အသုံးပြု၍ စားသုံးဆီကြိတ်ခွဲထုတ်လုပ်နိုင်ပါက စီးပွားရေးအရ တွက်ခြေကိုက်ရန် ရည်ရွယ်၍ စက်မှုဝန်ကြီးဌာနအနေဖြင့် ဝါကြိတ်စက်ရုံ(ရမည်းသင်း)တွင် Solar PV System တစ်ခုတည်ဆောက်၍ ဝါကြိတ်စက်နှင့်ဆီကြိတ်စက်များ စမ်းသပ်လည်ပတ်နိုင်ခဲ့ကြောင်းသိရသည်။

ထိုသို့ စမ်းသပ်လည်ပတ်နိုင်ရန်အတွက် Solar PV System ကို Solar Panel 665 Watt ၁၄ ချပ်နှင့်တွဲ၍ 7.5 kW Hybrid Inverterဖြင့်တည်ဆောက်ခဲ့ပြီး ဝါကြိတ်စက် Double Roller Gin(3.7 kW) တစ်လုံးကို ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၁၉ ရက်တွင် ဝန်အားပြည့် စမ်းသပ်လည်ပတ်နိုင်ခဲ့ကြောင်းနှင့် Double Roller Gin တစ်လုံး အသုံးပြု၍ Performance Test စမ်းသပ်ဆောင်ရွက်ခြင်းကို တစ်ရက်လျှင် ပျမ်းမျှ ၆ နာရီခန့်ဖြင့် ၂၂ ရက်ဆောင်ရွက်ခဲ့ရာ ဝါကုန်ကြမ်း ၉၇၃၃ ပိဿာ ကြိတ်ခွဲနိုင်ခဲ့သဖြင့် တစ်ရက်လျှင် ၄၆၃ ပိဿာ ကြိတ်ခွဲနိုင်ခဲ့ပြီး Double Roller Gin ကို ၆ နာရီ ၃၅ မိနစ်ခန့် စက်ရပ်နားခြင်းမပြုဘဲ ဝါကုန်ကြမ်းများကိုကြိတ်ခွဲခဲ့ရာ ၈၈၅ ပိဿာ ကြိတ်ခွဲနိုင်ခဲ့ကြောင်း သိရသည်။

ထိုသို့ Double Roller Gin တစ်လုံး စမ်းသပ်လည်ပတ်ခြင်းအတွက် တစ်ရက်လျှင် ပျမ်းမျှလျှပ်စစ်ဓာတ်အားယူနစ် 22 kWH သုံးစွဲမှုရှိ၍ ဓာတ်အားခကုန်ကျစရိတ် တစ်ရက်လျှင် 22 kWH x ၂၅၀ ကျပ် = ငွေကျပ် ၅၅၀၀ သက်သာမည်ဖြစ်ပြီး Solar PV System ဖြင့် Double Roller Gin တစ်လုံး တစ်နှစ်လည်ပတ်မည်ဆိုပါက တစ်နှစ်လျှင် လျှပ်စစ်ဓာတ်အားခ ငွေကျပ် ၁၆၅၀၀၀၀ သက်သာမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် Solar PV System ဖြင့် 4 kW အသုံးပြု၍ နေရောင်ခြည်ရရှိမှုအခြေအနေအရ တစ်ရက်လျှင် ၆ နာရီခန့် လည်ပတ်ကြိတ်ခွဲနိုင်ပါက ဆီကြိတ်စက်နှစ်လုံးဖြင့် မြေပဲဆန် ၁၅ တင်း ကြိတ်ခွဲနိုင်မည်ဖြစ်ရာ လက်ရှိဈေးနှုန်းအရ မြေပဲဆန်တစ်တင်း ကြိတ်ခွဲခငွေကျပ် ၉၀၀၀ နှုန်းရရှိပြီး တစ်ရက်လျှင် ၁၅ တင်းကြိတ်ခွဲပါက ငွေကျပ် ၁၃၅၀၀၀ ဆီကြိတ်ခရရှိနိုင်မည်ဖြစ်သည်။

ဆီကြိတ်စက် နှစ်လုံးလည်ပတ်ခြင်းအတွက် တစ်ရက်လျှင် ပျမ်းမျှ လျှပ်စစ်ဓာတ်အားယူနစ် 27 kWH သုံးစွဲကြောင်းတွေ့ရှိရသဖြင့် တစ်ရက်လျှင်ငွေကျပ် ၆၇၅၀ သက်သာစေမည်ဖြစ်သည်။ တစ်ရက်လျှင် ဆီကြိတ်ခနှင့် လျှပ်စစ်ဓာတ်အားခ သက်သာမှုအရ စုစုပေါင်းငွေကျပ် ၁၄၁၇၅၀ ရရှိနိုင်မည်ဖြစ်၍ တစ်လ ၂၅ ရက်လည်ပတ်နိုင်ပါက ဝင်ငွေကျပ် ၃၅၄၃၇၅၀ ရရှိနိုင်မည်ဖြစ်သည်။

ဆီကြိတ်စက်လုပ်ငန်းရှင်တစ်ဦးအတွက် ဆီကြိတ်စက် နှစ်လုံး၊ ဆီစစ်စက် တစ်လုံးကို Solar PV System တပ်ဆင်၍ လုပ်ငန်းဆောင်ရွက်လျှင် ရင်းနှီးမြှုပ်နှံမှုကုန်ကျငွေစုစုပေါင်း ငွေကျပ် ၃၆၅၈၀၀၀၀ ရှိသဖြင့် ခန့်မှန်း ၁၁ လခန့် လည်ပတ်လျှင် အရင်းကျေမည်ဖြစ်သည်။

ဝင်ငွေရရှိမှုအရ တစ်နှစ်အတွင်း အရင်းကျေနိုင်သဖြင့် ဆီကြိတ်စက်လုပ်ငန်းရှင်များအနေဖြင့် ရွေးချယ်ဆောင်ရွက်ရန် ကောင်းမွန်သည့်လုပ်ငန်းတစ်ခုဖြစ်ကြောင်း သိရသည်။

စက်မှုဝန်ကြီးဌာနအနေဖြင့် Solar PV System ဖြင့် ဝါကြိတ်စက်နှင့် ဆီကြိတ်စက်များကို Performance Test ဆောင်ရွက်နိုင်သဖြင့် လျှပ်စစ်မီးမရရှိသောဒေသများတွင် ဝါစိုက်တောင်သူများ၊ ဝါကြိတ်စက်လုပ်ငန်းရှင်များနှင့် MSME ဆီကြိတ်လုပ်ငန်းရှင်များအတွက် Model Business တစ်ခုကို အောင်မြင်စွာတည်ဆောက်၍ ဆောင်ရွက်ပြသနိုင်ခဲ့ကြောင်းနှင့် ဆိုလာအသုံးပြု၍ ဝါကြိတ်စက်နှင့် ဆီကြိတ်စက်များလည်ပတ်မည်ဆိုပါက လိုအပ်သောနည်းပညာများ ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

# (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကိုဂုဏ်ပြုကြိုဆိုသောအားဖြင့် အစိုးရနည်းပညာအထက်တန်းကျောင်း(နေပြည်တော်)၌ စာစီစာကုံးပြိုင်ပွဲကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၇**

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ယမန်နေ့က အစိုးရနည်းပညာအထက်တန်းကျောင်း (နေပြည်တော်)၌ **“အမြဲတည်တံ့စေ ပြည်ထောင်စုအမွေ”** ခေါင်းစဉ်ဖြင့် စာစီစာကုံးပြိုင်ပွဲကိုကျင်းပရာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ဖေယျ ကြည့်ရှုအားပေးခဲ့သည်။




ဦးစွာ ဒုတိယဝန်ကြီးသည် အထက်တန်းကျောင်းစုဝေးခန်းမ၌ ကျောင်းသား၊ ကျောင်းသူများ စိတ်ဝင်စားထက်သန်စွာ စာစီစာကုံးရေးသားဖြေဆိုနေမှုများကို ကြည့်ရှုအားပေးသည်။

စာစီစာကုံးပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲ ဆက်လက်ကျင်းပရာ ဒုတိယဝန်ကြီးက ဆုရရှိသူများကို ဆုများပေးအပ်ချီးမြှင့်ပြီး ကျောင်းစာကြည့်တိုက်အတွက် သုတ၊ ရသ စာအုပ်များကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် အထက်တန်းကျောင်းရှိ စာသင်ခန်းများ၌ စာပေလေ့လာသင်ကြားနေကြသည့်ကျောင်းသား၊ ကျောင်းသူများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ပြီး အင်ဂျင်နီယာဌာန၏ အလုပ်ရုံများကို ကြည့်ရှုစစ်ဆေးကာ ဒေသတွင်းပြည်သူများ၏ နည်းပညာလိုအပ်ချက်များကို လက်တွေ့ကျကျ ဖြည့်ဆည်းပေးနိုင်မည့် သုတေသနပရောဂျက်များ ဆောင်ရွက်နိုင်ရေး၊ လက်တွေ့လုပ်ငန်းများဖြင့် ရှင်သန်နေသောအလုပ်ရုံများ ဖြစ်စေရေး အလေးထား ကြိုးစားဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်းသိရသည်။

**(သတင်းစဉ်)**

# (၆)ကြိမ်မြောက် အာဆီယံလုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကွန်ရက်ဆုဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲကျင်းပ



**ရန်ကုန် ဖေဖော်ဝါရီ ၇**

(၆)ကြိမ်မြောက် အာဆီယံလုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကွန်ရက်ဆုဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင်ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ကနောင်ခန်းမ၌ကျင်းပသည်။

ဆွေးနွေးပွဲတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူးက လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးနှင့်အလုပ်သမားများ၏ အခြေခံရပိုင်ခွင့်များ၊ ကုန်ထုတ်စွမ်းအားတိုးတက်ရေးနှင့် လုပ်ငန်းရှင်များကို ဂုဏ်ပြုသည့် ASEAN–OSHNET က ချီးမြှင့်သောဆုများရရှိစေရန် ရွေးချယ်ဆောင်ရွက်ပေးနေမှု အခြေအနေများကိုလည်းကောင်း၊ အလုပ်ရုံနှင့်အလုပ်သမား ဥပဒေစစ်ဆေးရေးဦးစီးဌာနမှ တာဝန်ရှိသူများက လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကွန်ရက်ဆုဆိုင်ရာကိစ္စရပ်များ၊ ဆုရွေးချယ်ရေးနှင့် ပတ်သက်သည့် စံနှုန်းသတ်မှတ်ချက်များကိုလည်းကောင်းရှင်းလင်းကြပြီး ဆုနှင့်ပတ်သက်သည့် သတင်းအချက်အလက်များကို Video Clip ဖြင့် ရှင်းလင်းပြသသည်။

လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးစနစ်ထူးခြားစွာ ဆောင်ရွက်ထားသော ကုန်ထုတ်သည့် စက်ရုံ၊ အလုပ်ရုံနှင့် အဆောက်အအုံတည်ဆောက်ရေးလုပ်ငန်းများအနေဖြင့် ASEAN–OSHNET Excellence ဆုကိုလည်းကောင်း၊ အလုပ်သမားအင်အား ၅၀ ဦးမှ ၃၀၀ အထိရှိ အသေးစားနှင့် အလတ်စားစက်ရုံ၊ အလုပ်ရုံနှင့် အလုပ်ဌာနများ၊ လုပ်သားအင်အား ၃၀၀ မှ ၆၀၀ အထိရှိ လုပ်အားအခြေပြုထုတ်လုပ်မှုလုပ်ငန်း သို့မဟုတ် လက်ခစားလုပ်ကိုင်သည့် စက်ရုံ၊ အလုပ်ရုံနှင့် အလုပ်ဌာနများအနေဖြင့် ASEAN–OSHNET Best Practices ဆုကိုလည်းကောင်း ဝင်ရောက်ယှဉ်ပြိုင်နိုင်ပြီး ၂၀၂၅ ခုနှစ် မတ်လ ၃ ရက်တွင် လျှောက်လွှာများ နောက်ဆုံးထားတင်သွင်းရမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပြည်ပဘိလပ်မြေများ တင်သွင်းရောက်ရှိမည်

**နေပြည်တော် ဖေဖော်ဝါရီ ၇**

နိုင်ငံတစ်ဝန်းတွင် ယခုပွင့်လင်းရာသီချိန်၌ ဆောက်လုပ်ရေးလုပ်ငန်းများတိုးမြှင့်ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများအချိန်မီပြီးစီးနိုင်ရေးအတွက်ဘိလပ်မြေလိုအပ်ချက်များအား ပြည်တွင်းဘိလပ်မြေစက်ရုံများ၏ ထုတ်လုပ်မှုများအပြင် ပြည်ပမှဘိလပ်မြေများကို နယ်စပ်ကုန်သွယ်ရေးနှင့် ပင်လယ်ရေကြောင်းတို့မှ အားဖြည့်တင်သွင်းခွင့်ပြုထားကြောင်းနှင့် အဆိုပါပြည်ပဘိလပ်မြေများသည် ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလအတွင်း ရောက်ရှိမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၅၀၀)

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm


၂။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၃။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၄။ Myawady Webportal
https://myawady.net.mm

၅။ Myanmar National Portal
https://myanmar.gov.mm

## မိုးလေဝသ သတင်း



# ပြည်ထောင်စုနယ်မြေနေပြည်တော်အတွင်းရှိ ပြည်ထောင်စုနယ်မြေ၊ ခရိုင်၊ မြို့နယ် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီဝင်များနှင့် ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် တွေ့ဆုံ

နေပြည်တော်  ဖေဖော်ဝါရီ ၇

မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုဗဟိုကော်မတီဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် ပြည်ထောင်စုနယ်မြေ မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးနှင့်အတူ ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ကောင်စီ ဇမ္ဗူသီရိခန်းမ၌ ကျင်းပသည့် နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုနယ်မြေနေပြည်တော်အတွင်းရှိ ပြည်ထောင်စုနယ်မြေ၊ ခရိုင်၊ မြို့နယ် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီဝင်များနှင့် တွေ့ဆုံညှိနှိုင်းအစည်းအဝေးသို့တက်ရောက်သည်။



ဦးစွာ မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း၏ ရှေ့ပြေးလူဦးရေစာရင်းများကို ထုတ်ပြန်ခဲ့ပြီးဖြစ်ရာ ယင်းလူဦးရေစာရင်းနှင့် မြေပြင်ကွင်းဆင်းကောက်ယူခဲ့သည့်လူဦးရေစာရင်း အချက်အလက်များကို နှိုင်းယှဉ်သုံးသပ်ကာ ပြည့်စုံမှန်ကန်သည့်မဲစာရင်းကို ပြုစုဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ယင်းသို့ နှိုင်းယှဉ်သုံးသပ်မှုများအရ ရရှိလာသည့် အတည်ပြုလူဦးရေ စာရင်းများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ပေးပို့ရာတွင် အချက်အလက်ကွဲလွဲမှုနှင့် မပြည့်စုံမှု၊ အချက်အလက်ထပ်နေမှုနှင့် မပါရှိမှုများမဖြစ်စေရေးအတွက် အောက်ခြေမြို့နယ်အဆင့်မှ စနစ်တကျတိုက်ဆိုင်စိစစ်၍ ခရိုင်၊ တိုင်းဒေသကြီး၊ ပြည်နယ်မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီဝင်များက စနစ်တကျပြန်လည်စိစစ်အတည်ပြုကာ သတ်မှတ်ရက်အရောက် ပေးပို့ကြရန်လိုအပ်ကြောင်း။

ယခုအခါ ဒေသအချို့၌ဖြစ်ပွားခဲ့သည့် အကြမ်းဖက်ဖြစ်စဉ်များ၊ သဘာဝဘေးအန္တရာယ်များကြောင့် ယာယီနေရပ်စွန့်ခွာရွှေ့ပြောင်းသွားလာနေထိုင်မှုများရှိနေကြပြီး ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း၌လည်း အခြားဒေသအချို့မှ ယာယီရွှေ့ပြောင်းနေထိုင်မှုများရှိနေသည့်အတွက် ယင်းတို့၏စာရင်းအချက်အလက်များတိကျမှန်ကန်စွာရရှိရေးဆောင်ရွက်ရန် လိုအပ်သကဲ့သို့ ရွှေ့ပြောင်းနေထိုင်သူများနှင့် ပတ်သက်၍ ဥပဒေနှင့်ကိုက်ညီသူများ မဲစာရင်းတွင်ပါဝင်စေရေး၊ မဲစာရင်းတစ်နေရာထက် ပိုမိုပါဝင်မှုမရှိစေရေးတို့အတွက် တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် အပြန်အလှန်ဆက်စပ်ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ သို့မှသာ ပြည့်စုံပြီး တိကျမှန်ကန်သည့် မဲဆန္ဒရှင်စာရင်းရရှိနိုင်မည်ဖြစ်ပြီး မဲပေးပိုင်ခွင့်ရှိသူတိုင်း နိုင်ငံသားကတ်ပြား ကိုင်ဆောင်မဲပေးနိုင်ကြမည်ဖြစ်သည့်အတွက် ကြီးကြပ်မှုကော်မတီအဆင့်ဆင့်က တက်ညီလက်ညီ ဝိုင်းဝန်းပူးပေါင်းကြိုးပမ်းဆောင်ရွက်ပေးကြရန် တိုက်တွန်းကြောင်း ရှင်းလင်းပြောကြားသည်။


ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရရှိသည့် လူဦးရေအချက်အလက်များ ကွဲလွဲမှုမရှိစေရေး၊ ပြည့်စုံမှန်ကန်ရေးအတွက်စိစစ်ပြင်ဆင်ဆောင်ရွက်နေမှု၊ ပန်းခင်းစီမံချက်အဆင့်(၃) လျှာထားသတ်မှတ်ချက်အပေါ် အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ယာယီရွှေ့ပြောင်းနေထိုင်လာသူများကို စာရင်းကောက်ယူပြုစုဆောင်ရွက်နေမှု အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တာဝန်ရှိသူများက လုပ်ငန်းများအောင်မြင်ရေးအတွက်ကဏ္ဍအလိုက် ဆောင်ရွက်နေမှုအခြေအနေများ၊ မဲစာရင်းမှန်ကန်ရေးနှင့်ကိုင်ဆောင်ကတ်ပြားတစ်မျိုးမျိုးကိုင်ဆောင်မဲပေးနိုင်ရေးဆောင်ရွက်နေမှုများနှင့်လုပ်ငန်းဆိုင်ရာလိုအပ်ချက်များကို ရှင်းလင်းဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။

မွန်းလွဲပိုင်းတွင်ပြည်ထောင်စုဝန်ကြီးသည် ဥတ္တရသီရိမြို့နယ် မိုးစွေကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း(မိုးစွေ)သို့ သွားရောက်၍ အဆိုပါကျောင်း ဘုရင့်နောင်ဆောင်၌ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ဥတ္တရသီရိမြို့နယ် ဦးစီးမှူးရုံးမှ ဝန်ထမ်းများက အသက်ပြည့်မီသည့် ကျောင်းသား၊ ကျောင်းသူများ၊ နယ်မြေခံတပ်နယ်မှမိသားစုဝင်များနှင့် မိုးစွေကျေးရွာမှ ဒေသခံပြည်သူများ ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား စိစစ်ဆောင်ရွက်ပေးနေမှုနှင့် နိုင်ငံသားကတ်ပြားရရှိသူများအား e-ID စနစ်ဖြင့် ကိုယ်ရေးအချက်အလက် (Biographic) နှင့် ဇီဝဆိုင်ရာအချက်အလက် (Biometric) ကောက်ယူ၍ ဂဏန်း ၁၀ လုံးပါ Unique ID နံပါတ် ထုတ်ပေးဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မိုးစွေကျေးရွာရှိ ဥတ္တရရာမတပ်ဦးကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝိစိတ္တနန္ဒအား သွားရောက်ဖူးမြော်ကြည်ညို၍ သာသနာရေးဆိုင်ရာများလျှောက်ထားကာ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ (သတင်းစဉ်)

## မြိုင်မြို့နယ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များကြောင့် ယာယီစစ်ဘေးရှောင်ထွက်ပြေးလာသည့် ဒေသခံသက်ကြီးပိုင်းအမျိုးသား ၁ ဦး သေဆုံးခဲ့ပြီး အမျိုးသား ၃ ဦးကိုလည်း လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးသွားကြောင်း သတင်းအမှားများ မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ




နေပြည်တော်  ဖေဖော်ဝါရီ ၇

မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များကြောင့် ယာယီစစ်ဘေးရှောင်ထွက်ပြေးလာသည့် ဒေသခံသက်ကြီးပိုင်း အမျိုးသား ၁ ဦး သေဆုံးခဲ့ပြီး အမျိုးသား ၃ ဦးကိုလည်း လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးသွားကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

အဆိုပါ သတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာတာဝန်ရှိသူတစ်ဦး၏ပြောကြားချက်အရ အဆိုပါကျေးရွာအနီး အကြမ်းဖက်သောင်းကျန်းသူများ ခိုအောင်းနေထိုင်နေကြောင်း အကြမ်းဖက်မှုကိုမလိုလားသည့် ဒေသခံပြည်သူများ၏သတင်းပေးပို့ချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ သွားရောက်လုပ်ကိုင်ရာ အကြမ်းဖက်သမားများသည် ခေတ္တထွက်ပြေးတိမ်းရှောင်သွားကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် လုံခြုံရေးလုပ်ငန်းများလုပ်ဆောင်ပြီး ပြန်လည်ထွက်ခွာလာစဉ် အကြမ်းဖက်သမားများက ၎င်းကျေးရွာအတွင်းသို့ ပြန်လည်ဝင်ရောက်လာကာ ဒေသခံပြည်သူများအား ခေါင်းစဉ်အမျိုးမျိုးတပ်၍ ဖမ်းဆီး၊ နှိပ်စက်၊ သတ်ဖြတ်ခြင်းများလုပ်ဆောင်သွားကြောင်းနှင့် တရားမဝင် ပြည်ဖျက်မီဒီယာများက အကြမ်းဖက်သမားများ၏ လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် နယ်မြေလုံခြုံရေး ဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများအထင်အမြင်လွဲမှားစေရန်၊ ရည်ရွယ်ချက်ရှိရှိ ယခုကဲ့သို့ လုပ်ကြံရေးသားဖြန့်ဝေနေခြင်းဖြစ်ကြောင်း သိရှိရသည်။ (၁၀၀)

## မိုင်းတုံခရိုင်အတွင်း၌ ဘိန်းစိုက်ခင်းများဖျက်ဆီး

နေပြည်တော်  ဖေဖော်ဝါရီ ၇

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းတုံခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီးမင်းသိန်း ဦးစီး၍ ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးမှ Drone ဖြင့် ဘိန်းခင်းရှာဖွေရေးတပ်ဖွဲ့ဝင်များ၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးတပ်ဖွဲ့ဝင်များ၊ နယ်မြေခံတပ်ရင်းနှင့် ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများဖြင့် ရွှေတောင်၊ ဂေါ်တောတောင်ပေါ်ဒေသများရှိ သီးပွင့်ဆဲဘိန်းခင်း ၃ ဧကခန့်အား ယနေ့တွင်ဖျက်ဆီးခဲ့ပြီး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၀)



### အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။


၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

⇨ **ကျောဖုံးမှအဆက်**

ငွေကြေးလိမ်လည်မှု (ကျားဖြန့်)လုပ်ငန်းများအပါအဝင် အခြားဒုစရိုက်လုပ်ငန်းများမရှိစေရေး ဖော်ထုတ်ခြင်း၊ အရေးယူဆောင်ရွက်ခြင်းများကို ပြတ်ပြတ်သားသားကိုင်တွယ်ဆောင်ရွက်ခြင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သည့်ပူးပေါင်းအဖွဲ့များက တင်းတင်းကျပ်ကျပ် စိစစ်ရှာဖွေဖော်ထုတ်ခြင်းများဆောင်ရွက်လျက်ရှိသည်။



မိုင်းရယ်မြို့နယ်၊ မိုင်းဟာဒေသအတွင်း တရားမဝင်အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှု(ကျားဖြန့်)လုပ်ငန်းလုပ်ဆောင်နေသူများအား ဖော်ထုတ်ဖမ်းဆီးရမိခဲ့သည့် နေရာပြပုံ






တရားမဝင်အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှု(ကျားဖြန့်) လုပ်ငန်းမှဖမ်းဆီးရမိသည့် လုံခြုံရေးအဖွဲ့များနှင့် လက်နက်၊ ခဲယမ်းများမှတ်တမ်းဓာတ်ပုံ။

ထိုသို့ ရှာဖွေဖော်ထုတ်ဖမ်းဆီးလျက်ရှိရာ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မိုင်းရယ်မြို့နယ်အတွင်း တရားမဝင်အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှု (ကျားဖြန့်)လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်းသတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝင်ရောက်ရှင်းလင်းခဲ့ရာ ဖေဖော်ဝါရီလ ၅ ရက်နေ့တွင် မိုင်းရယ်မြို့၏ အရှေ့တောင်ဘက်ဝန်းကျင်တွင် ကျားဖြန့်လုံခြုံရေးအဖွဲ့များနှင့်အပြန်အလှန်ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့သည်၊ဖြစ်စဉ်တွင်ကျားဖြန့်လုံခြုံရေးအဖွဲ့မှ အလောင်း ၂ လောင်းနှင့်အတူ ကျားဖြန့်လုံခြုံရေး ၅ ဦး၊ လက်နက်မျိုးစုံ ၆ လက်၊ တရုတ်နိုင်ငံသား အမျိုးသား ၇ ဦး၊ အမျိုးသမီး ၁ ဦး၊ မြန်မာနိုင်ငံသား အမျိုးသား ၃ ဦး၊ အမျိုးသမီး ၄ ဦးတို့အား ဖမ်းဆီးရမိခဲ့သည်။





ထို့ပြင် နောင်ဟန်ကျေးရွာအနီး၌ အဆောက်အဦ ၇ လုံးနှင့် ကျားဖြန့်လုပ်ငန်းများဆောင်ရွက်ရာတွင် အသုံးပြုသည့် ဖုန်းမျိုးစုံ ၁၈၁ လုံး၊ Laptop မျိုးစုံ ၂၅ လုံး၊ Desktop မျိုးစုံ ၂၁ လုံး၊ Keyboard မျိုးစုံ ၂၈ ခု၊ Wifi စက် ၂ လုံး၊ StarLink ၂ စုံ၊ လုပ်ငန်းသုံးလျှပ်စစ်ဆက်စပ်ပစ္စည်းများ၊ သေနတ် ၁ လက်နှင့် ကျည် ၅ တောင့်တို့အား ထပ်မံဖမ်းဆီးရရှိခဲ့သည်။


**စာမျက်နှာ ၂၈ သို့** ⇨



တရားမဝင်အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှု(ကျားဖြန့်) လုပ်ငန်းမှအသုံးပြုသည့် အဆောက်အဦများမှတ်တမ်းဓာတ်ပုံ။



တရားမဝင်အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှု(ကျားဖြန့်) လုပ်ငန်းမှအသုံးပြုသည့် အဆောက်အဦများနှင့် ဖမ်းဆီးရမိသည့် ပစ္စည်းများမှတ်တမ်းဓာတ်ပုံ။







တရားမဝင်အွန်လိုင်းလောင်းကစားနှင့်ငွေကြေးလိမ်လည်မှု(ကျားဖြန့်)လုပ်ငန်းမှအဖွဲ့ဝင်များပုံ။

⇨ စာမျက်နှာ ၂၇ မှအဆက်

ငင်းအပြင် ဖေဖော်ဝါရီလ ၆ ရက်နေ့တွင် အဆိုပါ မိုင်းဟဒေသ၊ နောင်ဟန်ကျေးရွာ တစ်ဝိုက်မှ တရုတ်နိုင်ငံသား အမျိုးသား ၈ ဦး၊ အမျိုးသမီး ၁ ဦး၊ ဗီယက်နမ်နိုင်ငံသား အမျိုးသမီး ၁၈ ဦး၊ မြန်မာနိုင်ငံသား အမျိုးသား ၂ ဦး၊ အမျိုးသမီး ၂၅ ဦးတို့အား တရားမဝင်အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများ လုပ်ကိုင်ရာတွင် အသုံးပြုသည့် ကွန်ပျူတာ ၇၂ လုံး၊ StarLink ၅ စုံ၊ ဖုန်းမျိုးစုံ ၇၉ လုံး၊ ငါးဂိမ်းစက် ၅ လုံး၊ မော်တော်ယာဉ် ၂ စီးတို့အားလည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

စာမျက်နှာ ၂၉ သို့ ⇨

တရားမဝင်အွန်လိုင်းလောင်းကစားနှင့်ငွေကြေးလိမ်လည်မှု(ကျားဖြန့်)လုပ်ငန်းမှအဖွဲ့ဝင်များပုံ။



ဖမ်းဆီးရမိသူများ (ကျား ၂၊ မ ၂၅) (၂၇)ဦး



တရားမဝင်အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှု(ကျားဖြန့်)လုပ်ငန်းမှ ဖမ်းဆီးရမိသည့်အဖွဲ့ဝင်များနှင့် သိမ်းဆည်းရမိသည့်ပစ္စည်းများ။



တရားမဝင် အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှု (ကျားဖြန့်) လုပ်ငန်းမှဖမ်းဆီးရမိသည့် ပစ္စည်းများ။



တရားမဝင် အွန်လိုင်းလောင်းကစားနှင့် ငွေကြေး လိမ်လည်မှု(ကျားဖြန့်) လုပ်ငန်းမှ သိမ်းဆည်းရမိသည့် ငါးဂိမ်းစက်များ။

တရားမဝင်အွန်လိုင်းလောင်းကစားနှင့်ငွေကြေးလိမ်လည်မှု(ကျားဖြန့်)လုပ်ငန်းမှ ဖမ်းဆီးရမိသည့်မော်တော်ယာဉ်များ။




သိမ်းဆည်းရမိ ဒေါင်ဖန်းယာဉ်



သိမ်းဆည်းရမိ ၁၂ ဘီးယာဉ်



တရားမဝင်အွန်လိုင်းလောင်းကစားနှင့်ငွေကြေးလိမ်လည်မှု(ကျားဖြန့်)လုပ်ငန်းမှအဖွဲ့ဝင်များပုံ။

**⇨ စာမျက်နှာ ၂၈ မှအဆက်**

ဖေဖော်ဝါရီလ ၇ ရက်နေ့တွင်လည်း နောင်ဟန်ကျေးရွာအနီးတစ်ဝိုက်တွင် တရုတ်နိုင်ငံသား အမျိုးသား ၁၂ ဦး၊ Alphard မော်တော်ယာဉ် ၁ စီး၊ မီးစက် ၁ လုံး ထပ်မံဖမ်းဆီးရရှိခဲ့သည်။

မိုင်းရယ်မြို့နယ်၊ မိုင်းဟာဒေသအတွင်း ဖေဖော်ဝါရီလ ၅ ရက်နေ့မှ ၇ ရက်နေ့အထိ ဖမ်းဆီးရမိမှုအနေဖြင့် တရုတ်နိုင်ငံသား အမျိုးသား ၂၇ ဦး၊ အမျိုးသမီး ၂ ဦး၊ ပေါင်း ၂၉ ဦး၊ ဗီယက်နမ်နိုင်ငံသား အမျိုးသမီး ၁၈ ဦး၊ မြန်မာနိုင်ငံသား အမျိုးသား ၅ ဦး၊ အမျိုးသမီး ၂၉ ဦး၊ ပေါင်း ၃၄ ဦး၊ စုစုပေါင်း ၈၁ ဦး ဖမ်းဆီးရမိခဲ့သည်။

အထက်ပါဖြစ်စဉ်များတွင် ဖမ်းဆီးရမိသူများအား စနစ်တကျစိစစ်ဆောင်ရွက်လျက်ရှိပြီး ဥပဒေနှင့်အညီ တရားစွဲဆိုအရေးယူဆောင်ရွက်နိုင်ရန်နှင့် ပြည်ပနိုင်ငံသားများအား လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်းချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေးဆောင်ရွက်သွားမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် တရားမဝင်အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများအား စုံစမ်းဖော်ထုတ်စစ်ဆေး၍ ထိရောက်စွာအရေးယူဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံ၏ နယ်စပ်ဒေသများတွင်လည်း တရားမဝင်အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှု(ကျားဖြန့်)လုပ်ငန်းများအား တားဆီးကာကွယ်တိုက်ဖျက်နိုင်ရန်အတွက် အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ စုံစမ်းဖော်ထုတ်အရေးယူမှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)




တရားမဝင်အွန်လိုင်းလောင်းကစားနှင့်ငွေကြေးလိမ်လည်မှု(ကျားဖြန့်)လုပ်ငန်းမှဖမ်းဆီးရမိသည့်မီးစက်မှတ်တမ်းဓာတ်ပုံ။

## ICC အပေါ် ပိတ်ဆို့မှုချမှတ်သည့်အမိန့်ကြေညာချက်အား ဒေါ်နယ်ထရမ့်လက်မှတ်ရေးထိုး

**ဝါရှင်တန်၊ နိုင်ငံရေး**

အမေရိကန်နှင့် မဟာမိတ်နိုင်ငံများအပေါ် တရားမဝင်တိုက်ခိုက်မှုများလုပ်ဆောင်မှုကြောင့် အပြည်ပြည်ဆိုင်ရာရာဇဝတ်တရားရုံး(ICC)အပေါ် ပိတ်ဆို့မှုချမှတ်သည့် အမိန့်ကြေညာချက်တစ်ရပ်ကို အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က လက်မှတ်ရေးထိုးလိုက်ကြောင်းသိရသည်။

ICC ၏လုပ်ဆောင်ချက်များသည်အမေရိကန်နှင့် မဟာမိတ် အစ္စရေးနိုင်ငံအပေါ် အကြောင်းမဲ့ တိုက်ခိုက်နေခြင်းဖြစ်သည်ဟု ယုံကြည်သောကြောင့် ယင်းအဖွဲ့အပေါ် ပိတ်ဆို့မှုများချမှတ်ခြင်းဖြစ်ကြောင်း ထရမ့်က လက်မှတ်ရေးထိုးခဲ့သည့် ကြေညာချက်တွင်ဖော်ပြထားသည်။ အဆိုပါအမိန့်ကြေညာချက်ကို ဖေဖော်ဝါရီလ ၆ ရက်တွင် လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထို့ပြင် ICC ၏ဆောင်ရွက်မှုများသည် အမေရိကန်ပြည်ထောင်စု၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှုအပေါ် တိုက်ခိုက်ခြင်းဖြစ်ပြီး အမေရိကန်အစိုးရ၏အရေးကြီးသော




လုံခြုံရေးနှင့် နိုင်ငံခြားရေးမူဝါဒကိုပါ လျော့ပါးစေကြောင်း ထရမ့်ကဆက်ပြောသည်။

ထရမ့်၏ အမိန့်ကြေညာချက်အရ အမေရိကန်အစိုးရအနေဖြင့် ICC မှ အရာရှိများ၊ ဝန်ထမ်းများ၊ ကိုယ်စားလှယ်များနှင့် ၎င်းတို့၏မိသားစုဝင်များအား အမေရိကန်ပြည်ထောင်စုသို့ဝင်ရောက်ခွင့် ကို ဆိုင်းငံ့ခြင်း၊ အဆောက်အအုံနှင့်ပိုင်ဆိုင်မှုများကို ထိန်းချုပ်ခြင်းတို့ကို လုပ်ဆောင်သွားမည်ဖြစ်သည်။ အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုနှင့် ကာကွယ်ရေးဝန်ကြီးဟောင်း ယိုအက်ဂဲလန့်တို့အား အရပ်သားများအပေါ် ကျူးလွန်သည့်ရာဇဝတ်မှုများဖြင့် ICC က ၂၀၂၄ ခုနှစ်နိုဝင်ဘာလ ၂၁ ရက်တွင် ဖမ်းဆီးမိန့်ထုတ်ပြန်ခဲ့ပြီး ICC ၏အဆိုပါဆုံးဖြတ်ချက်ကို ဗြိတိန်၊ နယ်သာလန်နှင့် အက်စတိုးနီးယားနိုင်ငံတို့က ထောက်ခံခဲ့သော်လည်း အမေရိကန်နှင့် ပြင်သစ်နိုင်ငံတို့ကဆန့်ကျင်ခဲ့ကြကြောင်းသိရသည်။ ICC အပေါ် ပိတ်ဆို့မှုချမှတ်သည့်ထရမ့်၏ ကြေညာချက်ကို ၎င်းအဖွဲ့ကြီးက ဖေဖော်ဝါရီလ ၇ ရက်တွင် ဝေဖန်ထားသည်။

Ref: Izvestia

## ရုရှားအရာရှိကြီးများအား ပစ်မှတ်ထားတိုက်ခိုက်ရန် ကြိုးပမ်းခဲ့သည့် ယူကရိန်းထောက်လှမ်းရေးအမျိုးသမီးများအား ရုရှားလုံခြုံရေးအဖွဲ့ဖမ်းဆီး

**မော်စကို၊ အကြမ်းဖက်မှုတိုက်ဖျက်ရေး**

ရုရှားကာကွယ်ရေးဝန်ကြီးဌာနမှအရာရှိကြီးများနှင့် နိုင်ငံအတွင်းရှိစွမ်းအင်အခြေခံအဆောက်အအုံများကို အဓိကပစ်မှတ်ထား၍ အကြမ်းဖက်တိုက်ခိုက်ရန်ကြိုးပမ်းခဲ့သည့် ယူကရိန်းထောက်လှမ်းရေးအမျိုးသမီးလေးဦးအား ရုရှားပြည်ထောင်စုလုံခြုံရေးအဖွဲ့က ဖမ်းဆီးနိုင်ခဲ့ကြောင်း ယင်းအဖွဲ့က ဖေဖော်ဝါရီလ ၇ ရက်တွင်ထုတ်ပြန်သည်။

အဆိုပါ ထောက်လှမ်းရေးအမျိုးသမီးများအား ရုရှားနိုင်ငံတွင် အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်ရန်အတွက်ယူကရိန်းနိုင်ငံက လေ့ကျင့်ပေးထားခြင်းဖြစ်ပြီး ၎င်းတို့အား ပြည်ထောင်စုလုံခြုံရေးအဖွဲ့က ဆီဗက်စတိုပို၊ ဗိုရိုနက်နှင့် ရိုစတော့အွန်ဒန်မြို့တို့တွင် ဖမ်းဆီးနိုင်ခဲ့ခြင်းဖြစ်သည်။

ဖမ်းဆီးခံခဲ့ရသည့် အမျိုးသမီးများသည် ယူကရိန်းအထူးတပ်ဖွဲ့၏လေ့ကျင့်သင်ကြားပေးခြင်းကိုခံထားသူများဖြစ်ပြီး လက်နက်ငယ်အသုံးပြုခြင်း၊ မိုင်းနှင့်ဖောက်ခွဲရေးပစ္စည်းများကို ကိုင်တွယ်အသုံးပြုခြင်းနှင့် ဒရုန်းများကိုအသုံးပြု၍ ကင်းထောက်ခြင်းတို့ကိုလည်း လုပ်ဆောင်နိုင်ကြောင်း ပြည်ထောင်စုလုံခြုံရေးအဖွဲ့က ထုတ်ပြန်သည့်ကြေညာချက်တွင် ဖော်ပြထားသည်။

ရုရှားလုံခြုံရေးအဖွဲ့ဝင်များသည် ၎င်းအမျိုးသမီးများ၏နေအိမ်များအတွင်း၌ ဖောက်ခွဲရေးပစ္စည်းများ၊ လက်လုပ်ဗုံးပြုလုပ်ရာတွင် အသုံးပြုသည့် ဓာတုပစ္စည်းများ၊ အီလက်ထရွန်နစ် ဒီတိုနေတာနှင့် လက်လုပ်ဗုံးလုပ်နည်း လက်စွဲစာအုပ်တို့ကိုလည်း သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

Ref: RT

# ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းလျှောက်လွှာများ အချိန်မီ ပြန်လည်တင်သွင်းရန် အသိပေးနှိုးဆော်ခြင်း

ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းလျှောက်လွှာများအား ၁၅-၁-၂၀၂၅ ရက်နေ့မှစ၍ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ထုတ်ပေးလျက်ရှိရာ ၁၈-၂-၂၀၂၅ ရက်နေ့တွင် လျှောက်လွှာများ ပိတ်သိမ်းမည်ဖြစ်ပါသဖြင့် လျှောက်လွှာထုတ်ယူလိုသူများ နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် သွားရောက်ထုတ်ယူနိုင်ကြောင်းနှင့် လျှောက်လွှာထုတ်ယူထားသူများအနေဖြင့်လည်း ဗိုလ်လောင်းလျှောက်လွှာများအား မိမိတို့လျှောက်လွှာထုတ်ယူရရှိသည့် တိုင်းစစ်ဌာနချုပ်များသို့ **လျှောက်လွှာပိတ်ရက်မတိုင်မီ အချိန်မီ ပြန်လည်တင်သွင်းကြရန် အသိပေးနှိုးဆော်အပ်ပါသည်။** အသေးစိတ်သိရှိလိုပါက စစ်ရာထူးခန့်ချုပ်ရုံး(ဖုန်း၊ ၀၁၆-၃၀၃၃၁ နှင့် ၀၁၆-၃၀၃၃၈)သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**


**ပျောက်ဆုံးကြောင်း**

သိမ့်သိမ့်သူ(ဘ)ဦးနေမျိုးသူ ၅/ဒပယ(နိုင်)၁၂၁၉၃၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 558733)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၈၆၉၃၉၆၀၆

**ပျောက်ဆုံးကြောင်း**

မင်းအဲမွန်နှင်း(ဘ)ဦးဝင်းဦး ၁၂/သဃက(နိုင်)၁၇၉၆၀၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 484921)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၅၂၇၇၇၁၆၁၈

**ပျောက်ဆုံးကြောင်း**

ဦးနေမျိုး(ဘ)မိုင်သင်(ခ)နေဝင်း ၁၂/မဘန(နိုင်)၁၂၂၀၀၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၀၂၁၅၁၇၆

**ပျောက်ဆုံးကြောင်း**

ချစ်ဖြိုးဦး(ဘ)ဦးအောင်မင်းဦး ၁၀/ကထန(နိုင်)၁၃၃၄၄၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၀၂၁၅၁၇၆

**ပျောက်ဆုံးကြောင်း**

အေးစန္ဒာမြင့်(ဘ)ဦးရွှေညွန့် ၉/မခန(နိုင်)၂၃၆၄၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**

ဒေါ်ဆန်းရင်(ဘ)ဦးခင်မောင် ၉/အမရ(နိုင်)၀၇၄၇၅၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**

လှိုင်ထက်ဖြူ(ဘ)ဦးမောင်ပု ၇/ထတပ(နိုင်)၀၉၉၅၀၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 708278)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**

နော်အေးစတာချို(ဘ)ဦးပူးချို ၇/ကတခ(နိုင်)၁၃၈၉၈၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 848478)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**

ခင်သီတာအေး(ဘ)ဦးသိန်းထွန်း ၁၂/ဒဂမ(နိုင်)၀၀၇၈၇၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၄၄၁၀၃၁၂

**ပျောက်ဆုံးကြောင်း**

ရွှေစင်ထွန်း(ဘ)ဦးထွန်းထွန်းလေး ၁၂/ရပသ(နိုင်)၁၀၅၀၂၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၆၆၁၉၅၂၁၅

**ပျောက်ဆုံးကြောင်း**

ဆုဘွဲ့နဲမ်(ဘ)ဦးလင်းသင်ထန်း ၄/ဖလန(နိုင်)၀၄၈၁၂၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 368141)မှာ ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**ပျောက်ဆုံးကြောင်း**

အောင်သူဖြိုး(ဘ)ဦးကျော်စိုး ၁၂/တတထ(နိုင်)၀၀၅၁၅၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 223545)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၅၉၁၅၂၅၂၀

**ပျောက်ဆုံးကြောင်း**

ဟန်မင်းသူ(ဘ)ကျော်ညီမ်း ၈/မကန(နိုင်)၂၂၃၄၀၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 624597)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၁၈၄၃၂၀၈

**ပျောက်ဆုံးကြောင်း**

ချစ်ချစ်စိုး(ဘ)ဦးကျော်စိုး ၁၂/သကတ(နိုင်)၁၇၅၁၁၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(A 365670)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၄၄၉၆၆၃၈

**ပျောက်ဆုံးကြောင်း**

ထွန်းထွန်းဦး(ဘ)ဦးတင်မောင် ၁၂/သကတ(နိုင်)၁၃၇၃၁၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 335898)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၂၂၈၃၁၈

**ပျောက်ဆုံးကြောင်း**

သူသူဇော်(ဘ)ဦးဇော်လွင် ၇/ထတပ(နိုင်)၁၄၂၁၃၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၅၈၈၈၉၀၈

**ပျောက်ဆုံးကြောင်း**

ကျော်ကျော်မြင့်(ဘ)ဦးနီထွန်း ၁၁/စတန(ပြု)၀၀၁၀၇၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 439497)မှာပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၉၃၁၀၁၇၀၆

**ပျောက်ဆုံးကြောင်း**

စောဟေမာန်ထူး(ဘ)ဦးစောမြလင်း ၁၂/လသယ(နိုင်)၀၅၄၁၃၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (M 171347)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၇၅၆၇၂၄၂၂

**ပျောက်ဆုံးကြောင်း**

ဆွေဆွေလှဲ့(ဘ)ဦးလှမြင့် ၁၄/ပသန(နိုင်)၂၆၅၅၅၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 632558)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၈၁၄၈၈၁၅၈

**ပျောက်ဆုံးကြောင်း**

မောင်နေဝင်းကို(ဘ)ဦးအောင်ကိုမြင့် ၁၂/ကမရ(နိုင်)၀၁၁၃၇၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၄၇၅၂၃၁၉

**ပျောက်ဆုံးကြောင်း**

ဝေဖြိုး(ဘ)ဦးမြင့်သိန်း ၉/ပဘန(နိုင်)၁၂၁၂၇၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**

ချိုချိုထွန်း(ဘ)ဦးရွှေဘ ၁၁/မပန(နိုင်)၁၀၉၀၉၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**

အေးအေးပိုင်(ဘ)ဦးခင်မောင်သန်း ၁၂/ရပသ(နိုင်)၀၈၅၆၈၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 288720)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၄၇၅၂၃၁၉

**ပျောက်ဆုံးကြောင်း**

အောင်နိုင်ဦး(ဘ)ဦးရွှေ ၅/မရန(နိုင်)၀၀၁၅၉၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(369125)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**

လားရှိုးမြို့၊ သံလွင်ရွာလုပ်ပိုင်အုပ်စုနေ မဆုရည်မွန်(ဘ)ဦးလွှေလောက်တား ၁၃/လရန(နိုင်)၂၅၃၁၆၈ ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ်အမှတ်(MF 620006)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၆၆၂၅၆၅၂၀

**ပျောက်ဆုံးကြောင်း**

(၈)ရပ်ကွက်၊ အောင်သုခလမ်း၊ အမှတ်(၅၀၁-ခ)နေ ဒေါ်နီနီမြင့်(ဘ)ဦးသန်းထွန်း ၁၄/ဓနဖ(နိုင်)၁၅၆၃၀၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၀၀၄၀၁၂၀

**ပျောက်ဆုံးကြောင်း**

လှိုင်သာယာ(၁)ရပ်ကွက်၊ ရွှေဥဒေါင်းလမ်းနေ ညီညီကျော်(ဘ)ဦးကျော်မင်း ၁၂/လယရ(နိုင်)၀၀၂၂၄၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 348344)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၅၀၂၃၂၀၉၁

**ပျောက်ဆုံးကြောင်း**

တနင်္သာရီတိုင်းဒေသကြီး၊ သရက်ချောင်းမြို့နယ်၊ရဲရွာနေ ဦးထွန်းဝိုင်(ဘ)ဦးအုန်းညွန့် ၆/သရခ(နိုင်)၀၂၄၈၈၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၆၀၈၆၆၀၆

**ပျောက်ဆုံးကြောင်း**

ပဲခူးမြို့၊ မယင်းရွာဟောင်းကျေးရွာနေ ကောင်းထက်နိုင်(ဘ)ဦးမျိုးအောင် ၇/ပခန(နိုင်)၅၂၁၁၉၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**

ဝေါမြို့၊ ကမ်းကြီးဆိပ်ရွာနေ ထားထားနွယ်(ဘ)ဦးမြင့်လွင် ၇/ဝမန(နိုင်)၁၃၂၅၃၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**

လှိုင်သာယာ(၁)ရပ်ကွက်၊ ရွှေဥဒေါင်းလမ်းနေ ညီညီဇော်(ဘ)ဦးကျော်မင်း ၁၂/လယရ(နိုင်)၀၀၂၂၄၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 019949)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၅၀၂၃၂၀၉၁

**ပျောက်ဆုံးကြောင်း**

သဃ်န်းကျွန်း၊ (ခ)ရပ်ကွက်၊ အဝေယာလမ်း၊ အမှတ်(၁၆၈)နေ ဦးအေးဇေယျာထွန်း(ဘ)ဦးရွှေအေး ၁၂/သဃက(နိုင်)၂၀၅၁၄၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (MF 557021)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၈၁၂၂၁၁၈

**ပျောက်ဆုံးကြောင်း**

တာမွေမြို့နယ်၊ တာမွေကြီး(က+ဂ)၊ ၁၅၄လမ်း၊ မ-၆(၁၀၁)နေ မောင်နေသူရိန်အောင်(ဘ)ဦးအောင်နိုင် ၁၂/တမန(နိုင်)၁၂၇၉၄၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 899747)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**အလိမ္မာစာမှာရှိ**

**ပျောက်ဆုံးကြောင်း**

စွမ်းပြည့်စုံ(ဘ)ဦးကျော်ဇော်လင်း ၁၂/ဒဂမ(နိုင်)၀၄၃၃၉၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

သိပ္ပံနှင့် လူမှုရေး၊ ပညာရေး၊ နိုင်ငံတကာဗဟုသုတ ကဏ္ဍစုံလင်စွာဖြင့် စာဖတ်ပရိသတ်များ၏လိုအင်များကို အမြဲဖြည့်ဆည်းပေးလျက်ရှိသော



**တေဇ** ရုပ်စုံ

- မိမိရင်သွေးငယ်များအတွက် ပုံပြင်ဗဟုသုတကဏ္ဍ၊ ဝတ္ထုတိုကဏ္ဍ၊ နိုင်ငံတကာသိမှတ်ဖွယ်ရာအဖြာဖြာကဏ္ဍ၊ တေဇသုတအဖြာဖြာတို့ကို စုံလင်စွာဖော်ပြထားသည့်စာစောင်
- အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် ဖော်ပြထားသည့် ကာတွန်းကဏ္ဍ၊ ကလေးများ အသိဉာဏ်ပညာမြင့်မားစေရေးအတွက် ဉာဏ်စမ်းကဏ္ဍများပါရှိသည့်စာစောင်
- ရင်သွေးငယ်လေးများ မြန်မာစကားပုံများကို လေ့လာသိရှိစေရန်အတွက် မြန်မာမှုဥပစာစကားများကို ပုံနှင့်တကွ ဖော်ပြထားသည့်စာစောင်
- ရင်သွေးငယ်လေးများ မြန်မာစာအရေးအသား မြင့်မားတိုးတက်လာစေမည့် စာစီစာကုံးပြိုင်ပွဲပါရှိသည့်စာစောင်
- ကာတွန်းသရုပ်ဖော်ပန်းချီနှင့်အတူ တေဇကလေးတို့အတွက် ဖေဖော်ဝါရီလထုတ် တေဇရုပ်စုံစာစောင်ထွက်ရှိလို့လာပါပြီ။

ဆက်သွယ်ရန် - ဖုန်း ၀၉ ၄၀၃၂၅၈၄၅၁ (စာတည်းဌာန)
၀၉ ၃၂၄၉၈၇၂၄ (ဖြန့်ချိရေး)

၃၀၀ ကျပ်

မြဝတီစာပေတိုက်က ထုတ်ဝေသည်။

**မိုးသောက်ပန်း** ဂျာနယ်

ကလေးငယ်များအတွက်
ပညာလဲပေး၊ ဗဟုသုတလဲရ၊
ဟာသလဲပါ၊ ဉာဏ်ရည်လဲတိုးမဲ့



- မျက်နှာဖုံးတွင် ကာတွန်းစိုင်ပြေ၏ လက်ရာကောင်းနှင့်အတူ ကာတွန်းမောင်တင်ယု၊ ကာတွန်းစောဟန်၊ ကာတွန်းသြဇသတို့၏ ကလေးငယ်များ ကြိုက်နှစ်သက်စေမည့် ကာတွန်းလက်ရာကောင်းများ။
- ကဗျာဆရာ မောင်ငြိမ်းရည်(မင်းကင်း)၊ ချစ်စုအောင်၊ မင်းနီနိုင်(မောင်တော)၊ မောင်ထည်ဝါ(ပျော်ဘွယ်)၊ ပုလောစိုးနဲ့သာနှင့် ရေနံ့သာမောင်ကျော်ညွန့်တို့၏ ကဗျာကောင်းများ။
- သားသား၊ မီးမီးတို့ ဉာဏ်ရည်တက်စေမည့် ဉာဏ်စမ်းကဏ္ဍနှင့် ကလေးငယ်များအတွက် သုတ၊ ရသရစေမဲ့ စာကောင်းပေမွန်တို့ကို ကဏ္ဍစုံ၊ ရသစုံ တင်ဆက်ဖော်ပြပေးလိုက်ပါတယ်။

ကဗျာ၊ ကာတွန်း၊ ဉာဏ်စမ်း ဝေဝေဆာဆာဖြင့်
(၂၁-၁-၂၀၂၅)ရက်ထုတ်၊ မိုးသောက်ပန်းဂျာနယ်
အတွဲ(၂၉)၊ အမှတ်(၃)ထွက်ပြီ။

စာတည်းဌာန ဖုန်း - ၀၉၄၅၂၂၆၀၅၃၆
ဖြန့်ချိရေး ဖုန်း - ၀၉၃၂၄၉၈၇၂၄

◆ အပတ်စဉ် အင်္ဂါနေ့တိုင်း ထွက်နေပါပြီ ◆


ကုန်ဆုံးသွားသော စွမ်းအားများ
DAGON Malta Fresh
နဲ့ ဖြည့်စွမ်းထား
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၃၊ ၀၁ ၆၅၁၀၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့ ဖုန်း - ၀၉ ၆၆၀၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၀၉၀၇၇
အရည်အသွေးမြင့် စားသောက်ကုန်များအပါအဝင် ထုတ်ကုန်ပစ္စည်းအမျိုးမျိုးကို ဖိတ်ရက်မရှိ လက်လီလက်ကား ဝယ်ယူရရှိနိုင်ပါသည်။
KHA YAE PIN MART
STARMART nine mile
(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART
မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
RHINO
NAN MYAING
Lemon Tea


Quality For You
VEGA
ဗီဂါ ပလတ်စတစ်လူသုံးကုန်ပစ္စည်းထုတ်လုပ်ရေးစက်ရုံ
VEGA
Quality For You
အရည်အသွေးမှာ အကောင်းဆုံး ဗီဂါ
သစ်ပင်တွေရှင်သန်ဖို့ ရေအစက်ချကိုအသုံးပြုစို့
ရန်ကုန်-မန္တလေးကားလမ်း(လမ်းဟောင်း)၊ မိုင်တိုင်အမှတ် (၃၇၆/၃)၊ ဘယ်လင်းကျေးရွာအနီး၊ စဉ့်ကိုင်မြို့။ ၀၉-၂၀၁၂၀၅၁၊ ၀၉-၄၀၂၆၃၉၆၈၉၊ ၀၉-၆၉၈၃၅၈၅၃၁


AVAILABLE SERVICES
Inland Container Depot
Warehouse Service
Customs Freight Station Service
Trucking Service
Logistic Service
Multi-modal Transportation Services
LPM
LANN PYI MARINE
COMPANY LIMITED
No. 55/61, Strand Road, Botahtaung Township, Yangon, Myanmar.
Tel. 01 8372879, 8373013 Fax. 095 1 8373011
Email. lannpyi.hq@lpm-myanmar.com, lannpyi.icd@lpm-myanmar.com

❖ **ငြိမ်းချမ်းရေးမူဝါဒ(၆)ရပ်ဟာ NCA စာချုပ်ရဲ့ အနှစ်သာရအတိုင်းဖြစ်သလို ခေတ်အဆက်ဆက် ငြိမ်းချမ်းရေးကြိုးပမ်းမှုသမိုင်းတွေကရရှိလာတဲ့ "အသိတရား"ဖြစ်ပြီး လက်ရှိငြိမ်းချမ်းရေး တည်ဆောက်မှုခိုင်မြဲစေဖို့အတွက် လုပ်ဆောင်ရမယ့်"အရှိတရား"လည်းဖြစ်တယ် . . .**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့တွင်ကျင်းပသော (၇၉)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားတွင် ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကိုအကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

# ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မိုင်းရယ်မြို့နယ်၊ မိုင်းဟဒေသအတွင်း တရားမဝင်အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှု(ကျားဖြန့်)ဆောင်ရွက်နေသူများအား ဖော်ထုတ်ဖမ်းဆီးရမိ၊ လိုအပ်သည့်စစ်ဆေးဖော်ထုတ်မှုများဆောင်ရွက်ပြီး သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးအပ်သွားမည်ဖြစ်

တရားမဝင်အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှု(ကျားဖြန့်)လုပ်ငန်းမှအဖွဲ့ဝင်များပုံ



တရုတ်နိုင်ငံသား အမျိုးသား ၇ ဦး၊ အမျိုးသမီး ၁ ဦး

နေပြည်တော် ဖေဖော်ဝါရီ ၇

နိုင်ငံတော်အစိုးရအနေဖြင့် တရားမဝင်အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှု(ကျားဖြန့်)လုပ်ငန်းလုပ်ကိုင်မှုများကို နိုင်ငံတကာနှင့်ပူးပေါင်း၍ ၎င်းဒုစရိုက်မှုနှိမ်နင်းရေးကို တက်ကြွစွာဖော်ထုတ်အရေးယူဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် တာဝန်ရှိသူအဆင့်ဆင့်အနေဖြင့် မိမိတို့ဒေသများအတွင်း တရားမဝင်အွန်လိုင်းလောင်းကစားနှင့်

**စာမျက်နှာ ၂၇ ကော်လံ ၁ ⇨**

## ကျောက်မီးသွေးများအား ပြည်ပမှတင်သွင်းခွင့်ပြုမည်

နေပြည်တော် ဖေဖော်ဝါရီ ၇

ပြည်တွင်းရှိစက်ရုံများ၏ ကုန်ထုတ်လုပ်မှုများတိုးမြှင့်ဆောင်ရွက်နိုင်ရန်နှင့် ဘိလပ်မြေစက်ရုံများ စဉ်ဆက်မပြတ်ကုန်ထုတ်လုပ်နိုင်ရေးအတွက် လိုအပ်သောစက်မှုကုန်ကြမ်းဖြစ်သည့် ကျောက်မီးသွေးများအား ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလမှစတင်၍ ပြည်ပမှတင်သွင်းခွင့်ပြုပေးမည်ဖြစ်ကြောင်းနှင့် လိုအပ်သော ဘိလပ်မြေစက်ရုံများအနေဖြင့် သွင်းကုန်လိုင်စင်များလျှောက်ထားနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားတိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဖေဖော်ဝါရီ ၇

၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို ၂၀၂၅ ခုနှစ်ဖေဖော်ဝါရီလ ၉ ရက်(တနင်္ဂနွေနေ့) ည ၆ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ဗဟိုဌာန(၁) MICC(I) ၌ ခမ်းနားထည်ဝါစွာ စီစဉ်ကျင်းပသွားမည်ဖြစ်သည်။

**စာမျက်နှာ ၁၄ ကော်လံ ၁ ●**

**ခေတ်မီလယ်ယာသုံးစက်ကိရိယာ ခြောက်တန်းသွားလက်ဆွဲကောက်စိုက်စက်နှင့် ရှစ်တန်းသွားလူစီးကောက်စိုက်စက်များကို MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲတွင်ခင်းကျင်းပြသရောင်းချမည်** စာ - ၁၂ သို့

**ဝါသီးနှံစိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းများ(သို့) ဝါသီးနှံစိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးဆီသို့** ဆောင်းပါး စာ - ၁၃ သို့

OKKAN SUGAR MILL

ဥက္ကံ သကြားစက်၊ ရန်ကုန်တိုင်းဒေသကြီး

FDA ထောက်ခံချက်အမှတ်-စ၅/၂၁၃၄၆/ထလ
FDA Approved No. Sa 5/21346/Hta la







Phone; 09973037364(Office), 09971922346(Mill)
မြန်မာပြည်တွင်ထုတ်လုပ်သည်
သကြားဖြူ White Sugar